
www.burmeseclassic.com



www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း


- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း၊ (၀၅၉၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး(၀၄၆၇၆)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၈၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်
- CTP
  ကမ္ဘာဦး
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၄၊ ဒီဇင်ဘာလ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၁၈၀၀ ကျပ်

၈၉၅.၈၃
မင်းတာခေတ်၊ စာရေးဆရာ
Other side
မင်းတာခေတ်။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၁၆၄၊ ၁၂.၅ x ၂၀ စင်တီမီတာ
Other side


www.burmeseclassic.com

www.burmeseclassic.com



လူငယ်စာရေးဆရာ 'မင်းတခေတ်'

## အမှတ်တရ [illegible] အမှာစာ

ပထမဆုံးအနေနဲ့ စာအုပ်ထွက် အနည်းငယ် နောက်ကျနေရတဲ့အတွက် ပရိသတ်များကို တောင်းပန်အပ်ပါတယ် ..။ Online မှာ ထစ်မျိုး၊ ဖုန်းနဲ့တစ်သွယ် စာအုပ်အသစ်မထွက်သေးဘူးလား မေးနေကြသော ကျွန်တော့်စာဖတ်ပရိသတ်လက်ထဲကို 'Other Side' လုံးချင်းဝတ္ထုကို အရောက်ပို့ပေးနိုင်ပြီဖြစ်လို့ ကျွန်တော် ပျော်ပါတယ်။

ဒီရက်ပိုင်းတွေမှာ အခြားလူမှုရေးကိစ္စတွေ၊ မိသားစုကိစ္စတွေနဲ့အတူ စာတည်းနှန်းကိစ္စတွေပါ ရှုပ်ထွေးနေခဲ့တဲ့အတွက် ကျွန်တော် စာအုပ်ဘက်ကို မလှည့်နိုင် ဖြစ်နေခဲ့ပါတယ်။ ကျွန်တော် နည်းနည်းပျင်းနေတာလည်း ပါပါတယ်။



နောက်လတွေမှာ ကျွန်တော် အရမ်းကြီး နောက်မကျအောင် ကြိုးစားရေးသားထုတ်ဝေသွားပါ့မယ်။ ယခုလို နောက်ကျနေတဲ့ အတွက် စာဖတ်ပရိသတ်တွေနဲ့အတူ ကျွန်တော့် Publisher 'မထားထားစိုး' ကိုလည်း အထူး အားနာမိပါတယ်။

ကျွန်တော် ဆက်လက်ပြီး အနုပညာနဲ့ပတ်သက်တဲ့ ဖန်တီးမှုအသစ်အသစ်တွေကို ဆက်လက်ကြိုးစား ရေးသားလုပ်ဆောင်နေပါတယ်။

အားပေးနေကြတဲ့ စာဖတ်ပရိသတ်တွေအားလုံးကိုလည်း အထူး (အထူး) လေးစားကျေးဇူးတင်ရှိနေပါတယ်။

**ပရိသတ်များအားလုံး ...**

**အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ ခင်ဗျား ...**

**လေးစားစွာဖြင့် ...,**

**မင်းတခေတ်**

**(၃၀. ၁၀. ၂၀၁၄)**

www.burmeseclassic.com



ယေဘုယျအားဖြင့်
လူတစ်ယောက်မှာ ပတ်ဝန်းကျင် နှစ်မျိုးရှိတယ် ...

မြင်တွေ့ထိတွေ့ခွင့်ရတဲ့ ပတ်ဝန်းကျင်ရယ် ..
မြင်တွေ့ထိတွေ့ခွင့်မရတဲ့ ပတ်ဝန်းကျင်ရယ်
ဆိုပြီးတော့ပေါ့။

ကျွန်တော့်အနေနဲ့ မြင်တွေ့ထိတွေ့ခွင့်မရတဲ့ ပတ်ဝန်းကျင်ကို
ရိုးရိုးလေးပဲ နာမည်ပေးထားလိုက်တယ် ...

# OTHER SIDE
# အခြားတစ်ဖက်၌





BURMESE CLASSIC

တစ်ခါတုန်းက
ရန်ကုန်မြို့နှင့် မိုင်နှစ်ဆယ်ခန့်သာဝေးကွာသော
မြို့လေးတစ်မြို့တွင်
သာမန်လူတွေ/ အများသူငါတွေ
မြင်တွေ့ထိတွေ့ခွင့်မရသော ပတ်ဝန်းကျင်တစ်ခု (Other Side) နှင့်
လူသားတိုင်း ထိတွေ့ဆက်ဆံခွင့်ရသော ပတ်ဝန်းကျင်တစ်ခုကိုပါ
ထူးခြားစွာ ထိတွေ့ဆက်ဆံခွင့်ရဖူးသော
ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးသည် ..။



www.burmeseclassic.com

www.burmeseclassic.com



(A)

ရုံးခန်းတစ်ခုထဲတွင် ဖြစ်သည်။ ပို၍ တိတိကျကျဆိုရပါသော် ရန်ကုန်မြို့၏ အအောင်မြင်ဆုံး စီးပွားရေးလုပ်ငန်းပိုင်ရှင်တစ်ဦး၏ ကုမ္ပဏီရုံးခန်းထဲတွင် ဖြစ်သည်။

ကုမ္ပဏီဆိုသော်ငြားလည်း အမှန်တော့ ရန်ကုန်မြို့၏ ထိပ်တန်းအဆင့်ရှိသော "The Sun Supermarket" ၏ အပေါ်ဆုံးထပ်တွင် ဖွင့်လှစ်ထားသော အခန်းကျယ်ကြီးတစ်ခုသာ ဖြစ်သည်။

သူသည် အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ခန့်သာရှိသေးသော လူငယ်တစ်ယောက်မျှသာ ဖြစ်သည်။ သို့သော် အတွေ့အကြုံနှင့် အသိအမြင်ပညာက သူ၏ အသက်အရွယ်ကို ဖုံးကွယ်ပေးထား၏။





သူနှင့် ရွယ်တူတန်းတူလူငယ်တွေ ပြင်ပလောကထဲမှာ ပျော်ရွှင်ဖြတ်သန်းနေကြချိန်တွင် သူဟာ Laptop တစ်လုံးနှင့် ကိန်းဂဏန်းအရှုပ်အရှင်းတွေကို တွက်ချက်အဖြေထုတ်နေခဲ့ရသည်။ အများသူငါတွေ အတွဲလေးတွေ ကိုယ်စီဖြင့် ရုပ်ရှင်ရုံ/ပန်းခြံတွေထဲ ကြည်နူးနေချိန်တွေမှာ သူဟာ ဟန်ဆောင်အပြုံးတွေနှင့် လုပ်ငန်းခွင်ထဲမှာ . . .။

ငယ်စဉ်ကတည်းက သားအမိနှစ်ယောက်တည်း ကြိုးစားရုန်းကန်ခဲ့ရသည်။ မေမေ၏ ကြိုးစားပါးနပ်မှုတွေကြောင့် သူ့ကို ပညာတတ်တစ်ယောက်အဖြစ်သို့ မပူမပင် ထားနိုင်ခဲ့သည်။ မေမေတည်ထောင်ဖွင့်လှစ်ခဲ့သော "The Sun Supermarket" ကြီး အောင်မြင်စွာ ရပ်တည်နိုင်ခဲ့၏။

သူလည်း စီးပွားရေးလောကထဲသို့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းစုလေးတစ်ခုအနေဖြင့် စတင်ဝင်ရောက်ခဲ့သည်။ လုပ်ငန်းခွင်မှာ အထိုင်ကျပြီဆိုပါမှ ကံကြမ္မာက နောက်တစ်ကြိမ် ထိုးနှက်ခဲ့ပြန်၏။

သူ့ဘဝရဲ့ ငွေလမင်း (သို့) သူ့ဘဝရဲ့ ကောင်းကင် (သို့) သူ့ဘဝရဲ့ အနှိုင်းမဲ့မေမေ . . .။ Accident တစ်ခုနှင့် သူ့ကို လောကအလယ်မှာ စိတ်ချလက်ချ တစ်ယောက်တည်း ထားသွားခဲ့သည်။

အဆုံးမှာတော့ ကြေကွဲရက်စွဲတွေကို စုတ်ဖြဲပစ်ခဲ့ပြီး ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည်။ မေမေရဲ့ မျှော်လင့်ချက်ထဲက တစ်ခုဖြစ်သည့် "The Sun Supermarket" ကို သူ အကောင်းဆုံးဖြစ်အောင် ဦးဆောင်ခဲ့ပြီး သူလုပ်လက်စ အိမ်ခြံမြေအကျိုးဆောင်ကိုလည်း ရပ်တန့်မပစ်ဘဲ ဆက်လက် လည်ပတ်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလောကထဲမှာတော့ သူဟာ ကျားတစ်ကောင်အဖြစ် နာမည်ကြီးသည့်အပြင် အခြားဂုဏ်ပုဒ်များစွာကိုလည်း ပိုင်ဆိုင်ထားသူ တစ်ယောက်ဖြစ်လေသည်။

(၁) အသက်အငယ်ဆုံးသော စီးပွားရေးလုပ်ငန်းရှင်

(၂) စည်းစနစ်ကြီးမားသော လူငယ်တစ်ယောက်

(၃) အချိန်ထက် ငွေကြေးကို မက်မောသော လုပ်ငန်းရှင်

(၄) အိပ်မက်ထက် လက်တွေ့ကို အာရုံရသူ

(၅) ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ... စသဖြင့် ဂုဏ်ဒြပ်ပေါင်းများစွာ ကိုလည်း သူ လက်မခံပါဘဲ ပိုင်ဆိုင်ထားခဲ့သူတစ်ယောက် ဖြစ်၏။

သူ့နာမည်သည်လည်း ရိုးသားသည်။ ရဲရင့်သည်။

'မင်းနေ' ဟု အမည်တွင်ပါသည်။

မင်းနေသည် အနေတည်သည်။

ငွေကြေးနှင့် အလုပ်ကလွဲ၍ အခြားဘာကိုမှ ရင်ထဲမှာ ကြာကြာမထားတတ်။ ယခုလည်း ရုံးခန်းထဲမှာ လချုပ်စာရင်းဇယား တွေကို သေချာစေ့စေ့စပ်စပ် စစ်ဆေးနေခြင်း ဖြစ်သည်။

ဘေးနားမှာတော့ သူ့မေမေလက်ထက်ကတည်းက ယုံကြည် စိတ်ချခဲ့သော လူယုံကြီး ဦးအေးချမ်းက မတ်တတ်ရပ်နေ၏။ (မင်းနေ ဘာနိုင်းနိုင်း အသင့်ဆိုသည့်အနေအထား)

မင်းနေ စာရင်းတစ်ခုကို ဒုတိယအကြိမ် ပြန်စစ်ပြီး မျက်မှောင် ကုတ်သွားသည်။ နောက် .. အနားမှာ ရှိနေသည့် ဦးအေးချမ်းကို ပြောလိုက်၏။

"ဦးအေးချမ်း"





"အေး သားလေး၊ ဘာလုပ်ပေးရမလဲပြော"

"ကျွန်တော့်ကို အောက်ရုံးထဲက နန္ဒာကို ခေါ်ပေးပါ"

"အေး .. သားလေး"

လူယုံကြီးက ချက်ချင်းဆိုသလို ရုံးခန်းအပြင်ကို ထွက်သွား သည်။ ဦးအေးချမ်းက မိဘတွေလက်ထက်ကတည်းက သူ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရသည့်မင်းနေကို သူ့သားတစ်ယောက်လို ချစ်သည်။ ယခု မိဘတွေ မရှိတော့သည့် မင်းနေကို ပို၍ပင် သံယောဇဉ်ကြီး ဂရုစိုက်နေ မိသည်။

တကယ်တော့ မင်းနေဟာ အောင်မြင်ချမ်းသာနေတဲ့လူငယ် တစ်ယောက်ဆိုသော်ငြားလည်း အခြားကိစ္စတွေမှာ ကံသိပ်ဆိုးခဲ့သူ တစ်ယောက်ဆိုတာ မင်းနေပြီးရင် သိအထားဆုံးလူတစ်ယောက်ဟာ ဦးအေးချမ်းပဲ ဖြစ်သည်။

"သားလေး .. နန္ဒာ ရောက်ပါပြီ"

မင်းနေစားပွဲရှေ့သို့ ဦးအေးချမ်းက နန္ဒာကို ထားခဲ့ပြီး မင်းနေ ဘေးနားမှာ သွားရပ်နေသည်။

မင်းနေက နန္ဒာကို တစ်ချက်မော့ကြည့်လိုက်သည်။

"ဆရာ .. ကျွန်မကို ခေါ်တယ်ဆိုလို့ပါ၊ ကျွန်မကို ဘာနိုင်း စရာရှိလို့လဲဆရာ"

"ရော့ .. ဒါကို ပြန်စစ်ကြည့်"

စားပွဲရှေ့သို့ ထိုးပေးလာသော အနီရောင်ဖိုင်တစ်ခုကို နန္ဒာ ဆိုသူက ကောက်ကြည့်လိုက်ပြီး မျက်နှာတစ်ချက်ပျက်သွား၏။

" တွေ့လား "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ‥ ဟုတ်ကဲ့"

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ငွေတစ်ထောင်တိတိ ကွာနေတယ်"

"ဟို ‥ ဟို ကျွန်မစာရင်း မှားသွားတာပါဆရာ၊ ကျွန်မ တောင်းပန်ပါတယ် ‥"

"နန္ဒာ ‥"

"ရှင် !"

"ဆရာတစ်ခုပြောမယ် ‥ အလုပ်မှာ တောင်းပန်ပါတယ်ဆိုတဲ့ စကား မရှိဘူး၊ အပေးအယူဆိုတဲ့စကားပဲ ရှိတယ်။ အခု ငွေတစ်ထောင် ကွာတယ် ‥ ဆရာ့အတွက် ပြဿနာမရှိဘူး။ အကယ်၍ ဒီနေရာမှာ သိန်းတစ်ထောင်ဆိုရင် မင်း ဘယ်လိုလုပ်မလဲနန္ဒာ ‥"

"နောက် ‥ နောက်တစ်ခါ လုံးဝ မဖြစ်စေရပါဘူးဆရာရယ်၊ ပြီးတော့လည်း ဒီတစ်ထောင်ကို ပြန်ပေးပါ့မယ်ရှင်၊ အခုတော့ မပါခဲ့ ဘူးဆရာ ‥ အောက်ထပ်မှာ ပိုက်ဆံအိတ်က ကျန်ခဲ့တယ် ‥"

"ဒါဆို ခု သွားယူ ‥"

"ဟုတ်"

နန္ဒာ ထွက်သွားတော့မှ လူယုံကြီး ဦးအေးချမ်းက ‥

"သား မင်းနေ ‥"

"ပြောပါ ဦးအေးချမ်း"

"တချို့ မနပြောပလောက်တဲ့ကိစ္စတွေကို လူမှုရေးအရ





မပြောဘဲ ထားလိုက်ပါလား လူလေးရယ်၊ ဒီ ပိုက်ဆံလေး တစ်ထောင်က သားအတွက် ဘာမှ ထိခိုက်မသွားနိုင်သလို နန္ဒာအတွက်လည်း ဘာမှအကျိုးရှိသွားတာ မဟုတ်ဘူးလေ ‥ ပြီးတော့ နန္ဒာဆိုတာက ဒီမှာ အားကိုးရတဲ့ ဝန်ထမ်း တစ်ယောက် ‥ ကွယ်ရာမှာ The Sun Supermarket ပိုင်ရှင် တစ်ယောက်က ငွေတစ်ထောင် ကပ်တယ်ဆိုတာမျိုး ဦး အပြောမခံစေချင်ဘူးကွယ် ‥"

စကားအဆုံးမှာ မင်းနေက နှစ်လိုဖွယ်ပြုံးပြီး ခပ်တိုးတိုး ရယ်လိုက်၏။ နောက် ‥

"ဦးအေးချမ်းပြောတာကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်အပေါ်ထားတဲ့ ဦးစေတနာကိုလည်း သိပါတယ် ‥ ဒါပေမဲ့ ဦးရယ် ‥ ကျွန်တော်က မဟုတ်တာလုပ်ပြီး မဟုတ်တာတွေ ပြောဆိုလုပ်ကိုင်နေတာမှ မဟုတ်တာ၊ ပြီး တော့ နန္ဒာကို ခေါ်ပြောတယ်ဆိုတာလည်း နောက် ‥ အလုပ်ကို အသေးအမွှားကအစ မပေါ့မလျော့အောင် လုပ်တတ်ကိုင်တတ် သတိထားတတ်အောင် သူ့အတွက် တမင်ပြောလိုက်တာပါ ‥"

"ဒါတော့ ဒါပေါ့ လူလေးရယ် ‥ သူက လူလေးကို အကောင်း ဘက်က မြင်ပေးရင် ကိစ္စမရှိဘူးလေ၊ အဆိုးဘက်က တွေးရင် ‥"

"ဦးအေးချမ်းရယ် အဲလောက်ကြီး ခေါင်းထဲမထားပါနဲ့ဗျာ၊ ဒီမှာ လူတွေက ကောင်းတာပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ မရရအောင် ဝေဖန်ပြောဆိုနေကြမှာပဲ။ ဒီတော့ ကျွန်တော်တို့ ယုံကြည်ချက်အတိုင်းပဲ ရှေ့ဆက်တာ ကောင်းပါတယ်ဗျာ ..''

မင်းနေစကားကို လူယုံကြီးဦးအေးချမ်းက မည်သို့မျှ ပြန်မပြောတော့ဘဲ ခေါင်းတညိတ်ညိတ်လုပ်ကာ နေနေ၏။ ပြီးမှ ..

''သြော် .. ဒါနဲ့ လူလေး ဟိုတစ်လောက လူလေးဝယ်မယ်ဆိုတဲ့ မော်ဘီဘက်က အိမ်နဲ့ခြံကို ဦးလေးရောက်ခဲ့ပြီးပြီ၊ ပိုင်ရှင်နဲ့လည်း တွေ့ခဲ့ပါတယ် ..''

''အားလုံး အဆင်ပြေခဲ့လား ဦးအေးချမ်း''

''အင်း .. အဆင်ပြေခဲ့လားဆိုတော့ ဈေးနှုန်းနဲ့ နေရာကတော့ အဆင်ပြေပါတယ် ..''

''ဒါဆို ဘာက အဆင်မပြေတာလဲ ..''

ဦးအေးချမ်းက မင်းနေကို တစ်ချက်ငဲ့ကြည့်လိုက်သေးသည်။ ပြီးမှ အဆင်မပြေခြင်းကိစ္စကို ပြောပြလိုက်၏။

''ဒီလိုကွဲ့ .. အိမ်ပိုင်ရှင်က ငွေလိုတော့ ရောင်းက ရောင်းချင်တယ်၊ ဒါပေမဲ့ သူ့မိန်းမကလည်း ဆုံးသွားတာ တစ်နှစ်လောက်ပဲ ရှိသေးတယ် ..''

''အဲဒီတော့ ..''

''ဒီအိမ်ထဲမှာ သူ့မိန်းမက သူနဲ့အတူ ခုထိ ဝိညာဉ်အဖြစ် ရှိနေတုန်းလို့ သူက ပြောတယ်၊ သူ့မိန်းမက ဒီအိမ်ကို ရောင်းစေချင်မှာမဟုတ်ဘူးဆိုတဲ့ အချက်နဲ့ ပြောရဆိုရ ခက်နေတာ လူလေး''





လူယုံကြီးရဲ့ စကားအဆုံးမှာ မင်းနေတစ်ယောက် မရယ်စရာ အရယ်ထူးပြီး ဟက်ဟက်ပက်ပက်ကြီး ထရယ်လိုက်သည်ကြောင့် ရုတ်တရက်မို့ ဦးအေးချမ်းပင် ကြောင်ငေးသွားမိ၏။ ပြီးမှ မင်းနေက အရယ်ရပ်ပြီး ..

''ဟား .. ဟား .. ဟား ဒီလူက ဒီခေတ်ကြီးထဲမှာ နေနေပြီးတော့များဗျာ၊ ဟား .. ဟား တကယ့်ဟာသပဲ၊ ကဲကဲ ဦးအေးချမ်း ဘာမှ ခေါင်းစားမနေနဲ့တော့၊ ဒီကိစ္စ အောင်မြင်သွားပြီလို့ပဲ မှတ်ထားလိုက်တော့ ..''

''ဟင် .. ဟိုက ..''

''ကဲပါ .. ဟိုကတွေ ဒီကတွေ လုပ်မနေနဲ့တော့၊ ခဏနေ အစည်းအဝေးတစ်ခုသွားဖို့ ပြင်ဆင်ထားလိုက်၊ အဲဒီအိမ် ပိုင်ရှင်ဆီကို မနက်ဖြန် ကျွန်တော်ကိုယ်တိုင်လိုက်တွေ့မယ် ဟုတ်ပြီလား''

''သြော် .. အေး အေး''

မင်းနေက ပြောပြီး သူ့ Laptop ထဲက စာရင်းဇယားအချို့ကို လက်စသတ်လိုက်၏။ ဦးအေးချမ်းလည်း အစည်းအဝေးသွားရန် အတွက် ပြင်ဆင်လုပ်ဆောင်နေလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com





ညနေခင်းတစ်ခုသည် သူ့ကိုယ်ပိုင်သဘာဝတစ်ခုအတိုင်း ပွင့်အာလှပနေလေ၏။ ပျောက်ကွယ်လုနီးနီးဖြစ်နေသော နေလုံးနီနီက တောင်စွယ်တစ်ခုအထက်မှာ မေးတင်ထား၏။ အိပ်တန်းပြန်ငှက်အချို့၏ ပြေးလွှားမှုက ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခုလို ကြည့်လို့ကောင်းနေပြန်၏။

လေပြည်နုနုလေးတွေ၏ ပွတ်တိုက်မှုက သစ်ရွက်အချို့ကို တေးဆိုကခုန်နေစေသည်။ အနုပညာဓာတ်ခံရှိသူတစ်ယောက်သာဆိုပါက ဒီအချိန်ဒီမြင်ကွင်းကို 'မှောင်ရီပျိုးစ ညနေခင်းကဗျာ' ဟု ခေါင်းစဉ်ပေးထားကောင်း ပေးနိုင်ပါသည်။





မှိုးချုပ်စ ညနေခင်းတစ်ခု၏ လမ်းမပေါ်မှာတော့ မိန်းကလေးတစ်ယောက် လမ်းလျှောက်လာနေ၏။ လက်ထဲမှာ ချိုင့်တစ်ခုပါသော ဆွဲခြင်းငယ်လေးတစ်ခုကိုလည်း ဆွဲကိုင်ထားတာ တွေ့ရ၏။ ခြေလှမ်းတို့က ညနေခင်းတစ်ခု၏ အသွေးအရောင်ဖြင့် လိုက်ဖက်လှစွာလေးကန်နေ၏။ အဝတ်အစား ပိုသီဘတ်သီနှင့် မဖြီးမသင်ဘဲထားသည့် ဆံပင်ပွရောင်းရောင်းတို့၏ ရာနှုန်းပြည့်ပယောဂတို့သာ မပါဝင်ပါက ထိုမိန်းကလေးသည် အတော်ချောမောလှပသောစာရင်းတွင် ထိပ်ဆုံးက ရပ်တည်နေမည်မှာ သေချာသလောက်ရှိသည်။

ဒီအသက်အရွယ်မှာ ဒီမိန်းကလေးတစ်ယောက်အနေဖြင့် ဒီပုံစံဖြစ်မနေသင့်ဟု သင်တွေးကောင်းတွေးနေနိုင်သလို၊ လတ်ဆတ်တက်ကြွနေရမည့် မိန်းမပျိုတစ်ယောက်ဖြစ်နေရမည်ဟုလည်း သင်တွေးတောပြီး အားမလိုအားမရ ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

သို့သော် ..သူမ၏ စိတ်ခံစားမှုအခြေအနေကို သူမကိုယ်တိုင်သာ အနီးစပ်ဆုံး နားလည်နိုင်မည်ဖြစ်ပါသည်။

သူမကတော့ ထုံးစံအတိုင်း ပျင်းရိလေးတွဲသော ခြေလှမ်းတို့ဖြင့်သာ သူမ၏ အိမ်ပြန်ခရီးကို ခရီးဆက်နေဆဲပင် ဖြစ်၏။ ထိုစဉ်ရုတ်တရက်ဆိုသလို သူမ ခြေလှမ်းတွေ ရပ်တန့်သွား၏။

ရီဝေမှုန်ဝါးနေသော သူမမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွား၏။ နောက် သူမလက်ထဲက ဆွဲခြင်းငယ်လေးကို တင်းတင်းဆုပ်ပြီး သူမ ခြေလှမ်းတွေကို အရှိန်မြှင့်တင်လိုက်၏။ နောက်ကိုလည်း တစ်ချက်တစ်ချက် လှည့်ကြည့်လိုက်သေးသည်။ ခြေလှမ်းတို့ကတော့ မပြေးရုံတစ်မယ် ...။

www.burmeseclassic.com



သူမပုံစံက နောက်က လူတစ်ယောက်ပြေးလိုက်လာ၍ ထွက်ပြေးနေသည့် အနေအထားမျိုး။ သူမနောက်မှာလည်း မည်သူမျှ လိုက်မလာပါ။ သူမ ဘာဖြစ်သွားပါသနည်း။

နောက်ကို လှည့်ကြည့်လှည့်ကြည့်ပုံစံဖြင့် ခပ်သွက်သွက်သွားနေသော သူမပုံစံကို ဖြတ်သွားဖြတ်လာ လူအချို့က စိတ်မနှံ့သူ (အရူးတစ်ယောက်) လို မှတ်ထင်ထားကြပုံရသည်။

သူမ အလောတကြီးသွားနေရာမှ ရုတ်တရက်ဆိုသလို တုံ့ခနဲ ရပ်တန့်သွားပြန်သည်။ မသိရင် ရှေ့မှ တစ်စုံတစ်ယောက်က ပိတ်ဆို့တားဆီးထားပုံမျိုးပင် ဖြစ်၏။ ထို့ထက် ထူးခြားသောမြင်ကွင်းက ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာပြန်၏။ သူမက ရပ်နေရာမှ တစ်စုံတစ်ယောက်ကို ရှောင်တိမ်းသွားသလို ဟိုဘက်ဒီဘက် ရှောင်တိမ်းယိမ်းနွဲ့ကာ ရှေ့ဆက်ဖို့ ကြိုးစားနေ၏။

အနားမှာ ဖြတ်သွားသည့်လူတစ်ယောက်က လမ်းပေါ်မှာ တစ်ယောက်တည်း ထုပ်ဆီးတိုးတမ်းကစားနေသည့် သူမကို ကြည့်ကာ ပြုံးကာ အဓိပ္ပာယ်တချို့တွေးပြီး ထွက်သွားလေသည်။

သူမ အနေအထားကတော့ ပတ်ဝန်းကျင်က လူတွေကို လုံးဝသတိမမူအား။ ရှေ့ဆက်ဖို့ကိုသာ ကြိုးစားနေ၏။ သူမမျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးမှုတို့က အထင်းသား။

''ဖယ် . . ကျွန်မရှေ့က ဖယ်နော် . . ကျွန်မနောက်ကလည်း ထပ်လိုက်မလာနဲ့တော့ . . အခု ဖယ်ပါ . .''

သူမက ခပ်မာမာ တစ်ယောက်တည်း ပြောပြီး အတင်းတိုးထွက်လာခဲ့၏။ နောက်ကို မကြည့်သလို တစ်ချက်လှည့်ကြည့်ပြီး





ခြေလှမ်းခပ်သုတ်သုတ်ဖြင့် ထွက်သွားလေ၏။

သူမဟာ စိတ်မနှံ့သူ အရူးတစ်ယောက်လား ?

အထက်ပါ မြင်ကွင်းကို မြင်ပြီးသူ ဖြစ်ပါက သင်အပါအဝင်ပင် အဖြေက . .

'ဟုတ်တယ် . . သူက ရူးနေတာဖြစ်မယ်' ဟု မဆိုင်းမတွပင် ဖြေမည် ဖြစ်၏။ သို့သော် . . ထိုအဖြေသည် သူမအတွက် အမှားကြီး မှားပါလိမ့်မည်။

ဟုတ်ကဲ့ . . ၊ သူမ မရူးပါ။ လူကောင်းပကတိတစ်ယောက်သာ ဖြစ်ပါသည်။ ဒါပေမဲ့ သူမဟာ သင်အပါအဝင် သာမန်လူတွေ မမြင်မတွေ့နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကိုပါ မြင်တွေ့ရင်ဆိုင်နေရသူ တစ်ယောက်ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ရှင်းလင်းစွာရေးရပါသော် သူမသည် ပရလောကသားများ ဖြစ်သည့် သေဆုံးပြီးသော လူသားတို့၏ ဝိညာဉ်များကို မြင်တွေ့နိုင်၏။ စကားပြောဆိုနိုင်၏။

ယခုလည်း ဝိညာဉ်အဖွားကြီးတစ်ယောက်က သူမနောက်မှ လိုက်ပြီး တစ်စုံတစ်ခု လိုက်လံပြောကြားနေသောကြောင့် ဖြစ်သည်။

ဒီလို မမြင်သင့် မမြင်အပ်တာတွေကို နေ့နေ့ညည မြင်တွေ့ဆက်ဆံနေသည့်အတွက် သူမကိုယ်တိုင်လည်း စိတ်ညစ်ညူးလှပြီ ဖြစ်သည်။

သို့ပေမဲ့ သူမလည်း မည်သို့မျှ မတတ်နိုင် . . . ။ သူမအဖြစ်ကို မည်သူမျှလည်း ကိုယ်ချင်းစာ နားလည်ပေးနိုင်မည်မဟုတ်။

''အဟွန်း ! ''



www.burmeseclassic.com

www.burmeseclassic.com



သူမ သက်ပြင်းကိုသာ ဖိချနေမိသည်။ အကြောင်းက နောက်မှာ ဝိညာဉ်အဖွားကြီးတစ်ယောက်က မျက်ရည်စက်လက်ဖြင့် သူမ နောက်မှာ ကပ်လိုက်လာသောကြောင့်ပင် ဖြစ်သည်။

ဟုတ်ကဲ့ . . .

ထိုကဲ့သို့ ပတ်ဝန်းကျင်နှစ်ခုကို တစ်ပြိုင်တည်း ထိတွေ့ ဆက်ဆံနေရသော သူမ၏ အမည်မှာ . .

"ကသစ်ဖြူ"

ဟု အမည်တွင်လေ၏။

■





(၄)

အိမ်တစ်လုံး၏ ဧည့်ခန်းတစ်ခန်းထဲတွင် ဖြစ်သည်။ မျက်နှာချင်းဆိုင်အနေအထားဖြင့် လူနှစ်ယောက် ထိုင်နေကြသည်။ ဘေးနားမှာတော့ လူကြီးတစ်ယောက်က မတ်တပ်ရပ်ပြီး လူနှစ်ယောက် အခြေအနေကို အကဲခတ်သလို စောင့်ကြည့်နေ၏။

ထိုင်နေသူနှစ်ယောက်ထဲက တစ်ယောက်ကတော့ တစ်စုံတစ်ခု ဆုံးဖြတ်ချက်အတွက် အပြင်းအထန် တွေးတောနေပုံရ၏။ ကျန်တစ်ယောက်ကတော့ ထိုတစ်ယောက်ကို စေ့စေ့ကြည့်ကာ ထွက်ကျလာမည့် စကားသံအချို့ကို နာရီတကြည့်ကြည့်နှင့် စောင့်စားနေပုံရ၏။

www.burmeseclassic.com



အတော်ကလေးကြာတော့မှ နာရီကြည့်သူဘက်မှ စကားစ၏။

''ကဲ . . ကိုတင်မောင်၊ ကျွန်တော်ပြောတာကို လက်ခံလိုက်ပါ''

''ဒါတော့ ဒါပေါ့ ကိုမင်းနေရယ်၊ ဒါပေမဲ့ သွားလေသူ ကျွန်တော့်ဇနီးကြာဖြူလေးက သူရှိနေတဲ့ ဒီအိမ်နဲ့ ဝိုင်းကို အခုလို ရောင်းလိုက်ရင် . .''

ကိုတင်မောင်ဆိုသူ၏ စကားမဆုံးခင်မှာ မင်းနေက ဖြတ်ပြောလိုက်၏။

''ဒီမယ် ကိုတင်မောင် . . ခင်ဗျား သေသေချာချာ စဉ်းစားပါ။ ဒီခေတ်ဒီအခြေအနမှာ ဒီအိမ်နဲ့ဝိုင်းကို ဒီဈေးမျိုးပေးဝယ်တာ ကျွန်တော်တစ်ယောက်ပဲ ရှိတယ် . . အခွင့်အရေးဆိုတာ တစ်ခါပဲရမယ်၊ သေချာတာကတော့ ကျွန်တော့်ဆီက နောက်တစ်ကြိမ်ဆိုတဲ့ အခွင့်အရေး ဘယ်တော့မှ ရမှာ မဟုတ်ဘူးနော် . .''

''ကျွန်တော် သဘောပေါက်ပါတယ် သူဌေးလေး ကိုမင်းနေရယ်၊ ကျွန်တော် ဆုံးဖြတ်ရခက်နေတာ ငွေကြောင့် မဟုတ်ဘူး။ ဒီအိမ်ကလေးထဲမှာ ရှိနေမယ့် ကြာဖြူလေးရဲ့ . .''

''ကိုတင်မောင် . . ခင်ဗျားမိန်းမရဲ့ ဝိညာဉ် ဒီမှာ ရှိနေတယ်လို့ ခင်ဗျား ယုံကြည်နေသလား၊ IT ခေတ်ကြီးထဲမှာ လက်တွေ့ဆန်ဆန် နေထိုင်ပါဗျာ . . မမြင်ရတဲ့အရာတစ်ခုအတွက် ခင်ဗျားဘဝကို အနစ်မွန်းမခံချင်ပါနဲ့၊ လူဆိုတာ ရှင်သန်နေချိန်မှာပဲ အဓိပ္ပာယ်ရှိတာဗျ . . သေဆုံးပြီးသွားရင် ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိတော့ဘူး''





''ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမဲ့ ဝိညာဉ်တွေရဲ့ ပရလောကကို မရှိဘူးဆိုပြီး ခေတ်အမြင်နဲ့ မယုံကြည်လို့တော့ မရဘူးလေ . .''

''ဟုတ်ပြီ . . ဒီအချိန်မှာ ယုံကြည်မှုတွေအကြောင်းကို ကျွန်တော်မဆွေးနွေးချင်ဘူး။ ခင်ဗျားပြောသလို ဒီအိမ်ထဲမှာ ခင်ဗျား မိန်းမရဲ့ ဝိညာဉ်ရှိနေတယ်ပဲထား၊ ရှိနေတယ်ဆိုရင် ဒီအိမ်နဲ့ ဝိုင်းရောင်းတာကို သူ သိနေမှာပဲလေ . . သူသိတယ်ဆိုတော့ သူက ခင်ဗျားသွားတဲ့ နောက်ကို သူလိုက်လာမှာပဲပေါ့ . . သူ့အတွက် ခင်ဗျား ဘာစိုးရိမ်စရာ ရှိဦးမှာလဲ ကိုတင်မောင်ရယ် . .''

မင်းနေရဲ့စကားက ယုတ္တိတန်သည်မို့ထင် အိမ်ပိုင်ရှင်မျက်နှာ တစ်ချက်အရောင်ပြောင်းသွားပြီး တွေးနေပုံရ၏။

စီးပွားရေးသမားပီပီ အကင်းပါးလှသော မင်းနေက ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ချက်ချင်းဆိုသလို မတ်တပ်ရပ်နေသော လူယုံကြီးကို မျက်နှာရိပ်ပြလိုက်သည်။

တစ်ယောက်အထာကိုတစ်ယောက် ကောင်းကောင်းသဘောပေါက်သည့် လူယုံကြီးကလည်း အသင့်လုပ်ထားပြီးသော အရောင်းအဝယ် စာချုပ်နှစ်စောင်နှင့် ငွေတစ်ထုပ်ကို စားပွဲပေါ်သို့ အသာချပေးလိုက်သည်။

မင်းနေက စာချုပ်နှစ်စောင်လုံးကို ဝယ်ယူမည့်သူနေရာတွင် အမည်နှင့်လက်မှတ် ရေးထိုးပေးလိုက်ပြီး ကိုတင်မောင်ရှေ့သို့ စာချုပ်နှင့်အတူ ငွေထုပ်ကိုပါ မသိမသာ ရွှေ့တိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်က ငွေထုပ်ကို တစ်လှည့် စာချုပ်ကို တစ်လှည့် ငေးကြည့်နေပြီး တွေးရ ရွေးရ ခက်နေ၏။

အဆုံးမှာတော့ ကိုတင်မောင်က လဲလျောင်းနေသော ဘောလ်ပင်တစ်ချောင်းကို ကောက်ကိုင်လိုက်သည်။

မင်းနေမျက်နှာ လက်ခနဲ ပြုံးသွား၏။

''ကွန်ကရက်ကျူလေးရှင်းပါ ကိုတင်မောင်၊ မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခုကို ခင်ဗျား ရဲရဲဝံ့ဝံ့ ချလိုက်နိုင်ပါ ပြီဗျာ ..''

ပြောပြီး မင်းနေက စာချုပ်တစ်စောင်ကို ယူပြီး လူယုံကြီးကို အသိမ်းခိုင်းလိုက်သည်။

''ကြာဖြူရေ .. မောင့်ကို နားလည်ပေးနော်၊ အခြေနေရမို့ ကြာဖြူ့အိမ်လေးကို မောင်ရောင်းလိုက်ပြီကွာ၊ မောင်သွားတဲ့ နေရာကိုသာ လိုက်နေပါကွာနော် ..''

မင်းနေက မတ်တပ်ရပ်ပြီး ထိုစကားသံကြောင့် မဲ့ခနဲ တစ်ချက် ပြုံးသည်။

''ကဲ .. အရောင်းအဝယ်ကလည်း ပြီးပြီဆိုတော့ ကျွန်တော် လည်း ပြန်ဦးမယ်၊ အခု မိုးတောင်အတော် ချုပ်နေပြီ .. ရာသီဥတုကလည်း ခင်ဗျားမြင်တဲ့အတိုင်းပဲ မိုးတောင် လမ်းမှာ မိနိုင်တယ် ..''

''ဟုတ်ကဲ့ပါ ကိုမင်းနေ''

''ဩော် .. ဒီအိမ်ကို နောက်လမှာ ဖျက်ပြီး ကုန်တိုက်လေး တစ်ခု စဖွင့်တော့မှာဆိုတော့ ခင်ဗျား ဒီအိမ်ကနေ တစ်ပတ်





အတွင်း ပြောင်းပေးပါ ..''

''ဩော် .. ဟုတ် .. ဟုတ်ကဲ့ပါဗျာ ..''

မင်းနေက ပြောပြီး အပြင်ထွက်သွားသည်။ လူယုံကြီးသည် ဖိုင်တစ်ခုကို ကိုင်ပြီး နောက်ကနေ လိုက်သွား၏။

အိမ်ကလေးထဲမှာတော့ ကိုတင်မောင်တစ်ယောက် တွေ .. ဝေ .. ငေး .. မော .. စွာ .. ။

ဖိမ်ခံကားအနက်ကြီးတစ်စီးကတော့ ကားလမ်းမထက်မှာ .. ■

■

www.burmeseclassic.com



(D)

ကသစ်ဖြူဟု အမည်ရသော ဆံပင်စုတ်ဖွားနှင့် မိန်းကလေးတစ်ယောက် လမ်းကြားလေးတစ်ခုအတွင်းမှာ ပြဿနာတက်နေ၏။

အချိန်ကလည်း ည (၇) နာရီပတ်ဝန်းကျင်မျှ မည်းမှောင်နေ၏။ မလှမ်းမကမ်းက ယိုင်နဲ့နဲ့မီးတိုင်လေးတစ်ခု၏ ဝါကြန့်ကြန့်မီးလုံးတစ်လုံး၏ အလင်းရောင်လေးရှိနေ၍သာ တော်ရော့သည်။

''ရှင် . . ဖယ်ပေးပါရှင်၊ ကျွန်မလမ်းကို ကျွန်မ သွားပါရစေ . . တောင်းပန်ပါတယ် . .''

'' . . . . . . . . . .''

ပြောပြီး ကသစ်ဖြူက ဆက်သွားသည်။

ကြည့်တော့လည်း သူမအနားမှာ တစ်စုံတစ်ယောက်မှ မရှိ။ သူမ တစ်ယောက်တည်း စကားပြောနေဟန်မျိုး ဖြစ်သည်။





အမှန်တော့ မဟုတ်။ သူမက သာမန်လူတွေ မမြင်ရသော ဝိညာဉ်များကို မြင်တွေ့နေရ၏။ ယခုလည်း သူမ အလုပ်ပြန်ကတည်းက မျက်နှာသွိုးငယ်စွာနှင့် ကပ်လိုက်လာသော ဝိညာဉ်အဖွားကြီးတစ်ယောက်။ ဘယ်လိုပြောပြော မရ။ အနောက်က ကပ်လိုက်လာလိုက် ရှေ့က တားဆီးလိုက်နှင့် ဖြစ်နေတာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သည်။

''ကျွန်မကို ဒုက္ခမပေးပါနဲ့တော့ အမေကြီးရယ် . .''

'' . . . . . .''

''အမေကသာ ဒုက္ခမပေးဘူးပြောနေတာကို . . အခု ဒါ ကျွန်မကို ဒုက္ခလိုက်ပေးနေတာနဲ့ အတူတူပဲလေ . . အမေပဲ စဉ်းစားကြည့်ပါဦး။ ကျွန်မမှာ အမေတို့လို ဝိညာဉ်တွေအတွက်နဲ့ အလုပ်လည်း ကောင်းကောင်းမလုပ်ရ၊ အစားလည်း ကောင်းကောင်းမစားရ၊ အအိပ်လည်း ကောင်းကောင်းမအိပ်ရ . . လူပုံကိုလည်း ကြည့်ပါဦး။ ကျွန်မ လူနဲ့ တူသေးလို့လား . .''

သူမက ဝိညာဉ်အဖွားကြီးကို ပြောပြီး မျက်ရည်များပါ စီးကျလာ၏။

ဟုတ်တော့လည်း ဟုတ်သည်။ မိဘမဲ့လည်းဖြစ်၊ ကိုယ့်ဘဝကိုယ် ကျောင်းပြီး အခန်းကျဉ်းလေးတစ်ခုကို ငှားကာ ထမင်းတစ်လုပ်အတွက် မနည်းရှာစားနေရသည့်ဘဝ။

စိတ်သဘောထားဖြူစင်ပြီး သူတစ်ပါးကို ကူညီတတ်တာမှန်ပေမဲ့ သူမအလုပ်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေပါ တစ်စရှင့် ထိခိုက်နှောင့်ယှက်သလို ဖြစ်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တွေနှင့် စကားပြောသည်ကို လူတွေမြင်၍လည်း သူမ ကို တစ်ယောက်တည်း စကားပြောတတ်သည့် အရူးလိုလို၊ အထင် အမှတ်ခံရတာကလည်း မနည်းတော့။

"ရှင်တို့မှာ ဒုက္ခပေးစရာ . . ဒီလိုအကူအညီတွေ လာတောင်း စရာ ဒီကမ္ဘာမှာ ကျွန်မတစ်ယောက်တည်းပဲ ရှိတာလား ပြောကြပါဦး . . အဟင့် . ."

သူမက အထက်ပါအတိုင်း ဝမ်းနည်းပက်လက်ပြောတော့ ဝိညာဉ်အဖွားကြီးလည်း စိတ်ထိခိုက်သွားပုံရသည်။ မျက်ရည်များ စီးကျ လာပြီး သူမကို လမ်းဖယ်ပေးလိုက်၏။

သည်လိုဆိုပြန်တော့လည်း သူမ စိတ်မကောင်းဖြစ်ရပြန်သည်။ အကူအညီလိုအပ်နေသည့် ဝိညာဉ်အဖွားကြီးကို သည်အတိုင်း ထားပစ် ခဲ့ရမှာ စိတ်က မလုံ။

အဆုံးမှာတော့ သူမ ထုံးစံအတိုင်း . . . ။

■





သူမ ဝိညာဉ်အဖွားကြီး ခေါ်ဆောင်ရာနောက်ကို ထပ်ကြပ် မကွာ လိုက်လာခဲ့သည်။ ဘယ်ရပ်ကွက်တွေ ဘယ်လိုကျော်လာခဲ့သည် လည်း မသိ။ ဘယ်လမ်းကြားကနေ ဘယ်လို လိုက်လာခဲ့သည်လည်း သူမ မမှတ်မိနိုင်တော့။ သေချာတာကတော့ သူမ လမ်းလျှောက် လိုက်လာခဲ့တာ အချိန်တစ်နာရီခန့်တော့ ရှိပြီဖြစ်သည်။

ဟော . . ဟိုးရှေ့နားမှာ ဝိညာဉ်အဖွားကြီး သူမကို ရပ်စောင့် နေပြီ။ အမြန်လာဖို့ လက်ပြတောင် ခေါ်နေသေးသည်။

သူမ အဖွားကြီးနားကိုရောက်တော့ အဖွားကြီးက ပျဉ်ထောင် အိမ်လေးတစ်အိမ်ကို လက်ညှိုးထိုးပြနေ၏။ သူမလည်း သေချာ လိုက်ကြည့်လိုက်၏။

အိမ်တစ်လုံး။ သံဖိနပ်ဆွဲထားသော ခပ်သေးသေး ပျဉ်ထောင် အိမ်လေးတစ်လုံး။ ဆီးကြိုနေသော မြင်ကွင်းကတော့ မလှပ။

အိမ်ရှေ့မှာ နှစ်ပေမီးချောင်းတစ်ခုနှင့် လူတစ်စု ဝိုင်းဖွဲ့နေ သည်။ ဘေးနားမှာတော့ အသုဘတစ်ခု၏ အခမ်းနားအတိုင်း ကနား ဖျင်း ထိုးထားတာကို တွေ့ရသည်။

ဝိညာဉ်အဖွားကြီးက ရှေ့ဆက်လျှောက်ပြီး အိမ်ထဲကို ဝင်သွား သည်ကြောင့် သူမလည်း အမြန်လိုက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုတော့ အိမ်ဦးခန်းထဲတွင် သေချာပြင်ထားသည်ကို တွေ့ရသည်။

ဒေါ်အေးအေး

(၅၂) နှစ်

ဟူသည့် ဆိုင်းဘုတ်ကလေးက ဘေးနားတွင် ယိုင်လဲနေ၏။ အလောင်းဘေးနားတွင် အဖွားကြီး၏ သားဖြစ်ဟန်တူသူက မျက်ရည်ဝိုင်းကာ သွားလေသူကို ငေးကြည့်နေ၏။ ချွေးမဖြစ်ဟန်တူသူကတော့ တရှုံ့ရှုံ့ငိုကျွေးနေတာ တွေ့ရသည်။ ဝိညာဉ်အဖွားကြီး၏ မြေးတွေဖြစ်ဟန်တူသူ ကလေးတစ်ယောက်နှစ်ယောက်ကိုလည်း တွေ့ရသည်။

ကလေးတွေရဲ့ ဘဝပဲ ကောင်းသည်၊ ပူရ ဆွေးရကောင်းမှန်းလည်း မသိ။ လွတ်လပ်ဖြူစင်စွာ ရယ်မောကစားနေကြသည်။

အဖွားကြီးကတော့ သား၊ ချွေးမနှင့် မြေးတွေကို ကြည့်ကာ ခေါင်းတရမ်းရမ်းနှင့် ငိုကြွေးပြီး နောက်ဖေးခန်းထဲသို့ ထွက်သွားလေသည်။

သို့မှ သူမလည်း ပစ္စုပ္ပန်ကို ခဏရပ်ကာ အဖွားကြီးနောက်သို့ အမြန်လိုက်သွားလိုက်သည်။ သူမ ဖြတ်သွားသည်ကို ယခုမှ သတိမမိပုံပေါ်သော အဖွားကြီး၏သားဖြစ်သူက သတိဝင်ကာ သူမနောက်မှ လိုက်လာခဲ့ပြီး ..

"ဟော့ .. မင်းက ဘယ်သူလဲ၊ ငါလည်း မမြင်ဖူးပါလား .. ငါ့အိမ်နောက်ထဲကို ဘာဝင်လုပ်တာလဲ .."

" .......... "

သူမလည်း မည်သို့ ဖြေရမည်မသိဖြစ်ကာ အဖွားကြီးကိုသာ အားကိုးတကြီး ငေးကြည့်လိုက်သည်။ အဖွားကြီးက မီးဖိုချောင်ထဲမှာ ရှိနေသော စဉ့်အိုးကြီးတစ်လုံးကို လက်ညှိုးထိုးပြနေ၏။

"ဟိတ် .. ကလေးမ .. မေးနေတယ်လေ .. ဘယ်ကလဲ .. ဒီကို ဘာလာလုပ်တာလဲ"

"ခဏလေး စောင့်ပါရှင်၊ သေသွားတဲ့ ရှင့်အမေက အကူအညီတောင်းလို့ ကျွန်မလိုက်လာခဲ့တာပါ .."

"ဘာ ! .. ဘယ်လို .."

အဖွားကြီး၏ သားဖြစ်သူလည်း ရုတ်တရက်မို့ သူမစကားကို နားလည်ရခက်ပြီး မည်သို့ ပြန်ပြောရမည်မသိဖြစ်ကာ ကြောင်ငေးသွားသည်။

သူမကတော့ အဖွားကြီးပြောသည့် စဉ့်အိုးကြီးကိုသာ အဖုံးဖွင့်လိုက်၏။

"ဟိတ် ! .. အဲဒါ ဘာလုပ်မလို့လဲ .. ဆန်အိုးကြီးကို .."

သူမ ပြန်ဖြေမနေတော့ဘဲ ဆန်အိုးကိုသာ လက်နှိုက်ပြီး ရှာလိုက်တော့သည်။ အတော်ကလေးရှာတော့မှ တစ်စုံတစ်ခုကို စမ်းမိသွားပြီး ဆွဲယူကြည့်လိုက်သည်။

အထုပ်လေးတစ်ထုပ် ..။

ကတ္တီပါ အိတ်ရှုံ့လေးတစ်ခု ..။

အဖွားကြီးသားလည်း အထူးအဆန်းမို့ အံ့သြသွားပုံရသည်။

www.burmeseclassic.com



သူမ အဖွားကြီးကို အထုပ်ကလေးပြတော့ ခေါင်းညိတ်ပြသည်ကြောင့် အိတ်ကလေးကို ဖွင့်ထုတ်ကြည့်လိုက်သည်။

ရတနာပစ္စည်းအချို့ ထွက်ကျလာသည်ကို တွေ့ရသည်။ ရွှေဆွဲကြိုး ၃ ကုံး၊ လက်စွပ် ၇ ကွင်းနှင့် နားကပ် ၂ ရံ။ ကာလ ပေါက်ဈေး သိန်း ၇၀ ဖိုးခန့် ရှိနိုင်မည်။

အဖွားကြီး၏သားလည်း ရတနာအချို့ကို ကြည့်ပြီး အံ့သြ ဘနန်း ဖြစ်ကာနေ၏။

"ဒါ . . ဒါတွေက . ."

"ဟုတ်တယ် . . ဒါ ရှင့်အမေရဲ့ ပစ္စည်းတွေ၊ ရှင်တို့ကို လာပေးခိုင်းတာ . ."

"ဟာ . ."

သူမက ရွှေထည်တွေကို အဖွားကြီးသားလက်ထဲကို ထည့်ပေးလိုက်သည်အထိ အံ့သြတကြီး ဖြစ်နေပုံရသည်။ မီးဖိုခန်းသေးသေးလေး ထဲကို ဟိုဟိုဒီဒီ ပတ်ကြည့်နေပြီး . .

"အမေ . . အမေ . . သားကို ခွင့်လွှတ်ပါ အမေရယ်၊ သား ဘယ်တော့မှ မဆိုက်တော့ပါဘူးဗျာ . ." ဟု ဆိုကာ ဦးခိုက်ရှိခိုးနေ၏။

အဖွားကြီးကတော့ သားဖြစ်သူကိုသာ ပြုံးကြည့်နေ၏။ ရှိခိုးတာ နေရာလွဲနေသည်ကြောင့် သူမက 'ဒီဘက်မှာ ရှင့်အမေက' ဟု လက်ညှိုးထိုးပြလိုက်သေးသည်။

"ရှင့်အမေက ကတိတည်ပါစေတဲ့ . . လိမ္မာပါတဲ့ . ."

"ဪ . . ဟုတ် . . ဟုတ်ကဲ့ပါ ညီမလေးရယ်၊ အစ်ကို ကတိပေးပါတယ်ကွာ . . ၊ အမေ့အတွက်လည်း ကောင်းမှု





ကုသိုလ်တွေ လုပ်ပေးပါ့မယ် . . ညီမလေးကိုလည်း ကျေးဇူး တင်ပါတယ်ကွယ် . ."

မျက်ရည်တွေ တသွင်သွင်စီးကျနေသော သားအမိနှစ်ယောက် ကို ကြည့်ပြီး သူမလည်း စိတ်မကောင်းဖြစ်နေမိပြီး မည်သို့မျှ ပြန်မပြော တော့ဘဲ လာရာလမ်းလေးအတိုင်းသာ ပြန်ထွက်လာခဲ့လိုက်သည်။

ကနားဖျင်းအောက်က ဖဲဝိုင်းက ပုဂ္ဂိုလ်တွေကတော့ ကုလားမ မျက်နှာကိုသာ မက်မက်စက်စက် အာရုံရောက်နေကြပုံရသည်။ သူမ ဝင်သွားသည်ကိုလည်း မသိ၊ ပြန်ထွက်လာသည်ကိုလည်း မသိ။

"မိန်းမရေ . . မိန်းမ . . ဒီမှာ ကြည့်ပါဦး၊ အမေ . . အမေ လာသွားတယ်။ ငါ့ကို ဒါတွေ ပေးသွားတယ် အမေက . . ."

"ဟင် . . ရွှေတွေ . ."

ထိုအသံသဲ့သဲ့တွေကြားရ၍ ခပ်လှမ်းလှမ်းကို ရောက်နေ သည့်သူမ အိမ်ကလေးကို တစ်ချက် ပြန်ရပ်ကြည့်လိုက်မိသည်။

ဖဲဝိုင်းက လူတွေပါ အံ့ခဲသွားသည်။ မှတ်ချက်ပြုသည့် စကားစ ထောင်ပေါင်းများစွာပါ ဆူညံလာ၏။

လူအုပ်ကြီးရဲ့ ရှေ့နားမှာတော့ သာမန်လူတွေ မမြင်နိုင်သည့် ဝိညာဉ်အဖွားကြီးတစ်ယောက် အငိုမျက်လုံး အပြုံးမျက်နှာလေးဖြင့် သူမကို ရပ်ကြည့်လက်ပြနှုတ်ဆက်နေလေ၏။

သူမဘဝဟာ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းနေခဲ့ပေမဲ့ သူမ စိတ်ခံအတိုင်း သူတစ်ဖက်သားကို ကူညီပေးပြီးတိုင်း ရလာသည့် ခံစားချက် ပီတိအရသာလေးက သူမနှလုံးသားကို အမြဲကြည်နူးမိ စေသည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း ဝိညာဉ်အဖွားကြီးကို ပြုံးပြနှုတ်ဆက်လက်ပြပြီး လှည့်ထွက်လာခဲ့မိတော့သည်။

ကောင်းကင်ရဲ့ တိမ်မည်းတစ်အုပ်ကတော့ ရွာမလိုဟန်ပြင်နေသော မိုးကို မြှောက်ထိုးပင့်ကော် လုပ်နေသယောင် ကြယ်အရောင်တွေကို အမှောင်တိုက်သွင်းထားခဲ့လေတော့၏။

■





(E)

မညီညာသော လမ်းမတစ်ခုမို့ ကားကို လှုပ်ယမ်းကြီးဦးအေးချမ်းတစ်ယောက် ထင်သလောက်မောင်းမရခဲ့။ ဟန်ချက်ညီအောင် မနည်းထိန်းမောင်းလာခဲ့ရသည်။ လမ်းက လူလည်း ပျက်သည်မို့ အထူးလည်း ဂရုစိုက်မောင်းနေရသည်။

ဒီကြားထဲ မိုးချုန်းသံ တအုံးအုံး၊ လျှပ်တဝင်းဝင်းနဲ့အတူ မိုးစက်ပေါက်တွေကပါ ခပ်စိပ်စိပ် ကျဆင်းလာနေပြီဖြစ်သည်။

မင်းနေကတော့ ကားနောက်ခန်းထဲမှာ ဗိုင်တချို့ကို ကြည့်ရှုစစ်ဆေးလိုက်ပါလာ၏။

"ဝေါ ! ..ဗြော .."

မိုးက မလိုသည်မို့ထင်၊ ထင်ထားသည်ထက် ပိုမိုသည်းထန်လာခဲ့သည်။ ဖွင့်ထားသည့် ဝိုက်ပါပင် ချွေးထွက်ကျလုသည်။ မြင်ကွင်းကလည်း ဝေဝါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရင့်ကျက်သူမို့သာ ဦးအေးချမ်းတစ်ယောက် ကားကို ပိုင်နိုင်စွာ မောင်းနေနိုင်ခြင်းဖြစ်သည်။

"မိုးက ကောင်းလှချည်လား . ."

"ဟုတ်တယ် လူလေးရေ . . ဒါတောင် အခု နည်းနည်း စဲသွားတာ၊ သားစာရင်းတွေ ကြည့်နေတုန်းက ပိုသည်းတယ်၊ ရှေ့ကို ဘာမှတောင် မမြင်ရဘူး"

"ဂရုတစိုက်နဲ့ ဖြည်းဖြည်းသာ မောင်းပါ ဦးအေးချမ်းရာ . . အချိန်တန်တော့ အိမ်ရောက်တာပေါ့ . ."

"စိတ်ချပါ လူလေးရာ၊ ဦးအေးချမ်းက ကားကို ဘယ်တော့မှ သတိလက်လွတ် မမောင်းပါဘူး . ."

ထိုစဉ် သစ်ပင်အကွယ်တစ်ခုမှ ရုတ်တရက်ထွက်ပေါ်လာသော အရိပ်တစ်ခုကို မင်းနေ မြင်လိုက်ရ၏။

"ဦးအေးချမ်း ရှေ့မှာ . ."

"ဟာ . ."

"ကျွိ ! "

ဦးအေးချမ်း ရုတ်တရက် ကားကို လမ်းဘေးသို့ ထိုးရပ်ပစ်လိုက်ရသည်။

"လူလေး . . အစောက ဘာကြီးလဲ . ."

"မသိဘူး . . လူရိပ်တစ်ခုတော့ မြင်လိုက်သလိုပဲ"

ထိုစဉ် သူရှိနေရာ ကားနောက်ခန်းထဲသို့ မိုးရေတွေ ရွှဲစိုနေသော မိန်းကလေးတစ်ယောက် ရုတ်တရက် ဝင်ရောက်လာသည်ကြောင့် မင်းနေတစ်ယောက် လန့်အော်မိသွားသည်။





ရုတ်တရက် သူ့အော်သံကြောင့် ကသစ်ဖြူလည်း လန့်ပြီး သံပြိုင်ဆိုသလို အော်ဟစ်မိသွားသည်။

လက်ထဲမှ ဆွဲခြင်းငယ်လေးပင် ပြုတ်ကျသွား၏။

"မင်း . . မင်း ဘယ်သူလဲ . ."

"ရှင် ! "

"ဘာကိစ္စ ငါ့ကားပေါ်ကို တက်လာတာလဲ . ."

"ရှင် ! "

သူမေးသမျှကို တရှင်ရှင်သာ ဖြေနေသော သူမကို သူ စိတ်ပျက်သလို စုတ်တစ်ချက် သပ်ပြီး ယောကျ်ားတန်မဲ့ မျက်စောင်း ထိုးကြည့်ပစ်လိုက်သည်။

"အာရုံပဲကွာ . . မိုးရေတွေလည်း ငါ့ကားပေါ်မှာ ရွှဲကုန်ပါပြီ မင်းက ဘယ်သူလဲ . . ဘာကိစ္စ ငါ့ကားထဲကို ဝင်လာတာလဲလို့ မေးနေ တယ်လေ၊ မင်း မြန်မာစကား နားမလည်ဘူးလား"

"ဟင် ! . . ရှင်တို့ပဲ ကျွန်မ ကားကြုံလိုက်ဖို့ ကားထွက်တား တာကို ကားရပ်ပေးလို့ ကျွန်မ တက်လိုက်လာတာလေ . ."

သူမက အရိုးခံအဝတိုင်း မျက်လုံးအဝိုင်းသားလေးနှင့် ဖြေပေး တာ သူက . .

"ဘာ ! . . မင်းလိုက်ဖို့အတွက် ဘယ်သူက ကားရပ်ပေးလို့လဲ ကွ . ."

"ဟင် . . ခုပဲ ရှင်တို့ ကားရပ်ပေးလို့ ကျွန်မ ပြေးတက်လာ ခဲ့တာလေ"

"ကျွတ် ! . . အာ . . . အရေးထဲကွာ . ."



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ စိတ်ပျက်လက်ပျက်ဖြစ်နေသည့် သူ့ကိုကြည့်ကာ နားမလည်နိုင် ဖြစ်နေမိသည်။ ထိုစဉ် လူယုံကြီးက . . .

"ဒါ . . ဒါဆို . . အစောက သစ်ပင်ရိပ်အောက်က ထွက်လာတာ . . ကလေးမလား"

"ဟုတ်ပါတယ် ဦး . . သမီးက မိုးလည်းခိုရင်း ကားကြုံလိုက်ရအောင် ကားစောင့်နေတာပါ . . ဒီအချိန်ဆို လိုင်းကားတွေကလည်း မရှိတော့လို့ပါ ရှင် . ."

သူမစကားအဆုံးမှာ သူက ဒေါသတကြီးပုံစံနှင့် ဝင်ပြော၏။

"ဩော် . . ဒါဆို စောစောက ထွက်လာတဲ့ လူရိုက မင်းပေါ့"

". . . . . ."

သူမက ခေါင်းညိတ်ပြလိုက်၏။

"အေး . . အခု ကားရပ်လိုက်ရတာလည်း . . အဲဒါကြောင့်ပဲ။ ရုတ်တရက် ထွက်လာတော့ လူလိုလို မကောင်းဆိုးဝါးလိုလိုနဲ့ တိုက်သွားပြီထင်လို့ ကား ထိုးရပ်လိုက်ရတာ . . မင်းကြောင့် ကား တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ . ."

"မသိဘူးလေ . . ကျွန်မက ကားကြုံတစ်စီးလာပြီဆိုပြီး ဝမ်းသာအားရနဲ့ ပြေးထွက်တားမိလိုက်တာပါရှင် . . ပြီးတော့လည်း ကားက ရပ်ပေးတယ်ဆိုတော့လေ . ."

"အေး . . အခု မင်းကားကြုံလိုက်ဖို့အတွက် ရပ်ပေးတာ မဟုတ်ဘူး . . ကိုယ့်အကြောင်းနဲ့ကိုယ် ကားရပ်လိုက်ရတာဆိုတော့ . . မင်း ဆင်းလိုက်တော့"

"ရှင် ! . ."





"ဟာ . . ရှင်မနေနဲ့ . . မင်းကို ငါ့ကားပေါ်က ဆင်းလို့ ပြောနေတာ . . နားမလည်ဘူးလား"

"ဟို . . ကားပေါ်ပဲ ရောက်နေပြီပဲရှင် . . ရွှေလမ်းဆုံလေး အထိတော့ လိုက်ခဲ့ပါရစေ . . ဒီလမ်းက ဒီအချိန် လိုင်းကား မရှိတော့လို့ပါ . ."

"လိုင်းကားမလာရင် Taxi ငှားသွားပေါ့ . ."

"ဒါတော့ ရှင်ပြောမှလား . . ကျွန်မက သူဌေးမဟုတ်ဘူးရှင့် ပြီးတော့ Taxi ဖိုးလည်း ပါတဲ့ပိုက်ဆံက မလောက်ဘူး"

"ကဲပါ . . လူလေးရယ် . . ရွှေလမ်းဆုံထိတင်ပဲဟာ . . ကားကြုံခေါ်ခဲ့လိုက်ပါကွယ် . . ပြီးတော့ မိုးတွေကလည်း ရွာနေတာဆိုတော့ ညဘက်ကြီး မိန်းကလေးတစ်ယောက်တည်း ဖြစ်နေရှာတာ . . ခေါ်ခဲ့လိုက်ပါ . ."

ဦးအေးချမ်းက လူကြီးပီပီဝင်ပြောတော့ မင်းနေ ဘာမှ ဝင်မပြောတော့။ အင်းမလုပ်အဲမလုပ်ပင်။ မျက်နှာကတော့ သိပ် ကြည်လင်ပုံမရ။

"ဟိတ် ! . . ဟိုဘက်နည်းနည်းတိုး . . ဒီဘက်ကို ရေတွေ လာစိုမယ် . ."

မင်းနေက ပြောပြီး တစ်ဖက်ကို တိုးကပ်သွားတော့ သူမက 'ဟွန်း . . အဖြစ်သည်းနေလိုက်တာ' ဟု မကြားတကြားပြော ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

ထိုစဉ် သူမမျက်နှာနားသို့ ကားမှန်တစ်ဖက်မှ ဖြူဆိုးဆိုး ဝိညာဉ်တစ်ကောင် ဘွားခနဲ ပေါ်လာသည်ကြောင့် လန့်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



မင်းနေ ရင်ခွင်ထဲကို တိုးဝင်မိသွား၏။

"အ . . မလေး"

"ဟာ . ."

ရုတ်တရက်ကြောင့် မင်းနေလည်း မတားဆီးနိုင်လိုက်ချေ။ မင်းနေ အင်္ကျီတချို့မှာ ရေစက်တွေ စိမ့်စို၍လည်း သွား၏။

"ဟိတ် ! . . ဖယ်စမ်းကွာ . . ဒီမှာ စိုကုန်ပြီ . . ဒါက ဘာဖြစ်ရပြန်တာလဲ . ."

"ဟို . . ဝိညာဉ် . . ဟင် ! . ."

သူမက ပြောပြီး ကားမှန်ဘက်က ဝိညာဉ်ကို ကြည့်တော့ ဘာကိုမှ မတွေ့ရ၍ အံ့သြသွားမိသည်။ အမှန်ဆိုလျှင် သူ့ရှေ့ရောက်လာသည့် ဝိညာဉ်ကောင်တွေက ယခုလို ရုတ်တရက်ပျောက်ကွယ်သွားရိုး ထုံးစံမရှိ။ ယခု ပျောက်သွားသည့်အတွက် သူမ အတူးအဆန်းဖြစ်နေရ၏။

ဒါ . . ဘာဖြစ်တာလဲ . .။ ဟို ဝိညာဉ် ဘယ်ရောက်သွားတာလဲ။

သူမ အဖြေရှာချိန် မရလိုက်ပါ။ အကြောင်းမှာ . .

"ဒီမယ် . . ကားကြုံလိုက်မယ်ဆိုရင် ငြိမ်ငြိမ်လိုက်ပါ . . ဘာ . . ဝိညာဉ်လဲ . . ငါ့ကားပေါ်တက်ပြီး ကျက်သရေမရှိတဲ့စကားတွေနဲ့ ရှုတ်ရှုတ်ရှုတ်ရှုတ် လုပ်မယ်မကြံနဲ့ . . အခု မောင်းချလိုက်ရမလား . ."

"ဟုတ် . . ဟုတ်ကဲ့ . . ရုတ်တရက် လန့်သွားမိလို့ပါ . . ဦး . . မောင်းပါတော့ရှင်"





သူမက မျက်နှာငယ်လေးဖြင့် ဦးအေးချမ်းကိုပါ ပြောတော့ ဘာမှ မပြောတော့ဘဲ ကားကို ထွက်ခွာလိုက်သည်။

မိုးလည်း တဖြည်းဖြည်းစဲလာပြီ ဖြစ်သည်။ မင်းနေကတော့ ဖုန်းကို ထုတ်ကာ အဝင်အထွက်စာရင်းတွေကို စစ်နေ၏။

သူမက သူ့ကို မသိမသာ ခိုးကြည့်လိုက်၏။ နှာတံဖြောင့်ဖြောင့်၊ မျက်ခုံးထူထူ၊ မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် မေးရိုးကျုံ့ လှပုံတို့ကြောင့် အတော် ယောကျ်ားပီသပြီး ထက်မြက်တည်ကြည် ခန့်ညားတဲ့ လူတစ်ယောက်ဟု မှတ်ချက်ပေးထားလိုက်သည်။

ဝတ်ပုံစားပုံ သပ်ရပ်လိုက်ဖက်မှု၊ စီးနေသည့် ကားတန်ဖိုး၊ ဝတ်ထားသည့် ရှူးဖိနပ်တို့ကို ကြည့်ခြင်းအားဖြင့်ပင် အထက်တန်းလွှာထဲကမှန်း သူမ ရိပ်စားမိပါသည်။

သူ့လက်ချောင်းကလေးတွေကလည်း ယောကျ်ားတန်မဲ့ ဖြူသွယ်လှပနေ၏။ သို့ပေမဲ့ သူ ဘယ်ဘက်လက်ခလယ်မှာ ဝတ်ဆင်ထားသော နဝရတ်ကိုးသွယ် လက်စွပ်ကြီးကို ကြည့်ပြီး သူမ ရယ်ချင်သွားသည်။

ဒီလူ အတော်မိန်းမဆန်မယ့်လူဟုလည်း တွေးလိုက်သေးသည်။

"အင်းပေါ့ . . မိန်းမဆန်လို့ ကားကြုံလေးတင်ရမှာကို ပုပ်တာ နေမှာပေါ့ . . အလကား စိတ်ပုပ်ကြီး . ."

သူမ စိတ်ထဲကနေ ပြောပြီး မလုံမလဲနှင့်လည်း ခိုးကြည့်လိုက်မိသေးသည်။ မင်းနေကတော့ သူ့အထာအတိုင်း တစ်လောကလုံးကို လုပ်ကျွေးနေရသည့် မျက်နှာထားဖြင့် လမ်းဘေးဝဲယာတွေကိုသာ ငေးကြည့်လိုက်ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး . ."

" . . . . . "

သူမ အတွေးလွန်နေသည်ကြောင့် ဦးအေးချမ်းအခေါ်ကို မကြား။ နောက်တစ်ကြိမ်ထပ်ခေါ်မှသာ ကြား၏။

"သမီးလေး . ."

"ရှင် . . ဦး"

"ဩော် . . ရှေ့နားဆို လမ်းဆုံကို ရောက်ပြီကွယ့် . ."

"ဟုတ် . . ဟုတ်ကဲ့ ဦး . . အဲ့ဒီနားဆို လိုင်းကားတွေ ပေါပါပြီရှင့် . . သမီး အဲ့ဒီနားမှာ ဆင်းပါ့မယ် . ."

မင်းနေ . . . ။

သူကတော့ ထုံးစံအတိုင်း တုံ့ဏှိဘာဝေ။ ဘာကိုမှ မမြင်မကြားရသည့် အလား။ နည်းနည်းလေးမှ လှုပ်ကို အဖက်မလုပ်။

ဟွန်း . . အသည်းယားစရာ ကောင်းလိုက်တဲ့ လူကြီး။

လူယုံကြီးက လမ်းဘေးတစ်နေရာမှာ ကားရပ်ပေး၏။ သူမလည်း အလိုက်တသိ ဆင်းကာ လူယုံကြီးကို နှုတ်ဆက်လိုက်၏။ မင်းနေကိုတော့ တမင် ဘာမှမပြောဘဲ ထားခဲ့လိုက်သည်။

"ကျေးဇူးတင်ပါတယ် . . ဦး . . အခု မိုးလည်း တိတ်သွားပြီဆိုတော့ သမီး အဆင်ပြေပါတယ် . ."

"အေးအေး . . သမီးလေး . . ကဲ ဒါဆို ဦးတို့ သွားလိုက်ပါဦးမယ်ကွယ် . ."

"ဟုတ် . ."





သူမက ဘေးလေးကပ်ပြီး လက်ကလေးပြရင်း ကျန်ခဲ့၏။ ကားကြီးကတော့ သူမအနားကနေ 'ဂူး'ခနဲ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

သို့ဖြင့် သူမလည်း ဘတ်စ်ကားမှတ်တိုင်သို့ လမ်းလျှောက်သွားခဲ့လေတော့သည်။

ကောင်းကင်ကြီးကတော့ အစောက ဘာမှမဖြစ်ခဲ့သည့်အတိုင်း ကြည်လင်ဝင်းပ၍သာ နေလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com






ကသစ်ဖြူ သူ့အခန်းထဲကို လေးကန်သောခြေလှမ်းတချို့နှင့် ဝင်လာခဲ့သည်။ နောက် ထမင်းချိုင့်ပါသော ဆွဲခြင်းငယ်လေးကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

ရေစိုနေသော အင်္ကျီတချို့ကို ချွတ်ဟန်ပြင်နေစဉ် သူမအနားကို အမြဲလိုလို လာနေကြ ဝိညာဉ်ကောင်လေးတစ်ကောင် ရောက်လာ၍ သူမ ဒေါသ အတော်ထွက်သွားမိသည်။

"ဟာ ‥ ငါ ခုမှ အလုပ်က ပြန်ရောက်တာ ‥ နင် ရောက်လာပြန်ပြီလား ကော်ဖီကောင် ‥"

" ‥‥"

"နင်တို့ ဝိညာဉ်တွေ ငါ့ကိုပဲ အမျိုးမျိုး လာဒုက္ခပေးနေကြပါလား သွား ‥ ထွက်သွား ‥"



ဝိညာဉ်ကောင်က ထွက်မသွားသည့်အပြင် သူမကို ပြောင်စပ်စပ် မျက်နှာပေးဖြင့် တစ်ခုခုမော့သောက် ပြဟန်ပင် လုပ်နေလိုက်သေးသည်။

"ကော်ဖီကောင် ‥ ငါ့ကို ပြောင်စပ်စပ်လာလုပ်မနေနဲ့ ‥ သွား ‥ ဘာကော်ဖီမှ မတိုက်နိုင်ဘူး ‥ ငါ့မှာတောင် ညဖျော်သောက်ဖို့ တစ်ထုပ်တည်း ကျန်တော့တာ"

ကော်ဖီကောင်ဟု အမည်ရသည့် ဝိညာဉ်ကောင်လေးက တစ်မျိုး။ တခြားဝိညာဉ်တွေလို ဘာညာကိစ္စတွေ အကူအညီမတောင်းတတ်။ သူ့ကို ကော်ဖီတိုက်နိုင်းခြင်းသာ ဖြစ်သည်။ သို့ကြောင့်လည်း သူမက ထိုဝိညာဉ်ကို ကော်ဖီကောင်ဟု အမည်ပေးထားခြင်း ဖြစ်သည်။

ယခုလည်း သူမကို ကော်ဖီတောင်းနေသောကြောင့် သူမနှင့် ပြဿနာတက်နေခြင်း ဖြစ်သည်။

"ဟဲ့ ‥ ကော်ဖီကောင် ‥ နင် ပြောလို့ မရဘူးလား"

"‥‥‥"

"ကျွတ် ! ‥ ဒီဝိညာဉ်တွေကို မြင်နေရတာ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်နော် ‥ ဟုတ်ပြီ ‥ ဒီမှာ ‥ အခု ငါ အဝတ်အစားလဲ ရေမိုးချိုးမလို့ ‥ အဲဒါ ‥ နင် နောက်နာရီဝက်လောက်မှ ပြန်လာခဲ့ ‥ ဟုတ်ပြီလား"

"‥‥‥"

ကော်ဖီကောင်ဝိညာဉ်က သူမကို ဆူပုတ်ပုတ်နှင့် ကြည့်နေသည့်ကြောင့် သူမက ‥

"နင် ‥ ငါ့စကားကို နားထောင်လို့ရှိရင် နင်ပြန်လာရင်

www.burmeseclassic.com



ငါ ကော်ဖီတစ်ဝက် တိုက်မယ် ..''

ကော်ဖီကောင်က သို့မှ ခေါင်းညိတ်ပြီး ထွက်သွားသည်။ သူမလည်း ခုမှ သက်ပြင်းချကာ ရေစိုဝတ်တွေကို လဲရန် ပြင်ရတော့သည်။

ဒါတောင် တခြားဝိညာဉ်တွေများ ရှိနေမလားဆိုသည့် အတွေးနှင့် ကိုယ့်အခန်းထဲကိုယ် မလုံမလဲနှင့် ပတ်ကြည့်ရသေးသည်။

စိတ်ချရမှ အင်္ကျီအဝတ်အစားတွေကို ချွတ်လဲရဲတော့၏။

သူမအတွက် တခြားသူတွေ မမြင်ရသည့် ဝိညာဉ်လောကကို မြင်တွေ့နေရသည်မှာ ဆုလာဘ်တစ်ခုလား၊ ဝဋ်ကြွေးတစ်ခုလေလား မပြောတတ်ပါ။

သူမတို့မိသားစု ကားအက်စီးဒင့်ဖြစ်တော့ မိဘနှစ်ပါးလုံး ဆုံးပါးသွားခဲ့ရသည်။ ကံကောင်းထောက်မ၍ သူမသာ အသက်ရှင်ကျန်နေခဲ့သည်။ သို့သော် တစ်လလုံးလုံး ဆေးရုံမှာ အရေးပေါ်လူနာအဖြစ်နှင့် ကုသခံခဲ့ရသေးသည်။ အဲ့ဒီ ကားအက်စီးဒင့်ဖြစ်ပြီး နောက်ပိုင်း ဒီဝိညာဉ်တွေကို စတင်မြင်ခဲ့ရခြင်း ဖြစ်သည်။

တွေ့စကတော့ ဝိညာဉ်တွေကို သူမ သေမလောက် ထိတ်လန့်ချောက်ချားခဲ့၏၊ နောက်တော့ မတွေ့ချင်မမြင်ချင်မှအဆုံး ဖြစ်လာတော့ သိပ်မကြောက်တတ်တော့၊ သူမ သေချာတွေးကြည့်မိတော့ ဝိညာဉ်တွေက သနားဖို့တောင် ကောင်းနေသေးသည်ဟု ထင်မြင်လာမိသည်။

သို့ကြောင့်လည်း ဝိညာဉ်တွေကို သူမ တတ်နိုင်သလောက် ကူညီပေးနေခြင်း ဖြစ်သည်။





အများကတော့ သူမကို တစ်ယောက်တည်း စကားပြောတတ်သည့် စိတ်မနှံ့သူဟု ထင်မြင်ခံရတာမျိုးလည်း ရှိသည်။ ယခုတော့ ပတ်ဝန်းကျင်သတ်မှတ်ချက်တွေကို သိပ်မခံစားတတ်တာ ကြာပြီဖြစ်သည်။

လူတိုင်းဟာ တကယ်တော့ ကိုယ့်ဘဝနှင့်ကိုယ်ပဲ မဟုတ်ပါလား၊

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

မြန်မာရုပ်ရှင်ကားများတွင် မြင်ဖူးနေကျ အစည်းအဝေး အခင်းအကျင်းပုံစံမျိုးပင် ဖြစ်သည်။

မင်းနေက စားပွဲရှည်ကြီး၏ ထိပ်တွင် သူဌေးပီပီ နေရာယူထားသည်။ သူ့ဘေးနားမှာတော့ ထုံးစံအတိုင်း လူယုံကြီး ဦးအေးချမ်းက မတ်တပ်ရပ်နေ၏။

ကျန်ဝန်ထမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များကတော့ သူ့နေရာနှင့်သူ အသီးသီးနေရာယူထားကြသည်။

ထုံးစံအတိုင်း မင်းနေက တခြားကုန်တိုက်တွေရဲ့ ဝန်ဆောင်မှုတွေအကြောင်းကို ရှင်းပြပြီး မိမိတို့ ကုန်တိုက်က တခြားကုန်တိုက်တွေထက် အမြဲသာအောင် ကြိုးစားလုပ်ဆောင်ရမယ့် အစီအစဉ်အသစ်တွေကို သေချာရှင်းပြပြီး လက်ခံသဘောတူညီမှုတွေယူကာ ဆွေးနွေးတိုင်ပင်နေ၏။





ဝန်ထမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များဘက်မှ တင်ပြလာသည့် အစီအစဉ်များ၊ လိုအပ်ချက်များကိုလည်း နားထောင်ပြီး ပြင်သင့်၊ မပြင်သင့်၊ လုပ်သင့်၊ မလုပ်သင့်များကိုပါ တစ်ပါတည်း နှီးနှောဆွေးနွေးကြ၏။

အချိန်တစ်နာရီခန့် ကုန်ဆုံးချိန်မှာတော့ အစည်းအဝေးလည်း ပြီးဆုံးစပြုနေပြီ ဖြစ်သည်။

"ကဲ .. ကျွန်တော့်ကို ဘာများ တင်ပြဆွေးနွေးစရာတွေ ကျန်ပါသေးလဲ"

"မရှိတော့ပါဘူး သူဌေး"

"ဟုတ်ပြီ .. ဒါဆိုရင် ကျွန်တော်တို့ ဒီကနေ့ ဆွေးနွေးခဲ့တဲ့ Plan တွေအတိုင်း တက်ညီလက်ညီ ကြိုးစားလုပ်ကိုင်ကြတာပေါ့ဗျာ .. အားလုံးကိုလည်း ကျေးဇူးတင်ပါတယ် .. ကဲ ဒီမှာပဲ အစည်းအဝေးကို ရုပ်သိမ်းကြတာပေါ့ဗျာ"

မင်းနေ စကားအဆုံးမှာ အားလုံး ဖိုင်တချို့ကို သိမ်းပြီး ပြန်ဟန်ပြင်ကုန်ကြသည်။ လူယုံကြီးက ..

"လူလေး .. ဝန်ထမ်းအသစ်တွေ ကြော်ငြာခေါ်ထားတဲ့ကိစ္စလေး .."

"အင်း သိတယ်လေ .. သန်ဘက်ခါ (၁၅) ရက်နေ့ လူတွေ အင်တာဗျူးခေါ်ထားတာမို့လား"

"ဟုတ်တယ် .. အခု ဆွေးနွေးတဲ့အထဲမှာ ဒီအကြောင်းမပါလို့ လူလေး မေ့နေသလားလို့ သတိပေးတာ"

"သြော် .. မမေ့ပါဘူး ဦးအေးချမ်းရယ် .. ဒီကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာမလိုလို့ တမင်မပြောတာ ‥ နေပါဦး လူသစ်ခန့်ဖို့ အင်တာဗျူးကိစ္စက ဦးအေးချမ်းကို ကျွန်တော် တာဝန်ပေးထားတာမို့လား''

''ဟုတ်တယ်လေ ‥ ဘာဖြစ်လို့လဲကွဲ့''

''ဘာမှ မဖြစ်ပါဘူး ‥ ဝန်ထမ်းတွေရွေးရင် သေချာလေး ဂရုစိုက်ပြီး ရွေးပေးပါ ‥ ဒီခေတ်က အရောင်းဝန်ထမ်းကအစ တွေ့ကရ ကောက်ခန့်လိုက်လို့ မရဘူးလေ ‥ တကယ်အရည်အချင်းရှိတဲ့သူတွေကို ရွေးပါ ‥ ဝန်ထမ်းညံ့ရင် ကုန်တိုက်နာမည်ကိုပါ ထိခိုက်လာမယ်လေ ‥''

''လူလေး စိတ်ချစမ်းပါ ‥ ဦးအေးချမ်း ဘယ်တုန်းကများ လူရွေးမှားခဲ့ဖူးလို့လဲ''

''ဟုတ်ပါတယ်ဗျာ ‥ ကျွန်တော်ကလည်း လုပ်ငန်းသဘောအရသာ ပြောရတာပါ ‥ ဦးအေးချမ်းကို ယုံပြီးသားပါ ‥ မေမေ့လက်ထက်ကနေ အခုချိန်ထိ ကျွန်တော့်အနားမှာ သစ္စာရှိရှိ နေပေးတဲ့အတွက်လည်း တကယ် ကျေးဇူးတင်မိပါတယ် ‥''

မင်းနေက ဦးအေးချမ်းလက်ကလေးကို ကိုင်ပြီး ပြောတော့ ဦးအေးချမ်းမှ ‥

''မလိုပါဘူး လူလေးရယ် ‥ သားမိဘတွေရဲ့ ကျေးဇူးကလည်း ဦးလေးတို့မိသားစုအပေါ်မှာ ဆပ်မကုန်နိုင်အောင် ရှိခဲ့တာပဲ ‥ ကျွန်းကိုင်းမှီ ‥ ကိုင်းကျွန်းမှီပါကွယ် ‥''

''ဟုတ်ကဲ့ပါ ‥''





''ဘာမှ ဦးအေးချမ်းကို ထူးတွေ ကျေးဇူးတင်မနေနဲ့ ‥ ကိုယ့်အလုပ်ကိုသာ ထိပ်ဆုံးရောက်အောင် ကြိုးစားလုပ် ‥ လူလေးဘေးမှာ ဦးလေး အမြဲတမ်း ရှိနေမယ် ‥''

မင်းနေက ဘာမှမပြောတော့ဘဲ လူယုံကြီးကိုသာ ပြုံးကြည့်နေလေတော့သည်။ ဒါပါပဲ ‥ မေတ္တာတရားဆိုတာ။ တစ်ဦးမေတ္တာက တစ်ဦးမှာ ‥။ မေတ္တာစစ်ရင် နှလုံးသားတွေကို နွေးထွေးသွားစေတယ် ဆိုသလိုမျိုးပေါ့လေ။

■



www.burmeseclassic.com

www.burmeseclassic.com



(H)

"Coffee King" အမည်ရှိ ကော်ဖီဘားလေးအတွင်းသို့ ကာသစ်ဖြူတစ်ယောက် စိတ်ပျက်လက်ပျက်ပုံစံဖြင့် ဝင်ထိုင်လိုက်သည် ဆိုလျှင်ပဲ counter မှာ ထိုင်နေသော သူငယ်ချင်းဖြစ်သူ အေးမွန်က အသင့်ဖျော်ပြီးသား ကော်ဖီအေးနှစ်ခွက်ကို ယူလာပြီး ကာသစ်နှင့် မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်လိုက်သည်။

''ဟဲ့ ‥ ကာသစ် ‥ ဒီအချိန်ကြီး ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ ‥ နင် အလုပ်မသွားဘူးလား ‥''

သူမက စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါရမ်းပြသည်။

သူငယ်ချင်းဖြစ်သူ အေးမွန်က ကော်ဖီအေးတစ်ခွက်ကို ရှေ့သို့ တိုးပေးပြီး ဆက်မေး၏။

''ရော ‥ သောက်လိုက်ဦး သူငယ်ချင်း ‥ ဘာလဲ ‥ နင် နေမကောင်းလို့လား''





သူမက အေးမွန်ပေးသော ကော်ဖီခွက်ကို သူမဘေးက ထိုင်ခုံလွတ်ဘက်ကို တိုးပေးလိုက်ပြီး ‥

''ရော့ ‥ သောက် ‥ ကော်ဖီကောင် ‥ မြို့ဆို့''

''ဟင် ! ‥ ကာသစ် ဘေးမှာ တစ်ယောက်ယောက်ပါလာပြန်ပြီလား''

အကြောင်းသိ အေးမွန်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မေးတော့ သူမက ခုံအလွတ်ဘက်ကို မျက်လုံးကြီးပြူးကြည့်ပြီး ‥

''ပါတယ် ‥ အခု နင့်ဆီကို ရောက်လာခဲ့ရတာလဲ ဒင်းကြောင့်ပဲ ‥ အခု ငါအလုပ်ကို မသွားတာ နေမကောင်းလို့ မဟုတ်ဘူးဟ ‥ ဒင်းကြောင့် ‥ ဒင်းကြောင့် ‥ ငါ အလုပ်ပြုတ်လာခဲ့တာ''

''ဟင် ‥ ကာသစ် နင် အလုပ်ထပ်ပြုတ်လာပြန်ပြီ ‥''

''ဟုတ်တယ် ‥''

''ငါ့ခေါင်းကို ဆင်နှင်းတယ်လို့ အိပ်မက် ဒါကြောင့် မက်တာကိုး ‥ ပြောစမ်းပါဦး ကာသစ်ရယ် ‥ ဘယ်လိုဖြစ်ရပြန်တာလဲ ‥''

''ဘယ်လိုဖြစ်ရမှာလဲ သူ့ပေ့''

သူမက ပြောရင်း ဘေးကဝိညာဉ်ကို လက်ညှိုးထိုးပြ အေးမွန်က မမြင်ရသော်လည်း လိုက်ကြည့်နေ၏။ ကော်ဖီကောင်ဝိညာဉ်ကတော့ မျက်နှာငယ်လေးဖြင့် သူမကို တစ်လှည့် အေးမွန်ကို တစ်လှည့် ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကာစတန်မာကို အအေးခွက်ချပေးမယ့်ဆဲဆဲမှာ ဒင်းက ဝုန်းခနဲ ငါ့ရှေ့မှာ ပေါ်လာတော့ ငါလည်း လန့်ပြီး အအေးဗန်းကို လွှတ်ချလိုက်တာလေ ‥ ဖြစ်ချင်တော့ ဗန်းက ကာစတန်မာခေါင်းပေါ် တည့်တည့်ပဲ ‥ အဲဒီမှာ ကာစတန်မာနဲ့ရော၊ မန်နေဂျာနဲ့ရော ငါနဲ့ ပြဿနာတက် ‥ ငါလည်း အလုပ်ပြုတ်ရော ‥"

"အင်း ဖြစ်ရမယ် ကသစ်ရေ ‥ ဖြစ်ရမယ် ‥"

"အဲဒါ ဒီကောင်ကြောင့်လေ ‥ ဒီကောင် ‥"

"‥‥‥"

သူမက ကော်ဖီကောင်ဝိညာဉ်ကို ထုပ်ရန်လုပ်တော့ တခြားဝိုင်းက လူတချို့က သူမကို အထူးအဆန်းလို ငေးကြည့်နေ၏။

ဝိညာဉ်ကောင်ကတော့ မျက်နှာငယ်လေးဖြင့်သာ ‥။

"ဟဲ့ ကသစ် ‥ စိတ်ထိန်း ‥ လူတွေ ရှိနေတယ် ‥"

အေးမွန်က သတိပေးတော့ သူမက ဝိညာဉ်ကောင်ကို ထပ်မဲလိုက်သေးသည်။

"တွေ့လား နင့်ကြောင့် ‥ အလုပ်ပြုတ်ရုံတင် မကဘူး ‥ လူတွေပါ အရူးလို့ကြည့်တာ ခံနေရပြန်ပြီ ‥"

"‥‥‥"

"ဘာ ‥ အခုမှ မျက်နှာငယ်လေးနဲ့ တောင်းပန်နေတာလဲ ‥"

"ကဲကဲ ‥ တော်ပါတော့ ကသစ်ရယ် ‥ ပြောမနေပါနဲ့တော့ ‥ နင်အခု ဘာလုပ်မယ် စိတ်ကူးထားလဲ ‥"





သူမက သက်ပြင်းတစ်ချက်ကို စိတ်ပါလက်ပါကြီး အရှည်ချလိုက်သည်။ ပြီးမှ ‥

"ဟူး ‥ ငါလည်း ဘာလုပ်ရမှန်း မသိတော့လို့ နင့်ဆီကို ရောက်လာတာပဲလေ ‥ လုပ်ပါ သူငယ်ချင်းရာ ‥ ငါ့ကို အလုပ်တစ်ခုလောက် အမြန်ရှာပေးပါဟာ ‥"

"ငါ ‥ ငါ့ ဆိုင်မှာတော့ မဖြစ်ဘူးနော် ‥ နင့်ကို ဒီဆိုင်မှာ ခန့်လိုက်ရင် ငါပါ အလုပ်ပြုတ်လိမ့်မယ် ‥ အဲ နေဦး ‥ ငါမနက်က ဂျာနယ်တစ်ခုမှာ အလုပ်ခေါ်ထားတာ တွေ့တယ် ‥"

အေးမွန်က ပြောပြောဆိုဆို ကောင်တာနောက်က ဂျာနယ်တစ်စောင်ကို သွားယူပြီး သူမကို ပြလိုက်သည်။

"ဒီမှာ ‥ ဆယ့်လေးရက်နေ့ နောက်ဆုံးဆိုတော့ မီသေးတယ် ‥ နင် စိတ်ဝင်စားရင် သွားလျှောက်ကြည့်ပါလား"

သူမက ဂျယ်နယ်ထဲက ကြော်ငြာကို သေချာဖတ်ပြီး ‥

"အေး မဆိုးဘူး ‥ ငါ စိတ်ဝင်စားတယ် ‥ အလုပ်က မြို့ထဲမှာ သွားရမှာ နည်းနည်းဝေးတယ်ဆိုပေမဲ့ ‥ ငါ လုပ်ချင်တယ် ‥ လစာလည်း မဆိုးဘူး ‥ ငါ သွားလျှောက်မယ်"

"ဟဲ့ ‥ ကသစ် ‥ နင် အလုပ်သွားလျှောက်ရင် သပ်သပ်ရပ်ရပ်လည်း သွားဦး ‥ ဆံပင်တွေ၊ ဘာတွေလည်း သေချာဖြီးသွားဦး ‥ မသိရင် ကလေးနှစ်ယောက်အမေလားကျလို့"

"အေးပါဟာ ‥ ငါသိပါတယ်"

သူမက ဂျာနယ်ကို နောက်တစ်ခေါက် ထပ်ဖတ်ပြီး ‥



www.burmeseclassic.com

www.burmeseclassic.com



"ငါ ‥ အလုပ်ရလောက်ပါတယ်နော် ‥"

"ရလောက်ပါတယ် ‥ ကာသစ်ရယ် ‥ သူတို့ခေါ်တဲ့ စည်းကမ်းချက်တွေနဲ့လည်း ကိုက်ညီသားပဲဟာကို ‥"

"အေး ‥ ငါမရလို့မဖြစ်ဘူး ‥ လကုန်ရင် အခန်းခကလည်း ပေးရဦးမှာ ‥ ကဲကဲ ‥ ပြောနေကြာတယ် ‥ ငါ သွားတော့မယ် ‥ ဒီဂျာနယ်တော့ ငါယူသွားလိုက်တော့မယ် ‥"

"အေးအေး ‥ ဩော် ‥ ပြန်ချင်တော့လည်း ချက်ချင်း ‥ ဟဲ့ဟဲ့ ‥ ကာသစ် ‥ နင်နဲ့ပါလာတဲ့ တစ်ယောက်ကိုလည်း ပြန်ခေါ်သွားဦးနော် ‥"

အေးမွန်က ပြောပြောဆိုဆိုထသွားသည့် သူမကို မဝံ့မရဲပြောတော့ သူမက ပြုံးပြီး ‥

"ငါကတော့ စေတနာကို မရှိဘူး ‥ ဒင်းကို ‥ နင့်ဆိုင်မှာ ထားခဲ့မှ ကောင်းမယ် ‥"

"ဟဲ့ ‥ မလုပ်နဲ့ ငါကြောက်တယ်နော် ‥ ကာသစ် ‥"

"ဟားဟား ‥ အလကားစတာပါဟာ ‥ ကော်ဖီကောင်က ငါ့နားတောင် ရောက်နေပါပြီ ‥ သွားပြီ သူငယ်ချင်း ‥ ကျေးဇူးပဲ"

အေးမွန်ကတော့ လှည့်ထွက်သွားသည့် သူမကျောပြင်ကို ကြည့်ရင်း ပြုံးပြုံးကြီး ကျန်ခဲ့လေတော့၏။

■







(I)

The Sun အမည်ရှိ ကုန်တိုက်ကြီးတစ်ခုထဲတွင် ဖြစ်သည်။ ဈေးဝယ်လာသူများ၊ အရောင်းဝန်ထမ်းများဖြင့် စည်ကားသိုက်မြိုက်လို့ နေ၏။

ကာသစ်ဖြူတစ်ယောက် ခမ်းနားထည်ဝါလှသော အဆောက်အဦးနှင့် အတွင်းမှာ ခင်းကျင်းရောင်းချထားသော တန်ဖိုးကြီးပစ္စည်းများ၊ အဝတ်အထည်များကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် သိမ်ငယ်သလို ခံစားသွားရသည်။

ဒီကနေ့က ကိုးလပိုင်း၊ ဆယ့်ငါးရက်နေ့ ဖြစ်သည်။ တစ်နည်းအားဖြင့် The Sun Supermarket တွင် အရောင်းဝန်ထမ်းအဖြစ် အလုပ်လျှောက်လွှာတင်ထားခဲ့ပြီး ယနေ့ လူတွေ့အင်တာဗျူး လာဖြေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



Interview လုပ်မည့် (၅) လွှာသို့ ဓာတ်လှေကားနှင့်တက်မည် အလုပ် တစ်ဖက်ဓာတ်လှေကားအတွင်းမှ ဆင်းလာသော မင်းနေတို့ကို တွေ့လိုက်သည်ကြောင့် သူမဓာတ်လှေကားထဲသို့ မဝင်ဖြစ်တော့ဘဲ ရပ်ကြည့်နေမိသည်။

''ဟင် ‥ ဟိုလူ ‥ စိတ်ပုပ် ‥ Driver ဦးလေးကြီးလည်း ပါတယ် ‥ ဈေးဝယ်လာကြတာ ထင်တယ် ‥''

သူမ တွေးနေတုန်းမှာပင် ခြေလှမ်းကျဲကြီးနှင့် ရှေ့ဆုံးမှ ထွက်ခွာသွားသော မင်းနေတို့နှင့် အတော်လှမ်းသွား၏။ သူမကို မည်သူမျှ သတိထားမိပုံမရ။

ပြီးမှ သူမက အမြန်ပြေးလိုက်ပြီး လူယုံကြီးဦးအေးချမ်းကို နှုတ်ဆက်လိုက်သည်။

''ဦး ‥ ဦးလေး ‥''

ဦးအေးချမ်းက သူမကို တစ်ချက်ရပ်ကြည့်ပြီး တွေးနေ၏။ ဒီအဖြစ်ကို မင်းနေကတော့ မသိလိုက်။ ရှေ့သို့ လျှောက်သွားနေမြဲပင် ဖြစ်၏။

''သမီးက ‥''

''သမီးလေး ‥ ဟို မိုးတွေရွာတဲ့ညက ကားကြုံလိုက်စီးတဲ့ တစ်ယောက်လေ ‥''

''ဪ ‥ အဲဒါကြောင့် ဦး မြင်ဖူးပါတယ်ဆိုပြီး တွေးနေတာ ‥ သမီးလေးကိုး ‥ အဲ့ညက မိုးတွေကလည်း ဆိုနေတော့ ရုတ်တရက် မမှတ်မိ ဖြစ်သွားတာကွဲ့''





''ဟုတ် ‥ ရပါတယ် ဦး ‥ သမီးက ဘာရယ်မဟုတ်ပါဘူး ‥ ရုတ်တရက် ဦးကိုတွေ့လို့ နှုတ်ဆက်လိုက်တာပါ ‥ ဒီမှာ ဈေးဝယ်လာတာ ထင်တယ် ‥ အလုပ်ရှိရင် သွားနော် ‥ ဦး''

ဦးအေးချမ်းတစ်ယောက် သူမရဲ့ ''ဈေးဝယ်လာတာထင်တယ်'' ဆိုတဲ့ စကားကို မည်သို့ဖြေရမည်မှန်း မသိသည်ကြောင့် မေးခွန်းကို မေးခွန်းနှင့်ပင် တုန့်ပြန်လိုက်ရသည်။

''ဪ ‥ အင်း ‥ ဒါနဲ့ သမီးကရော ‥ ဒီကို ဈေးဝယ်ပဲလား''

သူမက ဦးအေးချမ်းအမေးကို ခေါင်းယမ်းရင်း ပြုံးပြလိုက်သည်။ ပြီးမှ ‥

''အထင်တွေ ကြီးတတ်လိုက်တာ ဦးရယ် ‥ ဒီလိုနေရာတွေမှာ ဈေးလာဝယ်တယ်ဆိုတာက လူချမ်းသာတွေပါ ‥ သမီးက ဒီကုန်တိုက်က အလုပ်ခေါ်ထားလို့ interview လာ ဖြေတာပါ ဦးရယ် ‥''

''ဪ ‥ သမီးက Interview လာဖြေတာကိုး ‥ ဒါနဲ့ interview က ၁၀ နာရီမှမို့လား ‥ အခု အစောကြီးရှိသေးတာကို ‥''

''အဲ ‥ ဦးက အချိန်တွေ ဘယ်လိုသိနေတာလဲ ‥''

''ဟို ‥ အဲ အစောက ၅ လွှာမှာ Notice ကပ်ထားတာ တွေ့ခဲ့လို့ပါ''

သူမက ဦးအေးချမ်းစကားကို မရိပ်မိဘဲ ‥



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သမားနဲ့ အလုပ်ရှင်ပဲ ဦးရယ် ‥ ကိုယ်က အလုပ်သမားလေ ‥ အလုပ် လိုချင်တော့လည်း ကိုယ့်ဘက်က စောရောက်နေသင့်တယ်လေ ‥"

ဦးအေးချမ်းက သူမစကားကို သဘောကျသလို ခေါင်းတညိတ်ညိတ်လုပ် နားထောင်ပြီး ‥

"ဒီလိုစိတ်ဓာတ်မျိုးနဲ့ဆို သမီးလေး လိုချင်တဲ့အလုပ် ရပြီလို့သာ မှတ်လိုက်တော့ ‥ ဦး အာမခံတယ် ‥"

"ဦးပြောသလို ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပေါ့ ဦးရယ် ‥ ခုတောင် interview မှာ ဘာတွေမေးမယ်မှန်း မသိလို့ စိတ်လှုပ်ရှားနေတာ ‥"

"စိတ်အေးအေးနဲ့သာ ဖြေပါ သမီးရယ် ‥ သမီး ဒီကုန်တိုက်မှာ အလုပ် ရကိုရမှာပါ ‥"

ဦးအေးချမ်း၏ အပြောကို သူမက မျက်ခုံးကလေးနှစ်ဖက်ပင့်ပြီး ‥

"အမယ် ‥ ကြားရတာ တကယ်စိတ်ချမ်းသာဖို့ ကောင်းလိုက်တာနော် ‥ မသိရင် ဦးပြောပုံက ဒီကုန်တိုက်သူဌေးလိုလို ဘာလိုလိုနဲ့ အဟီး ‥"

"သူဌေးထက်မြင့်တယ်လို့ပဲ သဘောထားလိုက်ပေါ့ ‥ ဟုတ်ပြီလား"

ပြောပြီး နှစ်ယောက်သား ရင်းနှီးပွင့်လင်းစွာ ရယ်ဖြစ်ကြသည်။ ပြီးမှ ဦးအေးချမ်းက ‥

"ကဲကဲ ‥ ဦးလည်း သွားလိုက်ဦးမယ် သမီး ‥"





"ဟုတ် ‥ ဦး ‥ ဟုတ် ‥"

ဦးအေးချမ်းထွက်ခွာသွားတော့ သူမလည်း ဓာတ်လှေကားထဲသို့ ဝင်ခဲ့ပြီး No.5 ခလုတ်ကို နှိပ်လိုက်၏။

interview မည့် ၅ လွှာမှာ သူမလို အင်တာဗျူးလာဖြေသည့် ကောင်မလေးအတော်များများ ထိုင်စောင့်နေသည်ကိုလည်း တွေ့ရ၏။

နောက် လေးဆယ့်ငါးမိနစ် ကုန်ဆုံးချိန်မှာတော့ interview ခြင်း အစီအစဉ်ကို အချိန်တိကျစွာ စတင်လေ၏။

သူမထက် အရင်ဝင်ဖြေရသည့် လူတွေ ဖြေနေစဉ်တွင် အင်တာဗျူးအဆင်ပြေဖို့အတွက် သူမ တတ်သမျှမှတ်သမျှ ဘုရားစာတွေ၊ ဂါထာတွေကို ရွတ်ဖတ်နေလိုက်သေးသည်။ ထိုစဉ် ‥

"ဟင် ! "

သူမရှေ့မှ ဝိညာဉ်တစ်ကောင် ဖြတ်လျှောက်သွားသည်ကို တွေ့လိုက်ရသည့်ကြောင့် သူမ လန့်သွားခြင်းဖြစ်သည်။ မည်သူမျှတော့ သတိမထားမိလိုက်။

ဝိညာဉ်က သူ့လမ်းသူ သွားနေခြင်းဖြစ်သည်။ Security Uniform ကိုပင် ဝတ်ထားသေးသည်။

"ဒီဝိညာဉ်က အရင်က ဒီကုန်တိုက်ရဲ့ လုံခြုံရေးဝန်ထမ်းတစ်ယောက်ပဲ ဖြစ်မယ် ‥ ဩော် ဒီလိုကြီးကျယ်ခမ်းနားတဲ့ နေရာတွေမှာလည်း ဝိညာဉ်တွေ ရှိနေတာပဲကိုး ‥ အို ‥ ဝိညာဉ်တွေက နေရာအနှံ့မှာ ရှိနေတာပါပဲလေ ‥"

သူမတစ်ကိုယ်တည်း တွေးနေစဉ်မှာပင် သူမနာမည်ကို အော်ခေါ်ပြီး interview ဝင်ဖြေရန် အလှည့်ကျလာသည့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အတွေးစ ပြတ်သွားသည်။

"မ ‥ ကသစ်ဖြူ ‥ ဝင်လို့ရပါပြီ ‥"

"ရှင် ‥ ဟုတ် ‥ ဟုတ်ကဲ့ရှင့်"

သူမဖြေရမည့် အခန်းလေးထဲကို ဝင်ပြီး မတ်တတ်ရပ်နေတော့ မေးမည့်လူကြီးတစ်ယောက်က 'ထိုင်ပါ ‥ သမီး'ဟု ပြော၍ ခုံမှာ ဝင်ထိုင်လိုက်သည်။ သူမက ဒီအသံကို ရင်းနှီးသည်ကြောင့် အသံရှင်ကို မော့ကြည့်လိုက်၏။

"ဟင် ‥ ဦးလေး ‥"

သေချာသည်ကတော့ သူမ၏ interview ခြင်း အခမ်းအနား က အရာရာ လုပသွားခဲ့ပြီပဲ ဖြစ်၏။

■





(၂)

ကသစ်ဖြူ ‥ ။

သူမအတွက် ဒီကနေ့ဟာ The Sun Supermarket မှာ ပထမ ဆုံး အလုပ်စဝင်သောနေ့ ဖြစ်သည်။

အစစအရာရာ အဆင်ပြေသည်ဟု ဆိုရမည်ပင် ဖြစ်သည်။ မြေညီထပ်က Fashion ဆိုင်တစ်ဆိုင်မှာ အရောင်းဝန်ထမ်းအဖြစ် တာဝန်ယူပေးရသည်။ အရင်ဝန်ထမ်းဟောင်းနှစ်ယောက်နှင့်အတူ တွဲ၍ အလုပ်လုပ်ရခြင်းဖြစ်သည်။

စိတ်သဘောထားကောင်းသည့် ဝန်ထမ်းတွေနှင့်အတူ တွဲလုပ်ခွင့်ရသဖြင့် သူမလည်း စိတ်ချမ်းသာပျော်ရွှင်ရ၏။

"ကသစ်ရေ ‥ ခြောက်လွှာက store ထဲက ဒီ Brand အဆိပ် အကျီတွေ မမကို ယူပေးပါလား ‥ ဒီမှာ လူကျနေလို့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ‥ မမ ‥ ကာသစ် သွားယူလိုက်မယ် ‥"

သူမက ချက်ချင်းဆိုသလို ဓာတ်လှေကားရှိရာသို့ ခြေဦးလှည့်လိုက်သည်။ သူမအတွက် အတော်ပဲဖြစ်သည်။ ဓာတ်လှေကား မစောင့်လိုက်ရ၊ သူမရှေ့မှာ ကြိုတင်ရောက်နှင့်ပြီး အရင်ဝင်သွားသော လူတစ်ယောက်သာ ရှိသည်။ ထိုလူဝင်သွားသဖြင့် သူမလည်း နောက်မှ အသာကပ်ဝင်လိုက်သည်။

ထိုလူက (No.6) ခလုပ်ကို နှိပ်လိုက်သည်ကြောင့် သူမ ထပ်နှိပ်စရာ မလိုတော့။ ခရီးအတူတူ ဖြစ်နေသဖြင့် သူမပင် အနည်းငယ် အံ့သြသွားမိသေးသည်၊ ပြီးမှ ထိုသူ့မျက်နှာကို သူမ သေချာကြည့်လိုက်မိသည်။

"ဟင် ‥"

သူမ အတော် အံ့သြသွားမိသည်။

"ဟိုလူ ‥ စိတ်ပုပ်ကြီး"

မင်းနေကတော့ သူမကိုလည်း သတိမထားမိ။ သူ့ဘာသာ တစ်ကိုယ်တည်း ခေါင်းထဲက လုပ်ငန်းစဉ်တွေကိုသာ တွက်ချက်နေပုံရသည်။

သူမက သူ့ကို နှုတ်ဆက်သင့် မဆက်သင့် တွေးတောနေ၏။ ထိုစဉ် ‥

"အား ‥"

"ဟာ ‥ မင်း ဘယ်လိုလုပ်လိုက်တာလဲ ‥"

"ဟင် ‥ မရှိတော့ဘူး"

"ဘာမရှိတော့တာလဲ ‥ ဖယ်ပါ ‥ လက်က"





"ဟုတ် ‥ Sorry ပါရှင် ‥"

မင်းနေက သူမကို မကြည့်သလိုတစ်ချက်သာ ငဲ့ကြည့်ပြီး ပုံမှန်အတိုင်းပဲ ပြန်ရပ်နေ၏။ သူမကတော့ ခါင်းကို ငုံ့ကာ အတွေးတစ်ခုကိုသာ တွေးတောချင့်ချိန်နေ၏။

အဖြစ်အပျက်က ဒီလိုဖြစ်သည်။ သူမ မင်းနေကို နှုတ်ဆက်သင့် မသင့် စဉ်းစားနေစဉ်မှာ ထင်မှတ်မထားသော ဝိညာဉ်တစ်ကောင် ပေါ်လာသည်။ သူမလည်း ရုတ်တရက်ကြီးမို့ လန့်အော်မိသွားကာ အနားမှာ ရှိနေသည့် မင်းနေကို ဆွဲဖက်ထားမိသလို ဖြစ်သွားသည်။

"ဟို ‥ ဝိညာဉ်ဘယ်ရောက်သွားတာလဲ ‥ ချက်ချင်းပျောက်သွားတာလား ‥ ဒါ ‥ ဘာကြောင့်လဲ ‥ အရင်တစ်ခါလည်း ဝိညာဉ်တစ်ကောင် ရုတ်တရက် မျက်စိရှေ့ကနေ ပျောက်သွားတယ် ‥"

သူမ တွေးရင်းဖြင့် တစ်ချက်ကို ကောင်းကောင်းသတိထားမိသွားသည်။ ပထမတစ်ကြိမ် ဝိညာဉ်တစ်ကောင် ပျောက်ကွယ်သွားစဉ်က မိုးရွာတဲ့ညတစ်ညမှာ ဖြစ်သည်။ တိတိပပပြောရရင် သူမ ဝိညာဉ်အဖွားကြီးတစ်ယောက်ကို ကူညီပေးခဲ့သည့် ည။ အပြန်မှာ သူမ ကားကြုံလိုက်စီးခဲ့သည်။

သူမ ကားထဲမှာ ဝင်ထိုင်ခါစအချိန်မှာ ရုတ်တရက် ဝိညာဉ်တစ်ကောင် ပေါ်လာ၍ အနားမှာရှိသည့် လူတစ်ယောက်ကို လန့်ပြီး ဆွဲကိုင်အော်ဟစ်ခဲ့ဖူးသည်။ နောက် ‥ ထိုဝိညာဉ် ပျောက်ကွယ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဝိညာဉ်တစ်ကောင် ရုတ်တရက်ပေါ်လာ၍ လန့်ပြီး အနားမှာရှိနေသည့်သူကို ဆွဲဖက်မိသွားသည်။ ယခု ထိုဝိညာဉ်လည်း ရုတ်ချည်း ပျောက်ကွယ်၍သွားပြန်၏။

အမှန်ဆို သူမဆီရောက်လာသည့် ဝိညာဉ်ကောင်တွေက အော်ဟစ်နှင်ထုတ်ရင်တောင် သူမအနားမှာ တောက်တဲ့ကောင်တွေလို ရှိနေတတ်သည် မဟုတ်ပါလား။

ပို၍ပို၍ သူမအတွက် ထူးဆန်းသည်က သူမ ဆွဲကိုင်လိုက်မိ သူက နှစ်ကြိမ်လုံးမှာ သူ ဖြစ်နေခြင်းပင် ဖြစ်သည်။

"ဘာလဲ ‥ ငါ သူ့အသားကို ထိလိုက်ရင် အနားက ဝိညာဉ် တွေ ပျောက်ကွယ်သွားတဲ့ သဘောလား ‥ ဖြစ်နိုင်ပါ့မလား ‥ ဖြစ်ခဲ့တယ်ဆိုရင် ဒါဟာ ဘာကြောင့်လဲ ‥"

နားမလည်နိုင်ခြင်းမေးခွန်းတွေ သူမခေါင်းထဲမှာ ပြေးလွှား ကခုန်နေသည်။ သူမ မင်းနေကို တစ်ချက် ခိုးကြည့်လိုက်မိသည်။ မင်းနေကတော့ သူ့မူလပုံစံအတိုင်း မျက်နှာထားတည်တည်ဖြင့် ရှေ့ကိုသာ ငေးကြည့်နေတာ တွေ့ရသည်။

"ဟုတ်တယ် ‥ ငါ သူ့ကိုထိလိုက်တာနဲ့ အနားကဝိညာဉ်တွေ ပျောက်သွားတာ သေချာတယ် ‥ အင်း ပိုနိုင်မာအောင် ငါ အခွင့်ရရင် ထပ်စမ်းကြည့်ရမယ်"

ဓာတ်လှေကားကလည်း မကြာခင် (၆) လွှာကို ရောက်တော့ မည် ဖြစ်သည်။ အခုထိ မင်းနေက သူမကို မှတ်မိပုံမရ၊ သူမကလည်း နှုတ်ဆက်သင့်၊ မသင့် ဆက်လက်တွေးတောနေဆဲပင် ဖြစ်သည်။

ထိုအချိန်မှာပဲ ဓာတ်လှေကားက ခြောက်လွှာကို ရောက်၍





တံခါးပွင့်သွားခဲ့ပြီ ဖြစ်သည်။

ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လှမ်းတတ်သည့် မင်းနေတာ တော့ တံခါးပွင့်သည်နှင့် ထွက်သွားခဲ့ပြီ ဖြစ်သည်။

သူမလည်း မရေးမနှောင်း လိုက်ထွက်လာစဉ် အရှေ့နားမှာ ဝိညာဉ်တစ်ကောင် ခုံတန်းတစ်ခုမှာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

Security ယူနီဖောင်းနှင့် ဝိညာဉ်။ တစ်နည်းအားဖြင့် သူမ interview လာဖြေစဉ်က အမှတ်မထင် တွေ့မြင်ခဲ့ရသော ဝိညာဉ်။

ထိုဝိညာဉ်ကောင်က သူ့ဘာသာ အေးအေးလူလူ ထိုင်နေခြင်း ဖြစ်သည်။ သူမလည်း သိလိုသောကိစ္စတစ်ခုကို အကောင်အထည်ဖော် ရန် အားခဲပစ်လိုက်သည်။

အခြေအနေကလည်း သူမဘက်မှာ ရှိနေပုံရ၏။ ခြောက်လွှာ မှာ လူရှင်းနေသည်။ သူမ မင်းနေကို ဘေးချင်းယှဉ်လျှောက်လိုက်ပြီး ဝိညာဉ်ကောင်ကို စိုက်ကြည့်ကာ ဘေးက မင်းနေ လက်ကို အရဲစွန့် ကိုင်ပစ်လိုက်သည်။

"ဟင် ! "

သူမ အံ့သြပျော်ရွှင်သွားသည်။ ထိုင်နေသော Security ဝိညာဉ် ကောင်မှာ သူမ မင်းနေကို ထိလိုက်သည်နှင့် ပျောက်ကွယ်သွားသော ကြောင့်ပင် ဖြစ်သည်။

"ဟာ ‥"

ရုတ်တရက် သူ့လက်ကို တစ်စုံတစ်ယောက်က လာကိုင် သည်ကြောင့် သူ ကြောင်သွားသည်။ နောက် ‥ အသိဝင်ပြီး လက်ကို ရုန်းဖယ်လိုက်ပြီး ထိုသူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ‥ မင်း ဓာတ်လှေကားထဲက တစ်ယောက် ‥ မင်း ဘာဘောလဲ ‥ ငါ့ကို လာနှောက်နေတာလား ‥”

“မဟုတ်ပါဘူးရှင် ‥ ကျွန်မ စမ်းကြည့်တာပါ ‥”

“ဘာ ! ‥ စမ်းကြည့်တာ ဟုတ်လား ‥ ငါ့ကိုများ မင်းရဲ့ အစမ်းသပ်ခံ သတ္တဝါများ မှတ်နေလား ‥ နေပါဦး ခုမှ သတိထားမိတယ် ‥ မင်းကို ငါ မြင်ဖူးနေသလိုပဲ ‥ မင်း ဘယ်သူလဲ ‥ ဘယ်ကလဲ ‥ ဒီကို ဘာလာလုပ်တာလဲ”

မင်းနေက ကသစ်ဖြူကို သေချာကြည့်ရင်း မေးမှ သူ့ကုန်တိုက်က အရောင်းဝန်ထမ်းယူနီဖောင်းဝတ်ထားတာကို သတိထားမိသွားသည်။

“အဲလို မရည်ရွယ်ပါဘူးရှင် ‥ ကျွန်မ စမ်းသပ်တယ်ဆိုတာ ကလည်း ကျွန်မဘဝအတွက် အရမ်းအရေးကြီးတဲ့ ကိစ္စ တစ်ခု ဖြစ်နေလို့ပါ ‥”

“အဲဒါတွေ ငါ စိတ်မဝင်စားဘူး ‥ နောက်ကို ငါ့အသား လာမထိနဲ့ ‥ ငါ လုံးဝမကြိုက်ဘူး”

“ဒီမယ် ‥ ကျွန်မကပဲ ရှင့်အသားကို ထိချင်လွန်းလို့ လိုက် တွယ်ကပ်နေတယ် ထင်နေလား ‥ ဒီမှာ ကျွန်မနာမည် ကသစ်ဖြူ ‥ ဟောဒီကုန်တိုက်က အရောင်းဝန်ထမ်း တစ်ယောက် ‥ ရှင်ကျွန်မကို မြင်ဖူးတယ်ဆိုတာကလည်း မိုးတွေရွာတဲ့ညတစ်ညတုန်းက ရှင့်ကားကို လမ်းကြို လိုက် စီးဖူးခဲ့လို့ ဖြစ်မှာပါ”

“ဪ ‥ အဲဒီ အရှုပ်ထုပ်ကိုး ‥ ဒါကြောင့် မြင်ဖူးသလို





ရှိနေတာ ‥”

“ကျွန်မ နာမည် ကသစ်ဖြူပါ ‥ ကိုစိတ်ပုပ်”

“ဘာ ‥ ဘာ ‥ မင်းငါ့ကို ဘယ်လိုခေါ်လိုက်တယ်”

“ဟုတ်တယ်လေ ‥ ရှင်က စိတ်ပုပ်လို့ ကိုစိတ်ပုပ်လို့ ခေါ်လိုက် တာ ‥ ဘာဖြစ်လဲ ‥”

သူမပုံစံကို ကြည့်ရတာ သူ့ကို ဒီကုန်တိုက်ပိုင်ရှင်မှန်း သိဟန် မပေါ်။ ဒါကြောင့်လည်း ဒီလောက် စွာတေးလန်ရဲနေတာဟုလည်း တွေး လိုက်မိ၏။ သူလည်း တမင်မပြောဘဲ ထားပစ်လိုက်ပြီး ‥

“အဟွန်း ‥ ဒီပုံစံ၊ ဒီရုပ်ရည်၊ ဒီဆက်ဆံရေးနဲ့ ဒီလိုကုန်တိုက် မျိုးမှာ ‥ အရောင်းဝန်ထမ်းဖြစ်လာတာ အံ့သြစရာပဲ ‥”

“ဒါ ‥ ရှင့်ကိစ္စမဟုတ်ပါဘူး ‥ ကဲကဲ ‥ ကျွန်မ အလုပ်မအား ဘူး ‥ ရှင်နဲ့ စကားရပ်ပြောနေဖို့လည်း ကျွန်မမှာ အချိန် မရှိဘူး ‥ ကိုစိတ်ပုပ် ‥ ကျွန်မ သွားတော့မယ် ‥”

သူမက ပြောပြီး store ခန်းရှိရာဘက်သို့ ဆက်လျှောက်သွား သည်။ မင်းနေမှာသာ သူ့အဖြစ်ကိုသူ ပြန်တွေးပြီး ရယ်ရမလို၊ ငိုရ မလို ဖြစ်ပြီး ပြုံးနေမိသည်။

တကယ်တော့ ‥

ရေစက်ဆိုတာ ‥

ထင်မထားတဲ့ ဇာတ်ဝင်ခန်းတွေလို ‥

ရင်သပ်ရှုမောဖွယ်ကောင်းလာတတ်တာမျိုး မဟုတ်လား။

■



www.burmeseclassic.com

www.burmeseclassic.com





(K)

ကသစ်ဖြူတစ်ယောက် ‥ သူမတာဝန်ကျရာ Fashion ဆိုင်လေးအတွင်းမှာ အဝတ်အထည်များကို နေရာချနေ၏။

သူမနှင့်အတူ အလုပ်လုပ်နေသော ဝန်ထမ်း (၂) ယောက်ကတော့ သူဌေးမင်းနေ၏ အကြောင်းကို ပြောဆိုနေကြသည်ကို သူမကြားနေရသည်။

"ငါလေ ‥ သူဌေးကို စတွေ့တုန်းက သူဌေးလို့ မထင်မိဘူးဟဲ့"

"သူဌေးလို့မထင်လို့ နင်က ဘယ်လိုထင်တာလဲ"

"ငါက ‥ ရုပ်ရှင်မင်းသားတစ်ယောက်ယောက်လို့ ထင်လိုက်တာ ‥ ပြီးမှ ဒီကုန်တိုက်ပိုင်ရှင် သူဌေးကို ကိုမင်းနေမှန်းသိနေတာ‥‥"

"ဟုတ်တော့ ‥ ဟုတ်တယ်နော် ‥ ကိုမင်းနေက တတယ်လေးစားအထင်ကြီးလောက်တဲ့ ယောကျာ်းတစ်ယောက်ပဲ ‥ အသက်ကလည်း ငယ်၊ ပညာကလည်း တတ်၊ ရုပ်ကလည်းချော ‥ ပြီးတော့ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ကလည်း ဖြစ်ပြန် ‥"

"အဲဒီတော့ ဘာဖြစ်လဲ ‥ ကောင်မ ‥ ညည်းစကားကို ငါသိတယ်နော် ‥"

"ဟုတ်တယ်လေ ‥ ဒီလို ယောကျာ်းမျိုးကို ဘယ်မိန်းကလေးမဆို စိတ်ကူးယဉ်ချင်ကြမှာပဲလေ ‥ ပြောပါဦး နင်ရော သူဌေးကို ရရင် မယူချင်ဘူးလား ‥"

"အဲ ‥ ကောင်မ ‥ ပြောနေတဲ့စကားတွေက မိန်းမဈေးကျလိုက်တာ ဟယ် ‥"

"ဘာလဲ ‥ ဒါဆို နင်က မယူချင်ဘူးပေါ့လေ ‥"

"ဘယ်သူက အဲလိုပြောလို့လဲ ‥ ခစ်ခစ် ‥"

"ခစ်ခစ် ‥‥"

ဝန်ထမ်း (၂) ယောက် စကားတွေကို နားထောင်မိပြီး သူမပါပြုံးနေမိသည်။

"ကောင်မ ‥ လေပဲကန်မနေနဲ့ဦး ‥ မနေ့က စာရင်းတွေသေချာပြန်စစ်ထားဦး ‥ တော်ကြာ တစ်ခုခုလွဲနေရင် ‥ သိတယ်နော် သူဌေးအကြောင်း ‥"

"အမလေး သိပါ ‥ သိပါ ‥ ကိုကို ဘယ်လောက် အလုပ်ကိုတိကျတယ်ဆိုတာ ‥ ခစ်ခစ် ‥"

www.burmeseclassic.com



“အမယ် ‥ တို့မောင်ကိုများ ကိုကိုတဲ့ ပြောရဲလိုက်တာ ‥ ဟားဟား ‥”

“ဟားဟား ‥”

ထိုသို့ ရယ်မောပြောနေစဉ် ဝန်ထမ်းတစ်ယောက်က ‥

“ဟဲ့ ‥ ကောင်မ တိတ် ‥ မျက်နှာပိုးသတ်တော့ ‥ ဟိုမှာ သူဌေးဝင်လာပြီ ‥”

“အဲ ‥ ဟုတ်တယ် လာနေပြီ ‥”

သာလိကာမလေးနှစ်ယောက် ခုတော့လည်း အလုပ်တွေပဲ များနေသလို ကောက်ကာငင်ကာ အလုပ်ရှုပ်ပြနေကြသည်။

မင်းနေက အနောက်တိုင်းဝတ်စုံကို လိုက်ဖက်စွာ ဝတ်ဆင်ထားပြီး ထုံးစံအတိုင်း ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လာနေ၏။ အနားမှာတော့ လူယုံကြီးဦးအေးချမ်းက ဖိုင်တချို့ကို ကိုင်လာတာ တွေ့ရ၏။

မင်းနေက သူမတို့ Fashion ဆိုင်ရှေ့ကနေ မကြာခင် ဖြတ်သွားတော့မည် ဖြစ်သည်။ သူမက မင်းနေကို တွေ၍ ကြည့်နေမိသည်။

“ဟင် ‥ စိတ်ပုပ်ဘေးမှာ ဝိညာဉ်မလေးတစ်ယောက်ပါလား”

သူမ မျက်လုံးအပြူးသားနှင့် သူ့ကိုသာ ငေးကြည့်နေမိသည်။ မင်းနေက သူတို့ဆိုင်ထဲကို တစ်ချက်ကြည့်သွားပြီး ရှေ့ဆက်လျှောက်သွားသည်။

ဝိညာဉ်ချောချောမလေးတစ်ယောက်ကလည်း သူမကို တစ်ချက်ကြည့်ပြီး မင်းနေနောက်သို့ ပါသွားသည်။

နောက်မှာ ပါလာသည့် လူယုံကြီးက သူမကို ပြုံးပြတာကိုပင်





အတော်ကြာမှ သတိထားမိပြီး ကပျာကယာပြန်ပြုံးပြလိုက်ရသည်။

“ဟဲ့ ‥ ဟဲ့ ‥ ကသစ် ‥ ဟိုက ရုံးခန်းထဲတောင် ရောက်နေလောက်ပြီ ‥ အမလေး ကိုယ့်ထက်ကဲတဲ့ လူတွေနဲ့ပဲ ဆုံနေရပါလား တကယ်ပဲ ‥ ကသစ်ရယ် ‥ မျက်တောင်ကလေး ဘာလေး ခတ်ပါဦးဟဲ့ ‥”

“ဒီ ‥ ဒီ ကုန်တိုက်ပိုင်ရှင် ‥ သူဌေးကိုမင်းနေဆိုတာ ‥”

သူမက ပြန်မေးတော့ အခြားဝန်ထမ်းကောင်မလေးပါ အနားသို့ရောက်လာပြီး ‥

“ဟုတ်တယ်လေ ‥ အစောက တစ်ယောက်ပဲ ‥ ကိုမင်းနေ ‥ အရမ်းမိုက်တယ်နော် ‥ အခု ကသစ်တောင် နိုက်ပြီး မတ်တပ်မေ့သွားပြီ မဟုတ်လား ‥ မပြောဘူးလား သူဌေးက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပါလို့ ‥ ခစ်ခစ် ‥ ခု ယုံပြီ မို့လား”

သူမ တကယ်ပဲ အံ့သြရပါသည်။

ဒီ ကုန်တိုက်ပိုင်ရှင်သူဌေးက စိတ်ပုပ်ကြီးတဲ့။ သူ ထင်ထားသည်က စိတ်ပုပ်ကို သူဌေးသားဟုပင် ထင်ထားမိခဲ့တာ။

လူယုံကြီးကိုလည်း ဒီအကြောင်း မမေးလိုက်မိခဲ့။ စိတ်ပုပ်နှင့် ဒီကုန်တိုက်ပိုင်ရှင်ကို ဆွေမျိုး (သို့မဟုတ်) ပိုင်ရှင်ရဲ့သားဟုပင် တွေးမိခဲ့တာ။ ယခုလို စိတ်ပုပ်ကိုယ်တိုင်က သူဌေးဖြစ်နေတာကို သူမ အံ့သြနေမိသည်။

“ဟဲ့ ‥ ကသစ် ‥ ဘာဖြစ်သွားတာလဲ ‥ စကားလေး ဘာလေး ပြန်ဖြေပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါအေ . . တကယ်ပဲ . . မရှိတော့တာတောင် လိုက်ကြည့်နေလိုက်တာ . . ကြားထဲက ငါတောင် နှမြောလာမိပြီ . ."

"အာ . . အမတို့ကလည်း မဟုတ်ပါဘူး . . ကသစ်က အံ့ဩနေမိလို့ပါ . ."

"ဘာ . . အံ့ဩစရာတွေ ရှိလို့လဲ . . ဘာလဲ . . ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်အောင်မြင်နေလို့လား . ."

"အင်းပေါ့ အမရဲ့ . . ဒါနဲ့လေ သူ့ဌေးမှာ ချစ်သူတွေ၊ ဘာတွေရော မရှိဘူးလား"

သူမအမေးကို ဝန်ထမ်းမမတစ်ယောက်က မျက်စောင်းထိုးကြည့်ပြီး . .

"အဟင်း . . ငါသိနေတယ်နော် . . ကသစ်"

"အာ . . မဟုတ်ပါဘူး အမတို့ကလည်း ကသစ်က သိချင်ရုံသက်သက် မေးကြည့်မိတာပါ . ."

"ဟုတ်ပါပြီ . . သူ့ဌေးက ဒီအရွယ်ရောက်မှတော့ ရည်းစားတော့ ရှိတာပေါ့ ကသစ်ရဲ့ . . ဒါပေမဲ့ အခုတော့ သူ့မှာ ချစ်သူမရှိတော့ပါဘူး . . ပြီးတော့ အချစ်ဆိုတာလည်း မရှိတော့ပါဘူး ကသစ်ရယ် . ."

အထူးအဆန်းစကားကြီးကြောင့် သူမ နားမလည်ဖြစ်နေမိသည်။ မျက်မှောင်ကလေး ကြုတ်ကာ ပြန်မေးလိုက်မိသည်။

"ဟင် . . အမ စကားကလည်း ဘယ်လိုကြီးလဲ . . အခု ကိုမင်းနေမှာ ချစ်သူမရှိတော့ဘူး . . ပြတ်သွားပြီဆိုလည်း





ပြတ်သွားပြီပေါ့ . ."

"အဲလို မဟုတ်ဘူး . . ကသစ် . ."

"ရှင် . . ဒါဆို ဘယ်လိုမျိုးလဲ"

သူမရဲ့ ဆင့်ပွားမေးခွန်းတွေကို ဝန်ထမ်းမမတစ်ယောက်က သူ့ဌေးကိုမင်းနေမှာ အရင်က သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိခဲ့ကြောင်း၊ နောက် အဲဒီကောင်မလေးက ကားအက်စီးဒင့်တစ်ခုနှင့် ဆုံးပါးသွားကြောင်း၊ အဲဒီအချိန် နောက်ပိုင်းမှာ သူ့ဌေးကိုမင်းနေဟာ အနေအထိုင်တည်ငြိမ်လာပြီး အပြုံးအရယ်နည်းလာကြောင်း၊ သူ့အနားကို ချဉ်းကပ်လာသည့် မိန်းကလေးတွေကိုလည်း လုံးဝလက်မခံဘဲ နှလုံးသားမပါသည့် လူသားတစ်ယောက်လိုသာ ဆက်ဆံတတ်ကြောင်းနှင့် စီးပွားရေးကိုသာ ဖိလုပ်နေကြောင်းတို့ကို ရှင်းပြလေ၏။

"သြော် . . ကိုမင်းနေ အရမ်းခံစားခဲ့ရမှာပဲနော် . . ဒါကြောင့်လည်း နောက်ထပ်အချစ်သစ်ကို မရှာဘဲ အလုပ်ကိုပဲ ဖိကြိုးစားနေတာ ဖြစ်မယ် . ."

"အဲလိုပုံစံမျိုးလည်း မဟုတ်ဘူး ကသစ်ရဲ့ . . သူ့ဌေးက သူ့ရဲ့ချစ်သူကို တသသလွမ်းဆွတ်သတိရနေတဲ့ ဟန်မျိုးလည်း မဟုတ်ဘူး။ သတင်းသဲ့သဲ့ကြားမိတာတော့ အဲဒီကောင်မလေး အကြောင်းကိုတောင် သူ့ရှေ့မှာ ဘယ်သူမှ မပြောရဲဘူးတဲ့"

"ဒါကတော့ အမရယ် . . သူ့ချစ်သူအကြောင်း ကြားနေရရင် အနာကို လာဆွသလို ဖြစ်မှာဆိုးလို့ နေမှာပေါ့ . ."

"မပြောတတ်တော့ဘူး ကသစ်ရယ် . . ကိုမင်းနေက အရမ်းနားလည်ရခက်တဲ့ လူမျိုး . . ပြီးတော့ သူတို့ …ာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိခဲ့မှန်းမှ မသိတာ ..တို့ သိတာတော့ ကိုမင်းနေက အချစ်ကို လုံးဝ မယုံကြည်တတ်တဲ့ လူမျိုးဆိုတာပါပဲ''

''သြော် ..''

သူမအတွေးထဲမှာ မင်းနေဟာ တွက်ချက်ရခက်တဲ့ ပုစ္ဆာတစ်ပုဒ်ဖြစ်နေခဲ့ပြီ ဖြစ်၏။ ပြီးတော့ သူ့အနားမှာ ကပ်ပါသွားသည့် ခပ်ချောချောဝိညာဉ်မလေးတစ်ယောက်။

ဒီ ဝိညာဉ်ကောင်မလေးက ဘယ်သူလဲ ..။

ဘာကြောင့် သူ့အနားမှာ ရှိနေခဲ့တာလဲ ..။ သူနဲ့ ဘယ်လို ပတ်သက်နေလို့လဲ ..။

ဒါမှမဟုတ် ..။

ကားအက်စီးဒင့်နှင့် ဆုံးပါးသွားခဲ့သည်ဆိုသည့် သူ့ရဲ့ ချစ်သူကောင်မလေးများလား။

■





(L)

## အဆိုတော်အောင်ခန့်နှင့် Model ကဗျာဖြူတို့၏ မင်္ဂလာညည်ခံပွဲ

ရွှေရောင်ငွေရောင် ဖိတ်ဖိတ်တောက်နေသော မင်္ဂလာညည်ခံပွဲတစ်ပွဲတွင် ဖြစ်သည်။ သတို့သားကလည်း ဒီနှစ်ထဲမှာမှ Top One နေရာမှာ ခိုင်ခိုင်မာမာ နေရာယူထားနိုင်သော အဆိုတော် အောင်ခန့် သတို့သမီးကလည်း Photo Model ကဗျာဖြူ ..။

Celebrity နှစ်ယောက်ရဲ့ မင်္ဂလာပွဲမို့ ညည်ပရိသတ်တွေ မြဲ များသည်။ အနုပညာနယ်ပယ်မှ နာမည်ကြီးများလည်း အတော် စုံစုံလင်လင် တက်ရောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လူစည်ကားလှသော မင်္ဂလာပွဲကို ကြည့်ပြီး မင်းနေ တစ်ယောက် အပြုံးပန်းတို့ ဝေဆာနေ၏။ လူယုံကြီးဦးအေးချမ်းကိုလည်း တစ်ချက်တစ်ချက် လှည့်ပြီး စကားပြောလိုက်သေး၏။

"ဒီပွဲက The Sun Supermarket မှာ ပထမဆုံး ဖွင့်ပွဲအနေနဲ့ လုပ်တဲ့ မင်္ဂလာဧည့်ခံပွဲပဲ . . ဒီပွဲအောင်မြင်တာနဲ့ နောက်ထပ် celebrity တွေရဲ့ မွေးနေ့ပွဲတွေ၊ မင်္ဂလာပွဲတွေ တန်းစီ ရောက်လာစေရမယ် . ."

"လူလေးရဲ့ စိတ်ကူးတွေ အကောင်အထည်ပေါ် အောင်မြင်မှုအတွက် . . ဦး ဝမ်းသာတယ် . . ကွန်ဂရက်ကျူလေးရှင်းပါ . . သား . ."

ထိုစဉ် သတို့သားနှင့် သတို့သမီးတို့ လက်ချင်းချိတ်ပြီး မင်္ဂလာလျှောက်လမ်းအတိုင်း လျှောက်လာသည်ကြောင့် မင်းနေတို့လည်း စကားစ ပြတ်သွားကြသည်။

ဒီပွဲက The Sun Supermarket မှာ အသစ် ထပ်မံဖွင့်လှစ်တိုးချဲ့လိုက်သည့် ခန်းမ၏ ပွဲဦးထွက်ပွဲလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ဒီပွဲကို မင်းနေဘက်က အကောင်းဆုံး ပြင်ဆင်ထားခဲ့သည်၊ ဝန်ထမ်းတွေကိုလည်း အစည်းအဝေးခေါ်ကာ အတိမ်းအစောင်းအမှားအယွင်းမဖြစ်အောင် လည်း အသေအချာ မှာကြားထား၏။

အားလုံးဟာ မင်းနေ၏ စီမံညွှန်ကြားမှုအတိုင်း ကွက်တိပဲဖြစ်သည်။ မင်းနေဟာ စီးပွားရေးသမား ပီသသူတစ်ယောက်ဖြစ်သည်။

သူ့ supermarket မှာ ဟင်းရွက်ကန့်စွန်းကစပြီး လူသုံးကုန်တွေအလယ် အိမ်ခံပစ္စည်းတွေအဆုံး အားလုံး တစ်နေရာတည်းမှာ





ဝယ်ယူရနိုင်စေရန် စီစဉ်ထားသည်။ အပေါ်ဆုံးထပ်မှာ သူဝါသနာပါသည့် အိမ်ခြံမြေအကျိုးဆောင် ရုံးခန်းလေးလည်း ဖွင့်ထားသေးသည်။ ပိုနေသော အခန်းကျယ်ကြီးကို ယခုလို မင်္ဂလာပွဲများ စည်ကားခမ်းနားစွာ ကျင်းပနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၏။

ယခုပွဲဟာ ပွဲဦးထွက်ဖြစ်သည့်အတွက်လည်း၊ သူကိုယ်တိုင် ကြော်ငြာသည့်အနေဖြင့် အဆိုတော်အောင်ခန့်ကို Main sponser ပေးခဲ့ခြင်းဖြစ်သည်။

သူ့အကြံအစည် အောင်မြင်ပါသည်။ ဧည့်သည်တော်များက မင်္ဂလာခန်းမရဲ့ အကျယ်အဝန်း၊ ပြင်ဆင်ထားမှုနှင့် ဝန်ဆောင်မှုများကို အထူးနှစ်သက် သဘောကျနေကြ၏။

အားလုံးကလည်း သူ၏ အကွက်မြင်မှုကို လေးစားချီးကျူးနေကြသည်။ ဒီအတွက်လည်း မင်္ဂလာသတို့သားအောင်ခန့်ထက် သူ့ရင်ထဲက ပီတိမင်္ဂလာက ပိုကဲ၍ သာနေ၏။

မင်္ဂလာခန်းမကျယ်ကြီးထဲမှာတော့ မင်္ဂလာသီချင်းသံတွေနှင့် မင်္ဂလာအပြုံးမျက်နှာတွေ ပွံ့လွင့်ညီနေလေပြီ ဖြစ်၏။

■

www.burmeseclassic.com



The Sun Supermarket ၏ မြေညီထပ် Fashion ဆိုင်လေး အတွင်းမှာကား ..

"အဆိုတော်အောင်ခန့်ရဲ့ မင်္ဂလာပွဲက အားကျစရာကြီးဟယ်"

"ဟုတ်တယ်နော် .. တို့ သူဌေး မင်းနေကလည်း ပိုက်ဆံရမယ့် နည်းလမ်းကို တော်တော်သိတယ်နော် .. ဒီလိုပွဲကြီးတွေ ကျင်းပဖို့အတွက် သူဌေး ဘယ်ကတည်းက ကြံစည်ထားလည်း မသိဘူးနော် .."

"ငါတော့ အဲဒါတွေ မသိဘူးဟာ .. ငါသိတာ တစ်ခုပဲ .. ငါလည်း မင်္ဂလာဆောင်ရင် ဒီလိုခန်းမမျိုးမှာ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ချင်လိုက်တာဟာ .. ဟဲ့ ဒါနဲ့ ကသစ် နင်ရော အဲလို မဆောင်ချင်ဘူးလား .."

ဝန်ထမ်းမမနှစ်ယောက်က အောင်ခန့်မင်္ဂလာပွဲကို အကြောင်းပြုပြီး မစားရဝခမန်း ပြောနေရာမှ ကသစ်ဖြူကိုပါ စကား ဝိုင်းထဲသို့ ဆွဲခေါ်လိုက်၏။





သို့သော် ကသစ်ဖြူက ဝန်ထမ်းမမတွေအသံကို မကြာ တစ်ဖက်ကို ကြည့်ပြီး ခေါင်းတခါခါ လည်တစ်ခါခါ ပုံစံမျိုး လုပ်နေ

ဝန်ထမ်းမမနှစ်ယောက်လည်း ကသစ်ဖြူပုံစံကို ကြည့်ပြီး အံ့သြနေကြသည်။

"ဟဲ့ .. ကသစ် ငါတို့ မေးနေတယ်လေ .."

"ကသစ် .. နင် ဘာဖြစ်နေတာလဲ .."

ကသစ်ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားပြီး ဝန်ထမ်းမမနှစ်ယောက်ကို လှည့်ကြည့်၏။

"ကသစ် .. မေးနေတယ်လေ .. နင်ရော .. အဆိုတော်အောင်ခန့်တို့လို ခမ်းခမ်းနားနား မင်္ဂလာမဆောင်ချင်ဘူးလား ဟင် .."

"ဟုတ်တယ်နော် .. အောင်ခန့်နဲ့ မော်ဒယ်လ်ကဗျာဖြူတို့ နှစ်ယောက်က လိုက်လည်း လိုက်ပါတယ် .. တကယ့် နေနဲ့ လ ရွှေနဲ့မြပဲ .."

ကသစ်ဖြူက သာလိကာဝန်ထမ်းမနှစ်ယောက်ကို ရှုံ့ကြည့်လိုက်ပြီး မတ်တာပ်ထရပ်လိုက်သည်။

ကသစ်ဖြူပုံစံကို ကြည့်ပြီး ဝန်ထမ်းမမနှစ်ယောက်လည်း နားမလည်နိုင်ဖြစ်နေကြပုံရသည်။ ကသစ်ဖြူက ..

"မဆောင်ဘူး .. အဲလိုလည်း မင်္ဂလာမဆောင်ချင်ဘူး .. ပြီးတော့ အောင်ခန့်နဲ့ အဲဒီကောင်မနဲ့လည်း မလိုက်ဘူး။ ဒါ့ပြင် လည်း မတန်ဘူး .. နားလည်လား"

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com

"•••••"

ကသစ်ဖြူစကားကြောင့် အားလုံး မှင်တက်သွားသည်။ ပြောပြီး ကသစ်ဖြူက Fashion ဆိုင်လေးထဲကနေ ထွက်ပြီး ဓာတ်လှေကားထဲသို့ ဝင်သွားလေတော့၏။

ဝန်ထမ်းမမနှစ်ယောက်မှာသာ ကြောင်စီစီဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

"ကသစ် ဘာဖြစ်သွားတာလဲ •• သူ့အသံက တစ်မျိုးကြီးပဲ"

"အေးလေ •• ကြောက်စရာကြီး •• ဒါနဲ့ သူက အခု ဘယ်သွားတာလဲ ••"

"မသိဘူးလေ ••"

"•••••"

ဓာတ်လှေကားကြီးကတော့ Number တွေ တစ်ခုပြီးတစ်ခု ပြောင်းကာ အပေါ်သို့ တက်သွားနေပြီ ဖြစ်လေတော့၏။

■





"ဝုန်း ••"

ကျယ်လောင်လှသော တံခါးဖွင့်သံကြောင့် အားလုံး၏ အကြည့်မျက်လုံးတွေက တံခါးဝသို့သာ စုပြုံရောက်ကုန်ကြ၏။

မင်းနေလည်း ကြည့်ပြီး အံ့သြသွားပုံရသည်။ ဦးအေးချမ်းလည်း ထို့အတူ နားမလည်နိုင်ခြင်း မျက်လုံးများဖြင့်သာ ••။

တံခါးဝမှာတော့ အရောင်းစာရေးမလေး "ကသစ်ဖြူ"က တောင့်တောင့်ကြီး ရပ်နေပြီး သတို့သားနှင့် သတို့သမီးတို့ကိုသာ စိုက်ကြည့်နေ၏။

နောက် •• ကသစ်ဖြူက မည်သူ့ကိုမှ ဂရုမပြုဘဲ မင်္ဂလာလျှောက်လမ်းအတိုင်း တစ်လှမ်းချင်း မင်္ဂလာစင်မြင့်ထက်သို့ လျှောက်လာနေ၏။

ဧည့်ပရိသတ်များကလည်း ကသစ်ဖြူကိုသာ ကြောင်ငေးကြည့်နေကြသည်။ အဆိုတော်အောင်ခန့်နှင့်မော်ဒယ်လ်ကဗျာဖြူတို့လည်း မျက်လုံးအပြူးသားဖြင့်သာ။

မင်းနေလည်း ရုတ်တရက်ကြီးမို့ ကြောင်ငေးကြည့်နေမိသည်။ ကသစ်ဖြူက မင်္ဂလာစင်မြင့်ပေါ်သို့ တက်ပြီး အောင်ခန့်ကို တစ်လှည့် ကဗျာဖြူကိုတစ်လှည့် စိုက်ကြည့်ပြီး ••

"သိပ်ပျော်နေသလား မောင် ••"

သူမ၏ ဆိုင်းမဆင့်ဗုံမဆင့် ဝါကျတစ်ခုကြောင့် ခန်းမတစ်ခုလုံးရှိ လူများ အံ့အားသင့်ကုန်ကြ၏။ မည်သူမျှ မည်သည့်စကားတစ်ချက်မှ

www.burmeseclassic.com



မပေးနိုင် ဖြစ်နေကြသည်။ သတိချက်ချင်းထားမိသည့် သတို့သမီး မော်ဒယ်လ်ကဗျာဖြူက ..

"နှင် ဘယ်သူလဲ .. ငါတို့ မင်္ဂလာပွဲမှာ ကျက်သရေမရှိ ဘာစကားတွေ လာပြောနေတာလဲ .. သွား အခုထွက်သွား"

စကားအဆုံးမှာ ကသစ်ဖြူက ကဗျာဖြူကို မျက်လုံးအပြူး သားဖြင့် စူးစိုက်ကြည့်လိုက်၏။ ပြီးမှ ..

"ငါ့ကို နှင် အမိန့်ပေးလို့ မရဘူး ကဗျာဖြူ .. နှင်နဲ့ မောင်နဲ့ တန်သလားပဲ အရင်စဉ်းစားပါ .."

အဆိုတော်အောင်ခန့်လည်း အဖြစ်အပျက်ကို နားမလည်နိုင် သည့်ကြောင့် ဝင်မေးလိုက်၏။

"နေကြပါဦး ခင်ဗျားက ဘယ်သူလဲ .. ဒီကို ဘာအတွက် လာခဲ့တာလဲ .."

"ဘယ်သူလဲတဲ့လား မောင်ရယ် .. ကိုယ့်ချစ်သူတစ်ယောက် လုံးကိုတောင် မမှတ်မိတော့ဘူးလား မောင်ရယ် .."

"ဟင် .."

ကသစ်ဖြူစကားကြောင့် အားလုံး 'ဟင်'တွေ 'ဟာ'တွေဖြင့် အံ့အားသင့်ကုန်ကြသည်။ တချို့ကလည်း ကသစ်ဖြူနှင့် အောင်ခန့်ကို ဘာလိုလို မျက်နှာထားတွေဖြင့် ငေးကြည့်ကုန်ကြသည်။

မော်ဒယ်လ်ကဗျာဖြူလည်း အတော် ဒေါသထွက်နေ၏။ အဆိုး ဆုံးကတော့ မင်းနေ ..။ ကသစ်ဖြူလုပ်ရပ်ကို သဘောမပေါက်နိုင်သည့် အပြင် အတော် ပေါက်ကွဲနေမိ၏။

"သူ ဘာဝစ်လုပ်တာလဲ .. ဒီနေရာနဲ့သူက ဘာဆိုင်လို့လဲ





.. ကျွတ် .. ပြဿနာပဲ .."

မင်းနေ သူ့မဆီ ထွက်သွားမည်လုပ်တော့ ဦးအေးချမ်းက မင်းနေလက်ကို ဆွဲထား၏။

"လူလေး .. ဒါက ဘယ်သွားမလို့လဲ"

"ဟိုမှာ မတွေ့ဘူးလား"

"ထားလိုက်ပါ .. သူတို့ဘာသာ ရှင်းပါလိမ့်မယ် .. တော်ကြာ လူလေးပါ ဝင်လိုက်မှ ပြဿနာတွေ ပိုတက်ကုန်လိမ့်မယ်"

"တောက် .. ကွာ .. ဒီဟာမလေးက စတွေ့ကတည်းက ပြဿနာမလေး .. ဒါကြောင့် ဦးအေးချမ်းကို ပြောတာ .. အလုပ်မခန့်ပါနဲ့လို့ .."

ဦးအေးချမ်းက မင်းနေကို မေးငေါ့ပြနေသဖြင့် မင်းနေလည်း ဘာစကားမှ ဆက်မပြောဖြစ်တော့ဘဲ ကသစ်ဖြူတို့ကိုသာ ငေးကြည့် နေမိတော့သည်။

"နှင် ဘယ်သူလဲ .. ဘာတွေ လာပြောနေတာလဲ .."

"နှင့်ပါးစပ်ကို ပိတ်ထား ကဗျာဖြူ .."

အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့် အောင်ခန့်က ကဗျာ ဖြူကို ဆက်မပြောရန် လက်ကာပြပြီး ကသစ်ဖြူကို ပြောလိုက်သည်။

"ဟုတ်ပြီ .. ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြော ကြရအောင် .. ကျွန်တော် ခင်ဗျားကို တကယ်မသိဘူး .. ခင်ဗျား လူမှားတာများလား"

"အသက်ထက်မက ချစ်ခဲ့ရတဲ့ မောင့်ကို လူမှားစရာလားလား"

ကသစ်ဖြူက ပြောရင်း မျက်ရည်တွေ စီးကျလာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ပရိသတ်တွေလည်း စင်တင်ပြဇာတ်တစ်ပုဒ်ကို ကြည့်နေရသလို ထိုင်ကြည့်နေကြ၏။

"ကျွန်မက မောင့်ရဲ့ချစ်သူ အိဿဲပါ ‥"

"ဟင် ‥ မဖြစ်နိုင်ဘူး ‥ လုံးဝ မဖြစ်နိုင်ဘူး ‥ ကျေးဇူးပြု ပြီး ခင်ဗျား ကျွန်တော့်ကို မနောက်ပါနဲ့ဗျာ ‥ အိဿဲ သေသွားတာ တစ်နှစ်ပြည့်တော့မှာပါ ‥ ခင်ဗျား လုံးဝ အိဿဲ မဟုတ်ဘူး ‥"

အောင်ခန့် ဒီအချိန်မှာ မတည်ငြိမ်နိုင်တော့ပါ။ အိဿဲဆိုတာ သူ သိပ်ချစ်ခဲ့ရသည့် ချစ်သူတစ်ယောက်။ သို့ပေမဲ့ ကားအက်စီးဒင့်နှင့် ဆုံးပါးခဲ့တာ တစ်နှစ်ခန့်ရှိလှပြီ ဖြစ်သည်

"မောင် ‥ ကျွန်မဟာ မောင့်ရဲ့ အိဿဲ အစစ်ပါ ‥ မောင် စိတ်ချမ်းသာပျော်ရွှင်တာကို အမြဲမြင်တွေ့ချင်ခဲ့တဲ့ မောင့်ရဲ့ ချစ်သူ အိဿဲပါ ‥"

"ကို ‥ သူ့ကို မောင်းထုတ်လိုက်တော့ ‥ သူ အကြံအစည် တစ်ခုနဲ့ လုပ်ဇာတ်တွေ ခင်းနေတာ ‥ ဒီအရှုံမကြောင့် ဖြူ တို့ မင်္ဂလာပွဲ ပျက်သွားလိမ့်မယ် ‥"

ကသစ်ဖြူက သူမစကားတွေကို အရေးမလုပ်ဘဲ အောင်ခန့် မျက်နှာကိုသာ ကြည့်ပြီး မျက်ရည်တွေ တသွင်သွင်စီးကျလာနေ၏။

"မောင် သိပ်ဖြစ်ချင်ခဲ့တဲ့ အောင်မြင်ကျော်ကြားတဲ့အဆိုတော် ဘဝရောက်မှ ခမ်းခမ်းနားနား လူသိရှင်ကြား လက်ထပ်ကြ မယ်ဆိုတဲ့ စကားတွေကို မောင် မေ့သွားပြီလားဟင် ‥"

"မပြောနဲ့ ‥ မင်း ဆက်မပြောနဲ့တော့ ‥ မင်း အိဿဲ





အကြောင်းတွေ ဘယ်က သိလာတာလဲ ‥ ငါတို့ ပြောခဲ့တဲ့ စကားတွေကို မင်း ဘယ်လိုသိလာခဲ့တာလဲ ‥ ပြော ‥"

"နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာ သိမ်းထားတဲ့ စကား တွေကို ဘယ်သူ့ဆီက သိရမှာလဲမောင်ရယ် ‥ ဒီစကားတွေ ကိုရော ဘယ်သူက သိနိုင်မှာတဲ့လဲ ‥ မောင်ယုံအောင် အိဿဲ ပြောပြမယ် ‥ ဖွယ်တော်ပင်လေးရဲ့အောက်က မြေကျင်းလေး ထဲမှာ ‥"

ကသစ်ဖြူစကား မဆုံးသေးခင် အောင်ခန့်က မျက်ရည်တွေ စီးကျလာပြီး ‥

"တော် ‥ တော်ပါတော့ ‥ ဆက်မပြောပါနဲ့တော့ အိဿဲရယ် ‥ မောင် ယုံပါပြီ ‥ မောင် ယုံပါပြီကွာ ‥"

"အိဿဲ ဒီကာလတစ်လျှောက်လုံး မောင့်အနားမှာ ရှိနေခဲ့ တာပါ ‥ မောင့်ကို စိတ်ချမ်းသာပျော်ရွှင်စေချင်သူပါ ‥ အခု မောင်နဲ့ လက်ထပ်မယ်ဆိုတဲ့ ကဗျာဖြူက လှတ်လပ်တဲ့အပျို တစ်ယောက်မဟုတ်လို့ အခွင့်အရေးရတုန်း အိဿဲ ဒီပုံစံနဲ့ ရောက်လာခဲ့တာပါ မောင် ‥ တကယ်တော့ ကဗျာဖြူမှာ"

"ကောင်မ ‥ နင်ပါးစပ်ကို ပိတ် ‥ ကို သူ့စကားတွေကို မယုံနဲ့ ‥ သူ လိမ်နေတာ ‥ သေပြီးသားလူက ဒီလိုပုံစံနဲ့ ရောက်လာနိုင်သတဲ့လား ‥ နင့်ကို အသရေဖျက်မှုနဲ့ တရား ဆွဲပစ်မယ် ‥"

ကဗျာဖြူတစ်ယောက် အရှိုက်ကို တည့်တည့် ထိသွား ပုံရသည်။ အိန္ဒြေပင် မဆည်နိုင်တော့ချေ။ စကားလုံးတွေကလည်း

Celebrity တစ်ယောက် မပြောသင့်တဲ့ စကားလုံးတွေပါ ပါလာနေ၏။ ထိုစဉ် အောင်ခန့်အိတ်ထဲမှ ဖုန်း Ringtone သံလေး ထွက်ပေါ်လာသည်ကြောင့် အောင်ခန့် ဖုန်းဖြေလိုက်၏။

"Hello . . ."

". . . . ."

အောင်ခန့်မျက်နှာ တည်ခနဲ တစ်ချက်မဲ့ရှုံ့သွားပြီး ဖုန်းကို ကဗျာဖြူဆီသို့ . .

"ရော့ . . နိုင်ငံခြားက မင်းရဲ့ ချစ်လှစွာသော ယောက်ျားဆီက ဖုန်း . . ပြောလိုက်ဦး" ဟု ပြောကာ ပစ်ပေးပြီး ကသစ်ရဲ့လက်ကို ဆွဲကာ မင်္ဂလာလျှောက်လမ်းအတိုင်း ထွက်သွားခဲ့ပြီဖြစ်သည်။

မော်ဒယ်လ်ကဗျာဖြူမှာသာ ဖုန်းကိုကိုင်ကာ ဘာလုပ်ရမည်မသိဖြစ်ကာ မင်္ဂလာစင်မြင့်ထက်မှာ ကြောင်စီစီပုံစံဖြင့် ကျန်နေခဲ့တော့၏။

ညှော်ပရိသတ်တွေလည်း တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အမျိုးမျိုး မှတ်ချက်ပြုပြောဆိုကာ မင်္ဂလာခန်းမအတွင်းမှ အလျှိုလျှို ထွက်ခွာသွားကြလေသည်။

မင်းနေလည်း ထိုင်ခုံပေါ်သို့ စိတ်ပျက်လက်ပျက် ထိုင်ချကာ ခေါင်းကိုသာ တွင်တွင်ကုတ်နေလေတော့၏။

ဟုတ်ကဲ့ . .။ သေချာသည်ကတော့ ထိုနေ့က ထို မင်္ဂလာပွဲ ပျက်သုဉ်းသွားခဲ့ရလေတော့သည်။

■





(M)

ကသစ်ဖြူတစ်ယောက် မင်းနေရုံးခန်းတံခါးကို ခပ်ဖွဖွလေး အသာဖွင့်ပြီး ဝင်လိုက်တယ်ဆိုရင်ပဲ . . အခန်းတံခါးဝက သူမကို စူးစိုက်ကြည့်နေသော မျက်ဝန်းနှစ်စုံကို အရင်ဆုံး ရင်ဆိုင်လိုက်ရသည်။

မင်းနေက ခေါင်းလေးငုံ့ပြီး သူ့စားပွဲရှေ့ကို ရောက်လာသော သူမကို စူးစိုက်၍ကြည့်နေသည်။ ဦးအေးချမ်းလည်း ကြည့်နေရာမှ . .

"လာ . . သမီးလေး" ဟု လောကွတ်လုပ်လိုက်၏။

သူမက အပြစ်ရှိခဲ့သူပီပီ မင်းနေစားပွဲရှေ့က ထိုင်ခုံလေးမှာ ခပ်ရို့ရို့လေး ဝင်ထိုင်လိုက်သည်ဆိုရင်ပဲ မင်းနေ၏ အမိန့်သံထန်လှသော အသံလှိုင်းတစ်ခုက ပွင့်ကျလာ၏။

"မင်းကို ဘယ်သူက ထိုင်ခိုင်းလို့လဲ . ."

"ရှင် ! . . ဟုတ် . . ဟုတ်ကဲ့ . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီးမှ သူမလည်း ကပျာကယာ ပြန်မတ်တပ်ရပ်လိုက်ရသည်။

"ပြောစမ်းပါဦး ‥ မနေ့က အဖြစ်အပျက်ကို ‥"

"အဲဒါကလေ ‥ ဟို ‥"

သူမ တွေးထားပေမဲ့ ရုတ်တရက်မို့ မည်သို့ဖြေရမည်မသိဖြစ်နေ၏။

"ဒီမယ် ကသစ်ဖြူ ‥ မင်းလုပ်ရပ်ကြောင့် မနေ့က အောင်ခန့်တို့မင်္ဂလာပွဲ ပျက်သွားတယ် ‥ ငါ့အတွက် ပထမဆုံး ပွဲဦးထွက်ပွဲ ‥ ဒီအတွက် ငါ့ကုန်တိုက်နာမည် ဘယ်လောက်ထိခိုက်သွားလဲ မင်းသိရဲ့လား ‥"

"ကျွန်မ တမင်ရည်ရွယ်တာ မဟုတ်ပါဘူးရှင် ‥"

"မင်း ဘက်က တမင်မရည်ရွယ်ပေမဲ့ ဖြစ်သွားပြီလေ ‥ နေစမ်းပါဦး ‥ မင်းက ဘာကိစ္စ သူများပွဲကို ဖျက်လို့ဖျက်စီးလုပ်ရတာလဲ ‥ မင်းနဲ့ ဘယ်လို ပတ်သက်လို့လဲ ‥"

"ဟင့်အင်း ‥ ကျွန်မနဲ့လည်း ဘယ်လိုမှ မပတ်သက်ပါဘူး"

"အေး ‥ ဒါဆို မပတ်သက်ဘဲနဲ့ မင်း ဘာကိစ္စ သူများလျှို့ဝှက်ချက်တွေဖော်ပြီး ဇီလိန်ဝင်လုပ်ရတာလဲ ကသစ်ဖြူ ‥ မင်းကို တစ်ယောက်ယောက်က ပိုက်ဆံပေးပြီး ခိုင်းထားလို့လား"

သူမမျက်နှာကို တည့်တည့်ကြည့်ပြီး ပုလိပ်စစ်သလို စစ်နေသည့် မင်းနေကို သူမ တစ်ချက်ပြန်ကြည့်လိုက်၏။

"ကျွန်မက သူများပိုက်ဆံပေးခိုင်းတာနဲ့ပဲ တခြားမင်္ဂလာပွဲတစ်ပွဲကို အလွယ်တကူ လိုက်ဖျက်ပေးတတ်တဲ့ အပေါစား





မိန်းမတစ်ယောက်လို့ ရှင်ထင်နေတာလား ‥ ကျွန်မ အဲလို အောက်တန်းမကျတတ်ဘူး ကိုမင်းနေ"

"ဒါဆို ‥ မင်း မနေ့က ဘာကြောင့် မင်္ဂလာပွဲမှာ အဲလို လာလုပ်ရတာလဲ ပြောလေ ‥"

မင်းနေ Tone colour ကလည်း တစ်ပြားသားမှ မလျှော့ဘဲ ဒေါသအရှိန်ကြောင့် မာပြတ်နေ၏။

"မနေ့က အဲဒီမင်္ဂလာပွဲကို လာတာ ကျွန်မမဟုတ်ဘူး ‥ ကျွန်မ ဘာမှလည်း ဇီလိန်မလုပ်ခဲ့ဘူး ‥"

"ဘာ ! ‥ မနေ့က ပွဲလာဖျက်တာ မင်းမဟုတ်ဘူး ဟုတ်လား ကသစ်ဖြူ ‥ ဟားဟား ‥ ဟာသပဲကွာ ‥ ငါ့မှာ CCTV တွေ ရှိတယ် ‥ ပြီးတော့ ညှော်ပရိသတ်တွေအားလုံး မြင်တယ် ကသစ်ဖြူ ‥"

"ဟုတ်ပါတယ် ‥ အားလုံးမြင်တာတော့ ကသစ်ဖြူပေါ့ ‥ ဒါပေမဲ့ တကယ်တော့ အဲဒီနေ့ကရောက်လာတာ ကျွန်မ မဟုတ်ပါဘူး ရှင် ‥"

သူမစကားကို သူ အတော် ဒေါပွသွားပြီး 'ကျွတ်' ခနဲ စုတ်တစ်ချက်သပ်ကာ အပေါ်ဆုံးအင်္ကျီကြယ်သီးကို ဖြုတ်လိုက်သည်။

နောက် ‥ သူ စိတ်ရှုပ်ထွေးရင် ပြုလုပ်လေ့ရှိသည့် အလေ့အထအတိုင်း သူ့ဘယ်ဘက်လက်မှာ ဝတ်ဆင်ထားသည့် နဝရတ်ကိုးသွယ် လက်စွပ်လေးကို ပွတ်သပ်နေ၏။ ပြီးမှ ‥

"နင်း ရူးနေတာလား ‥ ရူးချင်ဟန်ဆောင်နေတာလား ကသစ်ဖြူ ‥ ဒါမှမဟုတ် မင်း ငါ့ကို လာနောက်နေတာလား"



www.burmeseclassic.com

"ဟုတ်ပြီ ကိုမင်းနေ . . ကျွန်မ ရှင်နားလည်အောင် အမှန်အတိုင်း ပြောပြမယ် . . ယုံတာ မယုံတာတော့ ရှင့်အပိုင်းပဲ"

"ဩော် . . ဩော် . . ခင်ဗျားက ကျုပ်ကို အမှန်အတိုင်း မပြောဘဲ လိမ်ပြောချင်သေးတာပေါ့ . ."

သူ ခပ်ချဉ်ချဉ်ဖြစ်လာသည်မို့ တမင် ခပ်ချေချေပဲ ပြောပစ်လိုက်သည်။ သူမကတော့ 'ယောက်ျားကြီးတန်မဲ့ ရွဲ့တတ်တယ်တော့'ဟု တွေးကောင်းတွေးနေနိုင်ပါသည်။

"ကျွန်မရဲ့ လျှို့ဝှက်ချက်ကို အရင်ဆုံး ပြောပြမယ် . . ကိုမင်းနေ . . ကျွန်မက ရှင်တို့တွေ မမြင်ရတဲ့ အခြားပတ်ဝန်းကျင်တစ်ခုကိုပါ မြင်တွေ့ရတယ် . . ရှင်းရှင်းပြောရရင် ကျွန်မ သေဆုံးသွားပြီးသားလူတွေရဲ့ မကျွတ်မလွတ် ဝိညာဉ်တွေကို မြင်တွေ့ ဆက်ဆံနိုင်တယ် . ."

"ဟက် . . ဒါဆို မင်းက မွေးရာပါ . . ပါရမီရှင်ပေါ့ . ."

မင်းနေက သရော်သလို ရွဲ့ပြောလာမှန်းသိပေမဲ့ သူမ အတည်ပဲ ပြန်ဖြေပေးလိုက်၏။

"မွေးရာပါ ပါရမီရှင်တော့ မဟုတ်ပါဘူး . . ကျွန်မ တက္ကသိုလ် နောက်ဆုံးနှစ်က နယ်ကအမျိုးတွေဆီကို အလည်သွားပြီး အပြန်မှာ မိသားစုလိုက် ကားမှောက်မှုဖြစ်တယ်။ ကျွန်မ မိဘနှစ်ပါးလုံး အဲဒီမှာပဲ ဆုံးပါးသွားခဲ့ကြတယ် . . ကျွန်မလည်း ဆေးရုံမှာ အကြာကြီး သတိလစ်နေခဲ့တယ် . . ပြန်သတိရချိန်ကစပြီး ကျွန်မ . . ဝိညာဉ်တွေကို မြင်ခဲ့တော့တာပဲ . ."



မင်းနေက သူမကို နားမလည်နိုင်သလို၊ မယုံကြည်နိုင်သလို စိုက်ကြည့်နေ၏။ အနားက ဦးအေးချမ်းကတော့ ဘာစကားမျှ ဝင်မပြောပေမဲ့ သူမစကားတွေကို စိတ်ပါဝင်စားနေပုံရ၏။

"မိုးတွေ ရွာတဲ့ညက ရှင့်ကားကို ကားကြုံစီးခဲ့တဲ့ ညကို ကိုမင်းနေ မှတ်မိမှာပေါ့ . ."

သူ မှတ်မိကြောင်း ခေါင်းညိတ်ပြလိုက်မိလေသလား . . သူကိုယ်တိုင်လည်း သတိမထားမိချေ။ သူမကတော့ သူမဝါကျကို ဆက်လက်ပြောဆိုနေ၏။

"ကျွန်မ အလုပ်ဆင်းချိန်က အဲလောက် နောက်မကျပါဘူး . . အပြန်လမ်းမှာ ဝိညာဉ်အမေကြီးတစ်ယောက်က အကူအညီ တောင်းလို့ အကူအညီလိုက်ပေးမိရာကနေ အိမ်ပြန်ချိန် နောက်ကျသွားပြီး ကိုမင်းနေတို့နဲ့ ဆုံဆည်းခဲ့တာပါ . ."

ဦးအေးချမ်းကတော့ သူမစကားကို ခေါင်းတညိတ်ညိတ်ဖြင့်သာ နားထောင်ပေးနေ၏။

"မနေ့ကလည်း အဆိုတော်အောင်ခန့်ရဲ့ ချစ်သူဟောင်း ဝိညာဉ်က ငိုယိုပြီး အကူအညီတောင်းလို့ ခန္ဓာကိုယ် ငှားခွင့်ပေးလိုက်တာ . . မော်ဒယ်လ်ကဗျာဖြူက အိမ်ထောင်ကြီး ဝတ်တုပ်ရှိလျက်နဲ့ လိမ်ညာလက်ထပ်လို့ မဖြစ်သင့်တာ မဖြစ်ရအောင် ဝင်ကူညီလိုက်တာပါ . . မနေ့က မင်္ဂလာပွဲကို ရောက်လာတာ ကျွန်မခန္ဓာနဲ့ သူမျှားဝိညာဉ်ပါ ကိုမင်းနေ"

မင်းနေက သူ့ဘယ်ဘက်လက်က လက်စွပ်ကလေးကို ဟိုလှည့်ဒီလှည့်လုပ်နေရာမှ . .

www.burmeseclassic.com



''အဓိပ္ပာယ်ရှိရှိ စကားပြောပါ ကာသစ်ဖြူ ‥ အခု မင်း ရပ်ပြီး စကားပြောနေတာ ဆိုက်ကားသမားနဲ့ မဟုတ်ဘူး The Sun Supermarket ပိုင်ရှင်နဲ့ ပြောနေတာ။ မင်း ပါးစပ်ထဲက ယုတ္တိမရှိတဲ့ အကြောင်းအရာတွေကို ယုံကြည်လက်ခံပေးမယ် ထင်နေတာလား''

''ဒါကတော့ ရှင့်အပိုင်းပါ ကိုမင်းနေ ‥ ကျွန်မ တစ်ခုမှ မလိမ်မညာဘဲ ပြောနေတာပါ ‥ ကျွန်မ အသိစိတ်ပြန်ရတဲ့ အချိန်မှာ စွယ်တော်ပင်တစ်ပင်အောက်မှာ ကိုအောင်ခန့်နဲ့ အတူ ရောက်နေတယ် ‥ သူတို့ ချစ်သူနှစ်ဦး အရင်တုန်းက အတူတူ သိမ်းခဲ့ကြတဲ့ မြေကြွင်းထဲက သေတ္တာလေးတစ်လုံးကို တူးဖော်ကြတယ် ‥ အထဲမှာ လက်မှတ်ထိုးပြီးသား လက်ထပ် စာချုပ် (၂) စောင်နဲ့ လက်ထပ်လက်စွပ် (၂) ကွင်း ရှိနေတယ် ‥ ကိုအောင်ခန့်ချစ်သူ ဝိညာဉ်က အမှန်ဆို ဒီပွဲကို မနှောက် ယှက်ဘူး ‥ ကမ္ဘာဖြူရဲ့ လိမ်ညာမှုကြောင့် ဒီလိုတွေ ဖြစ်ကုန် ရတာ ‥ ကိုအောင်ခန့်နဲ့ ဆုံးသွားတဲ့ချစ်သူတို့ကလည်း အရင် ကတည်းက လူမသိသူမသိ လက်ထပ်ထားပြီးသား အောင်မြင် မှုတွေရမှ လူသိရှင်ကြား လက်ထပ်မယ်ဆိုပြီး ကတိတွေထား ကြိုးစားခဲ့ကြတာ ‥ အဲဒီမှာ မထင်မှတ်ဘဲ ကောင်မလေးက ဆုံးပါးသွားခဲ့ရတာ ‥ ဒါပေမဲ့ သူ့ဝိညာဉ်က သူ့ချစ်သူ အောင်ခန့်အနားမှာ အမြဲရှိနေခဲ့တာပါ ‥ ကိုမင်းနေ ‥ ဒါတွေ ကို ရှင် မယုံရင် ကိုအောင်ခန့်ကို မေးကြည့်ပါ ‥''





သူမပြောသမျှကို မင်းနေက သံသယမျက်လုံးအစုံဖြင့် စိုက်ကြည့် နားထောင်နေ၏။ ပြီးမှ မဲ့ပြုံးတစ်ချက်ပြုံးပြီး ‥

''ဘယ်သူ့ကိုမှ မေးစရာမလိုဘူး ကာသစ်ဖြူ ‥ ဒီအဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေ လိုက်မေးနေရအောင်လည်း ငါမရူးသေးဘူး အဲဒီ ဝိညာဉ်တွေဘာတွေလည်း ငါမယုံကြည်ဘူး ‥ အားလုံး ဟာ လုပ်ဇာတ်တွေဆိုတာ ငါသိတယ် ကာသစ်ဖြူ ‥ ဒီမယ် မင်းမှတ်ထား ‥ လူဆိုတာ ‥ သေဆုံးပြီးသွားရင် ပြီးပြီ ‥ ဘာမှ ဆက်လုပ်လို့မရတော့ဘူး နားလည်လား''

''ရှင် ‥ ဒီလို လက်လွှတ်စပယ်မပြောပါနဲ့ ကိုမင်းနေ ‥ ရှင် တို့တွေ မတွေ့မမြင်နိုင်တဲ့ အခြားတစ်ဖက် (other side) မှာ ဘဝတွေ အများကြီးရှိနေသေးတယ် ကိုမင်းနေ ‥ ရှင်အခါကို မယုံကြည်လို့ရတယ် ‥ ဒါပေမဲ့ ရှင်လက်ခံရလိမ့်မယ် ‥''

သူမအပြောကို မင်းနေက ပခုံးနှစ်ဖက်တွန့်ပြီး ခနဲ့ခနဲ့ ရယ် လိုက်၏။

''ဟား ‥ ဟား ‥ ဟာသပဲ ကာသစ်ဖြူ ‥ ငါထပ်ပြောမယ် ‥ ငါယုံလည်း မယုံကြည်ဘူး ‥ လက်လည်း လက်မခံဘူး ရှင်းလား''

သူမ မင်းနေမျက်နှာကို တည့်တည့်ကြည့်ပြီး သူမ အမှန်တရား တစ်ခုအတွက် အံကို တင်းတင်းဖိကြိတ်လိုက်သည်။ ပြီးမှ ‥

''ဟုတ်ပြီလေ ‥ ဒါဆို ရှင်ယုံအောင် လက်တွေ့ပြမယ် ကိုမင်းနေ''ဟုဆိုကာ မှန်နံရံဆီသို့ လိုက်ကာဘက်သို့ ကြည့် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ တွေ့လား"

သူမ လက်ညှိုးထိုးပြရာနေရာကို မင်းနေရော ဦးအေးချမ်းပါ လိုက်ကြည့်လိုက်၏။ အဖြူရောင်လိုက်ကာခန်းဆီးနှင့် မှန်နံရံနှင့် ပြင်ပ အပေါ်စီးမြင်ကွင်းကိုသာ မြင်နေရသည်။

"ဘာလဲ ․․"

"ဝိညာဉ်ကောင်မလေးတစ်ယောက် ․․ အဲ့ဒီခန်းဆီးစနားမှာ ရှိနေတယ် ․․"

ဝိညာဉ်မလေးက သူမကို ငေးကြည့်နေ၏။ ဝိညာဉ်မလေး မျက်နှာက တစ်ခုခုကို စိတ်မကောင်းကြီးစွာ ခံစားနေရပုံမျိုး။

"ကသစ်ဖြူ မင်းငါ့ကို နောက်နေတာလား"

သူမက သူ့အမေးကို မဖြေသေးဘဲ ဝိညာဉ်မလေးအနားကို သွားကာ နာမည်မေးလိုက်၏။ ပြီးမှ မင်းနေဘက်ကို လှည့်ကာ ․․

"သူက အရမ်းလှတဲ့ ဝိညာဉ်ကောင်မလေး ․․ ဆံပင်တွေက ကျောလယ်လောက်အထိ ရှည်တယ် ․․ နာမည်က ပိုးအိတဲ့"

"ဘာ ! ․․"

အာမေဋိတ်သံနှင့်အတူ ထိုင်နေရာမှ မင်းနေ မတ်တပ်ရပ် သွားသည်။ သူ့မျက်နှာပေါ်မှာ အံ့သြမှု၊ မယုံကြည်နိုင်မှုတွေနှင့်အတူ ဒေါသစိတ်တွေကိုပါ တွေ့နေရ၏။

တစ်ချိန်လုံးငြိမ်နေသည့် ဦးအေးချမ်းလည်း ငြိမ်မနေနိုင်တော့ ․․․။

"သမီးလေး ․․ တကယ်ပဲ ပိုးအိလေးကို မြင်နေရတာလား"





"ဟုတ်တယ် ․․ ဦးအေးချမ်း သမီးဝိညာဉ်တွေကို မြင်နေရ တယ် ․․ သမီး မညာပါဘူး ․․ ခု ․․ သူ ကိုမင်းနေကို ကြည့်ပြီး ငိုနေတယ် ․․"

"ဟင် ․․"

"မပြောနဲ့ ကသစ်ဖြူ ․․ မင်းပါးစပ်ကို ပိတ် ․․ ငါ အဲဒီ နာမည်ကို မကြားချင်ဘူး ․․ သွား ․․ မင်း ငါ့ရုံးခန်းထဲကနေ မင်းထွက်သွားတော့ ․․"

မင်းနေရဲ့ မလိုအပ်ဘဲ ပိုမိုပေါက်ကွဲထွက်လာသည့် ဒေါသသံ တွေကြောင့် သူမပင် အံ့သြထိတ်လန့်သွားသည်။

"ရှင်နဲ့ အဲဒီဝိညာဉ်မလေးနဲ့ ဘယ်လိုပတ်သက်မှန်း ကျွန်မ မသိပေမဲ့ ရှင့်အနားမှာ သူ့ကို မကြာခဏတွေ့နေရတယ် ․․ သူ ရှင့်ကို တစ်ခုခုပြောချင်နေပုံပဲ ․․"

"မလိုဘူး ․․ သူနဲ့ငါ ဘာမှ မပတ်သက်သလို ․․ ဘာစကားမှ လည်း ပြောစရာမရှိဘူး ․․ ကသစ်ဖြူ ․․ မင်းသွားလိုက် တော့ ․․"

သူမက ထွက်မသွားသေးဘဲ ပိုးအိနာမည်ရ ဝိညာဉ် ကောင်မလေးကို ငေးကြည့်နေ၏။ ဝိညာဉ်မလေးက ပေါက်ကွဲနေသည့် မင်းနေကို ကြည့်ကာ ခေါင်းတရမ်းရမ်းဖြင့် သည်းသည်းထန်ထန် ငို ကြွေးနေ၏။

အခြေအနေကို ထိန်းသည့်အနေဖြင့် ဦးအေးချမ်းက သူမ ပခုံးလေးကို လာကိုင်ကာ ․․

"လာပါ သမီးရယ် ․․ အပြင်ထွက်ရအောင်ပါ ․․"



www.burmeseclassic.com

www.burmeseclassic.com



အပြင်သာ လိုက်ထွက်လာခဲ့ရပေမဲ့ သူမစိတ်ထဲမှာ မင်းနေနှင့် ပိုးအိတို့၏ ပတ်သက်မှုကို ဆက်စပ်တွေးတောနေမိ၏။

ကိုမင်းနေနဲ့ ပိုးအိက ဘယ်လိုပတ်သက်ခဲ့ကြတာလဲ ..။

ကိုမင်းနေက ဒီနာမည်ကြားရုံနဲ့ ဘာကြောင့် ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြေါသထွက်နေတာလဲ ..

သူတို့တွေ အတိတ်မှာ ဘာဖြစ်ခဲ့ကြလို့လဲ ...။

■





(N)

Fashion ဆိုင်လေးအတွင်း / နေ့

ကသစ်ဖြူနှင့် ဝန်ထမ်းကောင်မလေးနှစ်ယောက် စကားပြော နေကြသည်။

ကသစ် – "မမတို့နှစ်ယောက်က ဒီမှာ အလုပ်လုပ်တာ ကြာပြီလား ဟင်"

ဝန်ထမ်း (၁) – "အင်း .. ကြာဆို .. ကိုမင်းနေ အမေ မဆုံးခင် ကတည်းက ဒီမှာ အလုပ်လုပ်ခဲ့တာဆိုတော့ ကြာ ပြီပေါ့ ကသစ်ဖြူရဲ့"

ဝန်ထမ်း (၂) – "နေပါဦး .. ခုမှ ဘာကိစ္စ ငါတို့ကို ဒါတွေ လာမေးနေတာလဲ"

ကသစ် – "ကသစ် သိချင်တာလေးတွေ ပေါ်လာလို့ပါ"

www.burmeseclassic.com



ဝန်ထမ်း (၁) – “အမလေး ဘာတွေများ သိချင်ရပြန်ပြီလဲ ‥ ငါတို့က မင်္ဂလာပွဲ ပျက်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး နင့်ကို အလုပ်ထွက်ရပြီထင်တာ”

ဝန်ထမ်း (၂) – “ဟုတ်တယ် ‥ နင် ကံကောင်းသွားတယ် ‥ သူဌေးက အလုပ်ကို လုံးဝ အမှားအယွင်း ခံတာ မဟုတ်ဘူး ‥ နေစမ်းပါဦး ‥ ငါတို့ကို ဘာမေး မလို့လဲ ‥”

ကသစ် – “အမတို့ ပိုးအိဆိုတဲ့နာမည်ကို ကြားဖူးလား”

ဝန်ထမ်း (၁) – “ဟင် ‥”

ဝန်ထမ်း (၂) – “ပိုးအိ ‥”

ဝန်ထမ်းမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကသစ်ဖြူကို စိုက်ကြည့်နေကြသည်။

ကသစ် – “ဟုတ်တယ် ‥ ပိုးအိ ‥ သူ့ကို သိလားဟင်”

ဝန်ထမ်း (၁) – “နေပါဦး ‥ နင်က ဘာစိတ်ကူးရပြီး ဒီနာမည်ကို လာမေးရတာလဲ”

ကသစ် – “ကသစ် ‥ သူနဲ့တွေ့ခဲ့တယ်လေ ‥”

ဝန်ထမ်း (၂) – “ဘုရားရေ ‥ ကသစ်နဲ့ တွေ့ခဲ့တာ ‥”

ကသစ် – “ဟုတ်တယ် ‥”

ဝန်ထမ်း (၁) – “ကသစ် ‥ ပိုးအိက သေသွားတာ ကြာပြီနော် ‥ မဖြစ်နိုင်တာ ‥”

ကသစ် – “ဟုတ်ပါတယ် ‥ အခု ကသစ် တွေ့ခဲ့တယ်





ဆိုတာကလည်း ပိုးအိရဲ့ ဝိညာဉ်ကိုပါ ‥”

ဝန်ထမ်း (၂) – ဒါ ‥ ဒါဆို ကသစ်က ဝိညာဉ်တွေကို မြင်ရတယ် ဆိုတာ တ ‥ တကယ်ပေါ့ ‥”

ဝန်ထမ်း (၁) – ဒါဆို အဆိုတော်အောင်ခန့် မင်္ဂလာပွဲကိစ္စမှာလည်း ကသစ်ကို အောင်ခန့်ချစ်သူဟောင်းဝိညာဉ် တကယ် ဝင်ပူးပြီး ဝင်ဖျက်တာပေါ့နော် ‥”

ကသစ်က ခေါင်းညိတ်ပြ၏။

ဝန်ထမ်း (၂) – “ငါတို့က နင့်မှာ အခြားအကြံအစည်တစ်ခုခု ရှိတယ်မှတ်လို့ ‥ ဒါ ဒါဆို တကယ်ပဲ ပိုးအိရဲ့ ဝိညာဉ်ကို မြင်ခဲ့တာပေါ့နော် ‥”

ဝန်ထမ်း (၁) – ဒါဆို သူဌေးနဲ့ပတ်သက်ပြီး ကြားနေတဲ့ သတင်းတွေက အမှန်ပဲပေါ့ ‥”

ကသစ် – ဘာသတင်းတွေလဲ ဟင် ‥ ပြီးတော့ ကိုမင်းနေနဲ့ ပိုးအိတို့က ဘယ်လိုပတ်သက်ကြတာလဲ ‥”

ဝန်ထမ်း (၂) – တကယ်တော့ ပိုးအိနဲ့ သူဌေးနဲ့က သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ ‥ သူဌေးကလည်း ပိုးအိကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး အရမ်းချစ်ခဲ့တာ ‥ ဒါပေမဲ့ မထင်မှတ်တဲ့ ကားတိုက်မှုတစ်ခုနဲ့ ပိုးအိသေသွားခဲ့တယ် ‥ အဲဒီကတည်းက ကိုမင်းနေဟာ အရယ်အပြုံးမရှိတော့လောက်အောင် အနေတည်သွားခဲ့တာ ‥ သူက ပိုးအိကို အရမ်းချစ်တော့ ခံစားရတာလည်း ပါမှာပေါ့ ‥”



www.burmeseclassic.com

www.burmeseclassic.com



ကသစ် – "မဖြစ်နိုင်ဘူး အမ ‥ ကိုမင်းနေက ပိုးအိဆိုတဲ့ နာမည်ကို ခါးခါးသီးသီးဖြစ်နေပုံမျိုး ‥ သူ မချစ်ဘူး ထင်တယ် ‥ သူ့ရုံးခန်းထဲမှာ ပိုးအိဝိညာဉ်တွေ့တာကို ပြောပြတာကို ဒေါသတကြီးနဲ့ ကသစ်ကို နှင်လွှတ်တယ် ‥ အဲဒီနာမည်ကို လုံးဝ မကြားချင်ဘူးတဲ့ ‥"

ဝန်ထမ်း (၁) – "ဟုတ်လား ‥ ငါတို့ သိတာတော့ သူဌေးနဲ့ ပိုးအိတို့က သိပ်ချစ်ကြတဲ့ချစ်သူတွေပါ ‥ ချစ်လွန်းလို့တောင် ပိုးအိက မကျွတ်မလွတ်ဘဝနဲ့ သူဌေးအနားမှာ ရှိနေတာပေါ့"

ဝန်ထမ်း (၂) – "ဟုတ်တယ် ကသစ် ‥ ပိုးအိမရှိတော့တဲ့နောက်ပိုင်း သူဌေးကို သူ့အဒေါ်တစ်ယောက်က အိမ်ထောင်ချပေးဖို့ (၃) ကြိမ် ကြိုးစားခဲ့ဖူးတယ် ‥ ဒါပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ ပျက်ခဲ့တာချည်းပဲ ‥ ပြောကြတာတော့ ပိုးအိက တမလွန်ဘဝကနေ ကိုမင်းနေ လက်မထပ်ဖြစ်အောင် လုပ်နေတယ်တဲ့"

ကသစ် – "မဖြစ်နိုင်တာ အမရယ် ‥ တိုက်ဆိုင်တာရော မဖြစ်နိုင်ဘူးလား ‥ ဒါမှမဟုတ် ကိုမင်းနေက မကြိုက်လို့ တမင်ပျက်အောင် ကြံစည်တာရော မဖြစ်နိုင်ဘူးလား"

ဝန်ထမ်း (၁) – "ဒါတော့ ငါတို့လည်း သေချာမပြောတတ်တော့ဘူး ‥ ကသစ် ‥"





ကသစ်က မည်သို့မျှ ပြန်မပြောတော့ဘဲ ခေါင်းတညိတ်ညိတ်ဖြင့်သာ တွေးနေလေတော့၏။ ပြီးတော့ ထိုဝန်ထမ်း (၂) ယောက်ကိုလည်း သူမ ဝိညာဉ်တွေ မြင်ရသည်ကို မည်သူ့ကိုမျှ မပြောမပြရန် ကတိတောင်းထားလိုက်လေတော့၏။

ချစ်သူတွေဖြစ်လျက်နဲ့ ဘာကြောင့် ကိုမင်းနေက ပိုးအိကို ခါးခါးသီးသီး ဖြစ်သွားရတာလဲ ‥။

သူတို့နှစ်ယောက်ရဲ့ နောက်ကွယ်မှာ ဘာတွေ ရှိခဲ့လို့လဲ ‥

မင်းနေ ‥‥ ?

ပိုးအိ ‥‥ ?

■



www.burmeseclassic.com



(၁)

မင်းနေ . . . ။

ရုံးခန်းအတွင်းစားပွဲမှာထိုင်ပြီး တစ်စုံတစ်ခုကို တွေးတောနေ၏။ သူ စိတ်လှုပ်ရှားရင် ပြုလုပ်နေကျပုံစံအတိုင်း သူ့လက်ဇွပ်ကလေးကို ဟိုပွတ်ဒီပွတ် လုပ်နေ၏။

မကြာမကြာ သက်ပြင်းတွေကိုချပြီး ပိုးအိဝိညာဉ်ရပ်နေသည် ဆိုသည့် ခန်းဆီးစနေရာလေးကိုလည်း သူ မကြာခဏ ကြည့်နေမိသည်။

သူ့အတွေးထဲမှာတော့ . .

''ကသစ်ဖြူ တကယ်ပဲ ဝိညာဉ်တွေကို မြင်နေတာလား . . သူ ပိုးအိကို တကယ်မြင်နေတာလား''





ကသစ်ပုံစံက လိမ်ညာနေသည့်ပုံတော့ မပေါက်ဟု သူ တွေးမိသည်။ ပိုးအိများ အနားမှာရှိနေမလားဆိုသည့်အတွေးနှင့် ဟိုကြည့်ဒီကြည့် လုပ်မိတာလည်း အကြိမ်အခါတွေ မနည်းတော့ချေ။

''ပိုးအိ . . မင်းကိုယ့်အနားမှာ တကယ်ပဲ ရှိနေတာလား''

ရုံးခန်းထဲမှာ သူတစ်ယောက်တည်း အသံထွက် အော်ကြည့်မိသည်။

''မင်း ရှိနေတယ်ဆိုရင် မင်းရပ်ပြီး ကြည့်နေကျနေရာက ခန်းဆီးစလေးကို လှုပ်ပြပါလား''

အခြေအနေက မည်သို့မျှ ထူးခြားမှုမရှိသည်ကြောင့် မိမိလုပ်ရပ်အတွက် သဘောကျပြီး 'ငါ တော်တော်ကြောင်ပါ့လား' ဆိုသည့် အတွေးဖြင့် မဲ့ပြုံးပြုံးနေမိသည်။

''မင်း ဝိညာဉ်ဘဝနဲ့ ရှိနေသေးတယ်ဆိုရင်တောင် . . မင်း ငါ့အနားမှာ ရှိနေမှာမဟုတ်ပါဘူး ပိုးအိ . . ဘာဖြစ်လို့လည်းဆိုတော့ မင်း ငါ့ကို တကယ်မချစ်ခဲ့ဘူးလေ . . အဟင်း . .''

ထိုစဉ် အပြင်မှ လူယုံကြီးဦးအေးချမ်းရောက်လာပြီး လုပ်ငန်းတိုးချဲ့ဖို့ နေရာတွေ သွားကြည့်တာ အဆင်ပြေကြောင်းပြောပြရာ မင်းနေက စိတ်ဝင်စားဟန်မပြဘဲ မဆီမဆိုင် ကသစ်ဖြူအကြောင်း မေးလိုက်၏။

''ဦးအေးချမ်း ကျွန်တော့်ကို ကသစ်ဖြူအကြောင်း သိသလောက် ပြောပြပါလား''

''ဟော . . ဪ အေးအေး . .'' ဟုဆိုကာ ဦးအေးချမ်းက ကသစ်ဖြူဟာ တစ်ယောက်တည်းသမား ဖြစ်ကြောင်း၊ သူ့ထမင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ရှာစားနေသော ရိုးသားကြိုးစားသောသူတစ်ယောက် ဖြစ်ကြောင်း၊ အရင်က ချမ်းသာသောအသိုင်းအဝိုင်းမှ ဖြစ်ကြောင်း၊ ကားအက်စီးဒင့်ဖြင့် မိဘနှစ်ပါး ဆုံးပါးသွားပြီး အတွင်းလူနာအဖြစ် သူမကို ကုသခဲ့ရကြောင်း၊ သစ္စာမရှိသော အလုပ်သမားအချို့၏ လောဘကြောင့် ကာသစ်ဖြူ ဆေးရုံကဆင်းချိန်တွင် ပိုင်ဆိုင်မှုတွေ မရှိတော့ဘဲ ယခုလို ဘဝ ရောက်ခဲ့ကြောင်း သေချာရှင်းပြရာ မင်းနေ ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေ၏။ ပြီးမှ ..

"သူ ဝိညာဉ်တွေနဲ့ ထိတွေ့ဆက်ဆံနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ဦးအေးချမ်း"

ဦးအေးချမ်းက ဒီမေးခွန်းကို ချက်ချင်းမဖြေသေးဘဲ အနည်းငယ် စဉ်းစားသလို တွေးပြီးမှ ..

"ဒါက သေချာအတိအကျပြောဖို့ ခက်တယ် လူလေးရဲ့ .. မဖြစ်နိုင်ဘူးလို့လည်း တစ်ထစ်ချ ပြောလို့မရဘူး .. ဒီကလေးမလေးပုံကလည်း တမင်လိမ်ညာဟန်ဆောင်နေတဲ့ပုံမျိုး မဟုတ်ဘူး .. အဆိုတော်အောင်ခန့်ကိုစွရယ် .. အခု ပိုးအိကို သူ တစ်ခါမှ မမြင်ဖူး၊ မကြားဖူးဘဲ သေချာပြောပြပုံရယ်ကို ထောက်မယ်ဆိုရင် .. ကာသစ်ဖြူပြောတာ ဖြစ်နိုင်တယ် .."

"ကျွန်တော်ကတော့ လက်တွေ့သမားဆိုတော့ ယုံရခက်၊ မယုံရခက် ဖြစ်နေတယ် .. တကယ်ပဲ ပိုးအိက ကျွန်တော့်အနားမှာ ရှိနေခဲ့တာလား .."

"ဟုတ်ပြီလေ .. ဒါဆို ဦးလေး သားကို အကြံတစ်ခုပေးမယ် .. မနက်ဖြန် ကာသစ် အလုပ်နားတဲ့ရက်"





"အဲဒီတော့ .."

"အဲဒီတော့ လူလေးရင်ထဲ သံသယရှင်းသွားအောင် အလုပ်နားရက်မှာ ကာသစ်ဖြူ ဘယ်လိုနေထိုင်ပြုမူတယ်ဆိုတာကို နောက်ယောင်ခံလိုက်ကြည့်ကြရင် မကောင်းဘူးလား လူလေး"

စကားအဆုံးမှာ မင်းနေက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ..

"ဖျောက် ! ဒီတစ်ခါတော့ ဦးလေးအကြံ မဆိုးဘူး .. အဲဒီအတိုင်း လိုက်ကြည့်ရင် တစ်ခုခုတော့ ထူးမယ်ထင်တယ် .. ဦးအေးချမ်း"

သူတို့ ပြောဆိုနေသမျှကို မျက်နှာငယ်လေးဖြင့် နားထောင်နေသည့် ဝိညာဉ်မလေးပိုးအိ ရှိနေသည်ဆိုတာကိုတော့ မည်သူမျှ သိကြမည် မဟုတ်ချေ ..။

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

ကသစ်ဖြူတစ်ယောက် ရှားရှားပါးပါး အလုပ်နားရက်လေးမို့ မတွေ့တာကြာပြီဖြစ်သည့် သူငယ်ချင်းအေးမွန်ဆိုင်သို့ Talking ပစ်ရန် ထွက်လာခဲ့၏။

ထုံးစံအတိုင်း ကားအလာကျဲသည့် သူမတို့လမ်းထိပ်ရှိ ကားမှတ်တိုင်လေးမှာ မတ်တတ်ရပ်၍ ကားလာရာဘက်ကို မျှော်နေမိသည်။

ထိုစဉ် ကသစ်ဘေးသို့ ဝိညာဉ်တစ်ကောင် ရောက်လာပြီး ရစ်သီရစ်သီ လုပ်နေသည့်ကြောင့် သူမ အတော် အာရုံနှောက်သွားသည်။

သို့ကြောင့် ထိုဝိညာဉ်ကောင်နှင့်ဝေးရာနေရာသို့ သွားရပ်ကားစောင့်လိုက်သည်။ မရ။ ထိုအကောင်က ကပ်လိုက်လာပြန်၏။ သူမ တစ်ဖက်သို့ ရွှေ့ရပြန်၏။ ကပ်ပါလာပြန်၏။





သူမနည်းတူ ကားစောင့်နေသူတချို့ကတော့ တစ်ယောက်တည်း ဟိုဘက်သွားရပ်လိုက်၊ ဒီဘက်သွားရပ်လိုက်လုပ်ပြီး ဂနာမငြိမ်ဖြစ်နေသော သူမကို အထူးအဆန်းဖြစ်နေကြပုံရသည်။

"ဟဲ့ . . ဘယ်လိုဖြစ်လို့ ငါ့အနား ဒီလောက်ကပ်နေတာလဲ . . သွား ဝေးဝေးမှာ သွားနေစမ်း . . ဟိုမှာ လူတွေ ငါ့ကို တစ်မျိုးမြင်ကုန်ကြပြီ . ."

သူမက တိုးတိုးကြိတ်ကြိတ်ပြောတော့ ဝိညာဉ်ကောင်က အနည်းငယ် တင်းသွားပုံရသည်။ သူမကို ဘုကြည့်ကြည့်ကာ ခပ်လှမ်းလှမ်းတစ်နေရာသို့ သွားနေ၏။

စိတ်ကောက်တတ်ပုံရသည့် ထိုဝိညာဉ်ကိုကြည့်ပြီး သူမပင် ရယ်ချင်သွားမိ၏။

ထိုစဉ် ဘတ်(စ်)ကား ရောက်လာသည့်ကြောင့် သူမ အလျှင်အမြန် ကားပေါ်လိုက်တက်သွား၏။

လမ်းတစ်ဖက်တစ်ချက်မှာ ရပ်ထားသည့် ကားနက်ကြီးတစ်စီးအတွင်းမှ မျက်ဝန်းနှစ်စုံကိုတော့ သူမ လုံးဝ သတိမထားမိခဲ့ပါချေ။



www.burmeseclassic.com

ကော်ဖီဆိုင်လေးထဲကိုရောက်တော့ သူငယ်ချင်းဖြစ်သူ အေးမွန်က ကြားဖူးနေကျ လောကွတ်စကားဝါကျတွေ တစ်သီတတန်းကြီးဖြင့် ဆီးကြိုနှုတ်ဆက်ပြီး ဝိုင်းတစ်ဝိုင်းမှာ ထိုင်ဖြစ်ကြသည်။

နောက်ယောင်ခံလိုက်ကြည့်ဖြစ်သည့် မင်းနေနှင့် လူယုံကြီး ဦးအေးချမ်းတို့လည်း တစ်ဖက်အပေါက်မှ ဆိုင်ကလေးထဲကိုဝင်ကာ ကာသစ်ဖြူတို့ဝိုင်းနှင့် ကျောချင်းကပ်တစ်ဝိုင်းမှာ မသိမသာ ဝင်ထိုင်လိုက်၏။

"ဟဲ့ ကာသစ် .. နင် အရင်ထက် ပိုကြည့်ကောင်းလာတယ်နော် .. ဘယ်လိုလဲ .. အလုပ်လုပ်ရတာရော အဆင်ပြေရဲ့လား"

"အလုပ်မှာ အဆင်ပြေပါတယ် .. ပျော်လည်း ပျော်တယ် .. ပြီးတော့ ငါ့အလုပ်က အရောင်းဝန်ထမ်းဆိုတော့ အဆင်ပြေအောင်တော့ ပြင်ပြင်ဆင်ဆင်လေး နေရတာပေါ့ အေးမွန်ရယ် .."

"ကောင်းပါတယ် .. နင် အဲ့ဒီမှာတော့ အလုပ်ကို မြဲအောင် လုပ်ပါဟာ .."

"အမလေး မြဲအောင်လုပ်တာပဲ .. ဒါတောင် ကံကောင်းလို့ ဟိုတစ်ပတ်က ငါ အလုပ်ပြုတ်ပြီ မှတ်တာ .."





"အဲ .. ဖြစ်ရမယ် .. ကာသစ်ဖြူတို့က တကယ် တကယ် .. ဘာလဲ .. ဟို ဝိညာဉ်တွေကြောင့်ပဲလား .. ဒီတစ်ခါရော"

"အင်း .."

သူမက ခေါင်းညိတ်ပြကာ အဆိုတော်အောင်ခန့်နှင့် သူ့ချစ်သူဟောင်းကောင်မလေး ဝိညာဉ်တို့အကြောင်းကို ပြောပြလိုက်

အေးမွန်က ..

"နင်ကလည်း နင်ပဲ .. ဒီဝိညာဉ်တွေ ကိစ္စတွေပဲ လိုက်လိုက်ပါနေတာ .."

"ငါလည်း သနားလို့ပါဟယ် .. အဲဒီကောင်မလေးက ငါ့ရှေ့မှာ တအားငိုနေတော့လေ .."

"အေးအေး .. ကျပ်ကျပ်သနား .. တော်ကြာ နင်ပါ ဒုက္ခတွေ ရောက်မယ် .. ဩော် .. ဒါနဲ့ စကားမစပ် .. နင့်ဆီက ကော်ဖီတောင်းတောင်းသောက်တတ်တဲ့ ဟို ကော်ဖီကြိုက် ဝိညာဉ်ရော .. အခု ပါသေးလား"

"ဟင့်အင်း .. မပါဘူး .. သူလည်း ခုတလော ဘာတွေ လျှောက်လုပ်နေလဲ မသိဘူး .. ငါ့ဆီ မလာတာတောင် ကြာနေပြီ .."

မင်းနေနှင့် ဦးအေးချမ်းတို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြ

"ဒါနဲ့ .. နင်တို့ သူဌေးက သဘောရော ကောင်းရဲ့လား"

"အမလေး .. ကောင်းပါလိမ့်မယ် အားကြီးကြီး .. စိတ်ကလည်း ပုပ်လိုက်တာ လွန်ရော .. လူကိုတွေ့ရင် အော်မယ်

www.burmeseclassic.com



ဟောက်မယ်ဆိုတာချည်းပဲ . . တကယ့် လူ့ခွစာကြီး''

သူမစကားကြောင့် လူယုံကြီးဦးအေးချမ်းက ကြိတ်ရယ်နေ၏။ မင်းနေကတော့ မျက်နှာတည်တည်ကြီးဖြင့်သာ ဟန်မပျက်နေနေ၏။ ရင်ထဲမှာတော့ အောင့်သက်သက် ဖြစ်နေပုံရ၏။

''ဒါပေမဲ့ သူဌေးက ချောတာကော့ တော်တော်ချောတာပဲ . . နာမည်က ကိုမင်းနေတဲ့ . . တကယ့်ကို နေမင်းတစ်စင်းလို အရှိန်အဝါကလည်း ကြီးတယ် . . အရမ်းလည်း အလုပ်လုပ်တာ တော်တယ် . . တိကျပြတ်သားတယ် . .''

''အမယ် . . ညွှန်းလှချည့်လား မိကာသစ်ရယ် . . ဒါနဲ့ နင်တို့ သူဌေးက အသက်ဘယ်လောက်ရှိပြီ ထင်လဲ''

သူမက စဉ်းစားသလို တစ်ချက်တွေးပြီးမှ . .

''အင်း . . အသက်က ငါတို့ထက်ကြီးရင် ၁ နှစ် ၂ နှစ်လောက်ပါပဲ . .''

''ဟယ် . . ဒါဆို ငယ်ငယ်လေးပဲ . . ငါနဲ့ မိတ်ဆက်ပေးပါလား ဟင် . .''

''အေးမွှန်တို့က လုပ်လာပြီ . . စကားအကောင်းပြောနေတာကို . .''

''အမယ် . . ကေန္တ မိကာသစ်တို့ သူတို့သူဌေးကို ကြိတ်နိုက်နေပြီ ထင်ပါရဲ့''

အေးမွှန်က အတည်ပေါက်နှင့်စတော့ ကာသစ်ဖြူက ရှက်ရယ်ရယ်နေ၏။ နားထောင်နေသည့် မင်းနေတစ်ယောက်မှာတော့ ရှက်ကိုးရှက်ကန်းဖြစ်နေရှာပြီး ဦးအေးချမ်းကိုလည်း မလုံသလို တစ်ချက်ကြည့်လိုက်ပါသေးသည်။

''မမှန်းရဲပါဘူး အေးမွှန်ရယ် . . ငါတို့ဘဝနဲ့ ကိုမင်းနေတို့ဘဝက တခြားဆီပါ . . ငါ့လို အညတရကောင်မလေး တစ်ယောက်ကို သူ့ခေါင်းထဲမှာ စာရင်းတောင် ရှိမှာ မဟုတ်ပါဘူးဟာ . .''

''နင်ကလည်း စိမရောက်ခင်က မြားကုန်နေပြန်ပါပြီ . . အချစ်မှာ မျက်စိမရှိဘူးဟဲ့ . . နင်တို့နှစ်ယောက် ရေစက်ပါရင် ဘယ်လိုအခြေအနေဖြစ်ဖြစ် ဆုံဆည်းကြမှာပဲလေ . .''

''ရေစက်ဆိုမှ သူနဲ့ငါနဲ့က ရေစက်ရှိတာတော့ သေချာတယ်ဟ . .''

သူမက တွေးတွေးဆဆလေး ပြောတော့ အေးမွှန်ကလည်း ဗီဒီယိုကားတွေထဲက ဇာတ်ပို့တွေအတိုင်း ''အေး လုပ်ပါဦးဟ . . ဘယ်လို ရေစက်တုန်း''ဟု ဆိုပြီး ထောက်ပေးသည်။

''ဒီလိုဟ . . မိုးတွေ တအားရွာတဲ့ညမှာ သူ့ကားကို ငါ ကားကြုံလိုက်စီးဖူးတယ် . . အဲဒီတုန်းက ငါ့အလုပ်ရှင်သူဌေး ဖြစ်လာမယ်တွေ၊ ဘာတွေ ကြိုသိခဲ့တာမှ မဟုတ်တာ . .''

''အေးနော် . .''

''ဟော . . အခု ငါအလုပ်ရတော့မှ ကိုမင်းနေရဲ့ Super-market ဆိုတာ ငါ သိရတာ . . ဒါ . . ရေစက်ရှိလို့ပေါ့ . . သူနဲ့ ငါ . . အဲ . . ပြီးတော့ ငါ သူ့ကို စိတ်ဝင်စားတယ် . .''

''အဲ . . မိကာသစ်တို့ ခံစားချက်အစစ်အမှန်တွေ [illegible]လာပြီဟေ့ . .''







www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ပြောဆိုနေသည့် စကားတွေကို ကြားပြီး မင်းနေ မနေတတ်တော့ . . ထူပူပြီး ရက်သလိုလို ဘာလိုလို ဖြစ်နေ၏။ ဦးအေးချမ်းကတော့ ပြုံးစိစိလုပ်နေ၏။

"ဟာ . . နင်ကတစ်မျိုး ငါ ကိုမင်းနေကို စိတ်ဝင်စားတယ် ဆိုတာက . . နင်ထင်သလို မဟုတ်ဘူးဟ . . ဒီလို . ."

"အွန်း . . လုပ်စမ်းပါဦး"

"ငါ ကိုမင်းနေကို ကားကြုံတားဆီးတဲ့ညက ငါ့မျက်နှာနားကို ကားမှန်အပြင်ဘက်က ဝိညာဉ်တစ်ကောင် ပေါ်လာတော့ ငါ လန့်ပြီး သူ့ကို ကိုင်လိုက်မိတယ် . ."

"အင်း . ."

"အဲဒီမှာ အဲ့ဒီဝိညာဉ်က ရုတ်တရက်ပျောက်သွားတယ် . . ပုံမှန်အရဟာ . . ငါမြင်နေရတဲ့ ဝိညာဉ်တွေက အဲလို ရုတ်တရက် ပျောက်သွားလေ့ မရှိဘူး . ."

"ကသစ် . . နင် ဘာကို ပြောချင်တာလဲ . ."

"ဒီလိုဟာ . . ငါ သူ့ကို ထိလိုက်တာနဲ့ ငါ မြင်နေရတဲ့ ဝိညာဉ်တွေ ပျောက်သွားတတ်တယ် . ."

ထိုညက အဖြစ်အပျက်ကို မင်းနေ ပြန်တွေးနေမိသည်။ သူမ ကြောင့် သူပါ မိုးရေတွေ စိုကုန်တာကိုလည်း သတိရလိုက်မိ၏။

"ဟုတ်လို့လား ကသစ်ရာ . . တိုက်ဆိုင်တာဖြစ်ပါဦးမယ် . . နင် အဆောင်ပေါင်းစုံ . . ဂါထာပေါင်းစုံ လုပ်တာတောင် မရဘဲနဲ့ဟာကို . ."

"ဟုတ်တယ်ဟ . . ဒါ တိုက်ဆိုင်တာ မဟုတ်ဘူး . . သူနဲ့ငါ





ခတ်လေ့ကားထဲမှာတုန်းကလည်း အဲလိုပဲ . . ငါ သူ့ကို ကိုင်လိုက်တာနဲ့ ဝိညာဉ်တွေ ပျောက်သွားတယ် . . အဲ့ဒီမှာ ငါ သတိထားမိသွားတာ . . ငါ သေချာအောင်တောင် စမ်းသပ်ခဲ့သေးတယ်"

"ဘယ်လိုလဲ . ."

သူမက ခတ်လေ့ကားတံခါးအဖွင့်မှာ ဝိညာဉ်တစ်ကောင် ထိုင်နေတာတွေ့၍ နောက်ကနေ မင်းနေလက်ကို သွားကိုင်ကာ စမ်းသပ်ခဲ့ပုံနှင့် ပြဿနာတက်ခဲ့ပုံအကြောင်းကို ရှင်းပြလိုက်၏။

မင်းနေနှင့် ဦးအေးချမ်းတို့လည်း သူမပြောသမျှကို ခေါင်း တညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေ၏။

"နင်ပြောပုံအရဆိုရင် တစ်ခုခုတော့ တစ်ခုခုပဲဟ . . ကိုမင်းနေနဲ့ နင့်မှာ ရေစက်တော့ပါတာ သေချာတယ် . ."

"ငါ အဲဒါကို စိတ်ဝင်စားတာ . . သူ့အသားကို ထိမိတာနဲ့ ဘာကြောင့် ဝိညာဉ်တွေ ပျောက်ရသလဲဆိုတဲ့ အချက်ကိုပေါ့ . . အင်း တစ်ခါတလေတော့ တွေးမိသား . . ငါ ဝိညာဉ်တွေ မမြင်ရတော့တဲ့ သူ့လက်ကလေးကို ကိုင်ပြီး တစ်ညလောက် တော့ အိပ်ရေးဝဝအိပ်လိုက်ချင်သား . ."

သူမစကားကြောင့် မင်းနေ ရင်တစ်ချက်စောင့်ခုန်သွားပြီး မျက်လုံးပါ ပြူးသွား၏။ သူမက . .

"နင်လည်း သိတဲ့အတိုင်းပဲ . . ငါ့မှာ အစားကောင်းကောင်း မစားရ . . အလုပ်ကောင်းကောင်းမလုပ်ရ . . အအိပ် ကောင်းကောင်း မအိပ်ရနဲ့ . . အဟွန်း . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ လွယ်လွယ်လေး ․․"

"ဘာ လွယ်လွယ်လေးလဲ ․․"

"အေးလေ ․․ နင် ကိုမင်းနေကိုသာ ယူလိုက်ရင် ပြီးပြီလေ ․․ ဘာစိညာဥ်မှ မမြင်ရတော့တဲ့ ဒုက္ခတွေ ငြိမ်းသွားမယ်လေ"

"အာ ․․ ငါက အကောင်းမှတ်လို့ အေးမွန်ရယ် ․․"

"ဟဲ့ ․․ ဒါ အကောင်းပဲလေ ․․"

"မဖြစ်နိုင်ပါဘူးဟယ် ․․ ကိုမင်းနေက ငါ့ကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

"ပြောလို့ရမလား ရေစက်ပါနေပါပြီဆို ․․ ဒါနဲ့ နင့် ကိုမင်းနေကြီးက ချောလား"

"ငါ့ ကိုမင်းနေကြီး မဟုတ်ပါဘူးအေ ․․ နင်ကလည်း ․․ အင်း ချောလားဆိုတော့ ဘယ်လိုပြောရမလဲ ․․ အရမ်းကို ယောကျ်ားပီသပြီး တည်ကြည်ခန့်ညားတယ် ․․ သူက ခပ်တည်တည်ပဲ အမြဲနေတတ်တာဟ ․․ သူသာ ပြုံးပြုံးရယ်ရယ် လေးနေရင် အရမ်းချစ်ဖို့ကောင်းမှာ သိလား အဟိ ․․"

"အဲ ․․ အဲ ․․ ကသစ်ဖြူတို့ ကြွေနေတာ သေချာပါပြီကွာ ․․ ဟား ဟား ․․"

အေးမွန်က စ ․․။ ကသစ်က သူ့ဘာသာပြော သူ့ဘာသာ ရှက် ဖြစ်ပြီး နှစ်ယောက်သား ရယ်နေကြ၏။

မင်းနေလည်း ဆက်မနေရဲတော့သည့်ကြောင့် ရှက်စိတ်အချို့ ရင်ခုန်မှုတာသွယ်၊ ပျော်ရွှင်မှုတစ်ဝက်တို့နှင့် အသာ ထထွက်သွားခဲ့လေ တော့သည်။





ဦးအေးချမ်းလည်း မင်းနေလှုပ်ရပ်ကို အစက သဘောမပေါက် သေးဘဲ ကြောင်နေသေးသည်။ ပြီးမှ ပိုက်ဆံထားခဲ့ပြီး နောက်ကနေ ကပျာကယာနှင့် ထလိုက်သွားလေ၏။

ဆိုင်ကလေးထဲမှာတော့ သာလိကာမလေးနှစ်ကောင် စကား တွေ ဖောင်ဖွဲ့ရင်း ကျန်ခဲ့လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၉)

"သူက အရမ်းလှတဲ့ ဝိညာဉ်ကောင်မလေး ဆံပင်တွေက ကျောလယ်လောက်အထိ ရှည်တယ် ‥ နာမည်က ပိုးအိတဲ့"

မင်းနေ အခန်းထဲမှာ တစ်ယောက်တည်း သူမပြောသမျှကို ပြန်တွေးနေမိသည်။ သူမပြောခဲ့သလိုလည်း ခံစားနေရ၏။ ဒီအဖြစ်အပျက်တွေကို သူ မယုံကြည်ချင်ပေမဲ့ လက်ခံပေးလိုက်ရမည့် အဖြစ်မျိုး ကြုံတွေ့နေရ၏။

ကသစ်ဖြူကို သူ နောက်ယောင်ခံလိုက်သည့်နေ့က ကသစ်ဖြူ အိမ်အပြန်လမ်းကြားလေးထဲမှာ ကသစ်ဖြူတစ်ယောက်တည်း ဘေးက တစ်ယောက်ယောက်နှင့် စကားပြောသလိုပုံစံမျိုး တစ်ယောက်တည်း စကားတွေပြောပြီး ရယ်ရယ်မောမောပြန်သွားတာကို သူရော ဦးအေးချမ်းပါ တွေ့ခဲ့ပြီးပြီ။ သူမ ဟန်ဆောင်လီဆယ်နေတာ မဟုတ်တာတော့ သေချာနေ၏။





ယုတ်စွအဆုံး သူမ အခန်းထဲဝင်သွားသည်အထိကို သူရော ဦးအေးချမ်းပါ လိုက်ကြည့်ခဲ့၏။ သူမ အခန်းတံခါးမှာ ကပ်ထားသည့် အဆောင်ပုံတွေ၊ အင်းအိုင်လက်ဖွဲ့ပုံတွေပင် မြင်ခဲ့ရပါသေးသည်။

"ဟူး ‥"

သူ သက်ပြင်းတွေကို မှုတ်ထုတ်လိုက်၏။ သို့သော် ခေါင်းထဲက အတွေးစတွေကတော့ လွင့်ထွက်မသွား။

"ပိုးအိ ‥ မင်း ငါ့အနားမှာ တကယ်ပဲ ရှိနေတုန်းပဲလား ‥ ငါမင်းကို မုန်းတယ် ‥ ငါ ချစ်ခဲ့သမျှထက် နှစ်ဆ ပိုမုန်းတယ် ပိုးအိ ‥ ငါ့အနားကို သေပြီးတာတောင် ဘာရည်ရွယ်ချက်နဲ့ ဝိညာဉ်ဘဝနဲ့ နိုကပ်နေရတာလဲ ‥ ငါ မင်းကို မေ့ပစ်လိုက်တာ ကြာပြီ ပိုးအိ ‥ ငါ့ဆီက ဘာတွေ လိုချင်သေးလို့လဲ ‥ ငါ ဘာတွေ ထပ်ပေးရဦးမှာလဲ ‥"

ထိုစဉ် အခန်းတံခါးခေါက်သံကြောင့် သူ အတွေးစတွေ ပြတ်တောက်သွား၏။

"ဦးအေးချမ်းလား ဝင်ခဲ့လေ ‥"

တံခါးပွင့်သံနှင့်အတူ ဦးအေးချမ်း ဝင်လာ၏။

"မနက်ဖြန် နိုင်ငံခြားဧည့်သည်တွေနဲ့ တွေ့ဖို့ အားလုံး စီစဉ်ပြီးပြီ လူလေး"

"ဘယ်နနာရီ စီစဉ်ထားလဲ"

"မနက် ဆယ့်တစ်နာရီ date ထားတယ်"

"ကောင်းပါတယ် ‥ ဦးအေးချမ်းလည်း နားတော့လေ ‥ ပင်ပန်းရောပေါ့ ‥"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး ‥ လူလေး"

ဦးအေးချမ်းက လှည့်ပြန်မည်လုပ်ပြီးမှ ပြန်လှည့်လာသည့်ကြောင့် သူ စကားစ ထုတ်ပေးလိုက်သည်။

"ဦးအေးချမ်း ဘာပြောဖို့ ကျန်ခဲ့လို့လဲ ‥"

"ဟို ‥ သမီးလေး ကသစ်ဖြူအကြောင်းပါ ‥"

"ဘာ ထူးခြားလို့လဲ ‥ ပြောပါ ‥ ဦးအေးချမ်း"

သူ့ခွင့်ပြုချက်ရတော့မှ ဦးအေးချမ်းက ကသစ်ဖြူနှင့်ရုံးဝန်ထမ်း (၂) ယောက်တို့ ထမင်းစားနေတာကို အမှတ်မထင် တွေ့ခဲ့ကြောင်း၊ ကသစ်ဖြူက ထူးခြားသောအပြုအမူတချို့ကို ပြုလုပ်ခဲ့ကြောင်း၊ ထမင်းချိုင့်ဖုံးလေးကို ဘေးမှာချပြီး ထမင်းဟင်းအချို့ကို ပုံထည့်ပြီး တစ်စုံတစ်ယောက် စားဖို့ ချပေးထားကြောင်းနှင့် ဝန်ထမ်းကောင်မလေးတွေက ထမင်းစားတိုင်း အဲလို ဘာကြောင့် ပြုမူတာလဲ မေးသည်ကိုလည်း ကသစ်ဖြူက အကျင့်ဖြစ်နေ၍ ပြုမူတာဖြစ်ကြောင်းတို့ကို ပြောပြလိုက်၏။

မင်းနေက ဦးအေးချမ်းပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး ‥

"သူ ‥ ဝိညာဉ်တစ်ယောက်ယောက်ကို ထမင်းကျွေးတာများလား"

"ဦးလည်း အဲလိုပဲ ထင်တယ် လူလေး ‥ ဒီကလေးမလေးက စိတ်ကောင်းစေတနာကောင်းတော့ ရှိပုံရပါတယ် ‥"

မင်းနေက တစ်ခုခုတွေးဆသလို ငြိမ်သက်နေပြီးမှ စကားစ၏။





"ဦးအေးချမ်း ‥ သူ ကျွန်တော့်ဘေးမှာ ပိုးအိကို တွေ့တွေ့နေတယ်ဆိုတာ ဖြစ်နိုင်လောက်တယ် ‥"

"ဦး ယုံကြည်တယ် လူလေး ‥ ပိုးအိဆုံးပါးသွားတုန်းကလည်း လူလေးကို စိတ်ရောက်နေမှာ အသေအချာပဲ ‥ ဒီတော့ မကျွတ်မလွတ်ဘဲ လူလေးအနားမှာ ရှိနေတာ ဖြစ်မှာပေါ့ကွယ် ‥ သေချာတာတော့ ကသစ်ဖြူက လိမ်ညာပြောနေမှာ မဟုတ်လောက်ဘူး ‥ ပြီးတော့ သူက ပိုးအိကို အရင်ကတည်းက သိခဲ့သူတစ်ယောက်မှ မဟုတ်တာ ‥"

"အင်း ‥ ကျွန်တော် ဘာဆက်လုပ်ရင် ကောင်းမလဲ ‥ စဉ်းစားနေတာ ‥ နောက်တစ်ခု ကျွန်တော် စိတ်ဝင်စားတာက သူ ကျွန်တော့်ကို ထိမိကိုင်မိတာနဲ့ ဘာကြောင့် သူ့အနားက ဝိညာဉ်တွေက ပျောက်သွားရတာလဲ ‥ ကျွန်တော် နားမလည်နိုင်ဘူးဗျာ ‥"

"ဒီလိုပဲပေါ့ လူလေးရယ် ‥ လောကကြီးထဲမှာ ကိုယ်မမြင်ရတဲ့ အကြောင်းအရာတွေ အများကြီးရှိနေတာကိုးကွဲ့ ‥ ဒါပေမဲ့ မပူပါနဲ့ ဦးအေးချမ်း ဒီကိစ္စကိုလည်း အဖြေရှာ စုံစမ်းပေးထားပါ့မယ် ‥"

"နောက်တစ်ခုဗျာ ‥ ကျွန်တော် ကသစ်ဖြူနဲ့ နည်းနည်းဆွေးနွေးချင်တယ် ‥ အဓိက,က ပိုးအိကိစ္စပေါ့ ‥ သူ ဘာဖြစ်ချင်လို့ ဘာကြောင့် အနားမှာ ရှိနေတာလဲဆိုတာကို ကျွန်တော် ကသစ်ဖြူအကူအညီနဲ့ သိချင်တယ် ‥"

ဦးအေးချမ်းက ဒီကိစ္စအတွက် ကသစ်ဖြူအပေါ်နားရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ သူမအိမ်ကို လိုက်သွားပြီး အေးအေးဆေးဆေးညှိနှိုင်းဆွေးနွေးသင့်ကြောင်း အကြံပြုပြောဆိုရာ မင်းနေ လက်ခံလိုက်သည်။

ဦးအေးချမ်းမရှိတော့မှ မင်းနေလည်း ကသစ်ဖြူနှင့် ရေစက်စုံပုံအကြောင်းနှင့် အလွန်တိကျပြတ်သားတဲ့သူဟာ ကသစ်ဖြူကြောင့် မင်္ဂလာပွဲ ပျက်သွားသည့် အမှားအကြီးကြီးအတွက် ဘာကြောင့် ပြင်းပြင်းထန်ထန် အရေးမယူခဲ့မိပုံများအကြောင်းကို တွေးရင်း တစ်ကိုယ်တည်း ပြုံးနေမိသည်။ ကသစ်ဖြူကို နောက်ယောင်ခံလိုက်စဉ်က သူမသူငယ်ချင်း အေးမွန်နှင့် ပြောခဲ့သည့် ..

"အင်း .. တစ်ခါတလေတော့ တွေးမိသား .. ငါ့ဝိညာဉ်တွေ မမြင်ရတော့ဘဲ သူ့လက်ကလေးကိုကိုင်ပြီး တစ်ညလောက်တော့ အိပ်ရေးဝဝ အိပ်လိုက်ချင်သား .."

"သူသာ ပြုံးပြုံးရယ်ရယ်လေး နေရင် အရမ်းချစ်ဖို့ကောင်းမှာ သိလား"

စသည့်စကားသံများကို ကြားယောင်မိပြီး တစ်ယောက်တည်း ရှိန်းတိန်းဖိန်းတိန်း ခံစားနေရ၏။

ဖြစ်လေ့ဖြစ်ထမရှိသည့် သူ့အတွက် ခံစားမှုပုံစံအသစ်မို့ ဒါကို ခေါင်းစဉ်ပေးဖို့လည်း ခက်ခဲနေရပြန်သည်။

ဒါ .. ဘယ်လို ခံစားချက်မျိုးလဲ ..။

တစ်ခါတစ်ရံမှာ ဘာသာပြန်ရခက်တဲ့ ခံစားချက်တွေ သင်နှင့် ကျွန်ုပ်တို့ အနီးအနားမှာ အများသားပဲ မဟုတ်ပါလား။

■







(၈)

မင်းနေနှင့် လူပုံကြီးဦးအေးချမ်းတို့ ကသစ်ဖြူ၏ အခန်းတံခါးဝသို့ ရောက်ရှိနေပြီဖြစ်သည်။ ဦးအေးချမ်းက အခန်းတံခါးကို ခေါက်မည့်ဆဲဆဲတွင် အတွင်းမှ ကသစ်ဖြူ၏အသံကြောင့် မခေါက်ဖြစ်တော့ဘဲ နှစ်ယောက်သား အသာ နားထောင်နေမိလိုက်သည်။

"နင် .. ဘယ်လိုဖြစ်နေတာလဲ ကော်ဖီကောင် .. အခု လကုန်တော့မယ် .. ငါ့မှာ အခန်းခလည်း မပေးနိုင်သေးဘူး .. အခု လက်ထဲမှာလည်း လမ်းစရိတ်သာသာပဲ ရှိတာ .. ဘာကော်ဖီမှ မဝယ်နိုင်သေးဘူး"

"....."

www.burmeseclassic.com



"ငါ ‥ အဆင်ပြေတဲ့နေရာမှာ အဆင်ပြေတဲ့အချိန်တိုင်း နင်တို့ကို ကူညီတယ် ‥ ကျေးဇူးမမေ့တယ် ‥ ဒီကျေးဇူးလေးတွေ ထောက်ထားပြီး ငါ့ဘဝကိုလည်း ငဲ့ပေးပါဦး"

"‥‥‥"

သူမနှင့် ကော်ဖီကြိုက်သည်ဆိုသော ဝိညာဉ်ကောင်တို့ စကားပြောနေကြပုံရ၏။ မင်းနေ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီးမှ ဦးအေးချမ်းကို တံခါးခေါက်ရန် မေးဆတ်ပြလိုက်သည်။

"ဒေါက် ‥ ဒေါက် ‥ ဒေါက် ‥"

သူမက ထူးထူးခြားခြား အခန်းတံခါးခေါက်သံကြောင့် ကော်ဖီကြိုက်ဝိညာဉ်ကို တိတ်တိတ်နေရန် ပြောပြီး တံခါးဖွင့်ပေးရာ ကိုမင်းနေနှင့် ဦးအေးချမ်းကို ဖြူန်းစားကြီး တွေ့လိုက်ရသည်ကြောင့် အံ့သြမှင်သက်သွားမိသည်။

"ဦးအေးချမ်း ‥ ကိုမင်းနေ ‥ ကျွန်မ ‥ အိမ်ကို ဘယ်လိုသိပြီး ဘာကြောင့် လာကြတာလဲ ဟင် ‥"

"လူလေးက သမီးလေးနဲ့ ဆွေးနွေးစရာလေးတွေ ရှိနေလို့ တမင် သမီးအိမ်ကို စုံစမ်းပြီး လိုက်လာခဲ့တာပါကွယ် ‥"

သူမက မင်းနေကို နားမလည်နိုင်သလို တစ်ချက် ငေးကြည့်လိုက်သည်။ မင်းနေကတော့ ထုံးစံအတိုင်း ခပ်တည်တည်ပဲ ဖြစ်၏။

"ဟုတ် ‥ ဟုတ်ကဲ့ ‥ အိမ်ထဲကို ဝင်ကြပါရှင် ‥"

သူမခေါ်တော့ မင်းနေတို့ အိမ်ခန်းလေးထဲကို ဝင်ခဲ့ကြသည်။ အခန်းထဲမှာ သူ နားမလည်နိုင်သည့် အဆောင်လက်ဖွဲ့ပုံတွေ ‥ ဂါထာပုံတွေ ‥ အင်းအိုင်တွေ နံရံတွေမှာ ပြည့်နက်နေအောင်





ကပ်ထားသည်ကြောင့် မင်းနေတစ်ယောက် သေချာကြည့်ပြီး ကြိတ်ပြုံးနေမိသည်။

ဧည့်ခန်းကျဉ်းကျဉ်းလေးထဲမှာ အားလုံးနေရာတကျထိုင်ပြီးမှ သူမဘက်က စကားစ၏။

"ဟို ‥ ကျွန်မကို ဘာပြောစရာများ ရှိလို့လဲ ဟင် ‥"

မင်းနေက သူမမေးခွန်းကို မဖြေဘဲ အတွင်းအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြီး သူမကို ပေးလိုက်သည်။ ပြီးမှ ‥

"ငါ့ဘေးနားမှာ မကြာခဏ တွေ့နေရတဲ့ ဝိညာဉ်ကောင်မလေးဆိုတာ ‥ သူလား"ဟု ပြန်မေးလိုက်၏။

သူမက ဓာတ်ပုံကို သေချာကြည့်လိုက်ပြီးမှ ဖြေသည်။

"ဟုတ် ‥ ဟုတ်တယ် ကိုမင်းနေ ‥ သူပဲ ‥"

"ဟူး ‥"

မင်းနေက သက်ပြင်းလေပူတစ်ချက်ကို သေသေချာချာ မှုတ်ထုတ်ပစ်လိုက်ပြီး ‥

"သူ့နာမည် ပိုးအိ ‥ အရင်တုန်းကတော့ ငါ လက်ထပ်ဖို့အထိ ရည်ရွယ်ထားခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ပေါ့ ‥ ဒါပေမဲ့ သူ accident နဲ့ ဆုံးသွားခဲ့တာ ကြာပါပြီ ‥"

သူမက မင်းနေပြောသမျှကို သေချာအာရုံစိုက် နားထောင်နေ၏။ မင်းနေက ‥

"ငါ ပြောချင်တာက ‥ ငါနဲ့သူ့ကြားမှာ ငါတို့နှစ်ယောက်ပဲ သိတဲ့ ပြဿနာတချို့နဲ့ ပြီးဆုံးသွားပြီ ‥"

"ရှင် ‥ ကျွန်မ သိပ်နားမလည်ဘူး ကိုမင်းနေ ‥"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ ‥ ငါနဲ့ ပိုးအိနဲ့ ဘာအကန့်မှ မရှိတော့ဘူး ‥ ဒါကို သူ နားလည်သဘောပေါက်လျက်နဲ့ ဘာကြောင့် ဝိညာဉ်ဘဝနဲ့ ငါ့အနားမှာ ရှိရှိနေတာလဲဆိုတာကို ငါ နားမလည်ဘူး ဖြစ်နေတယ် ‥"

မင်းနေစိတ်ထဲမှာ ကသစ်ဖြူက သူနှင့် စကားပြောနေရာက နေ အကြည့်တွေ ဟိုရောက်ဒီရောက်ဖြင့် အာရုံမပါသလို ခံစားနေရသည်။

မင်းနေအတွေး မမှား၊ မင်းနေတို့ မမြင်ရသည့် ကော်ဖီကြိုက်ဝိညာဉ်ကောင်က သူမကို ဆန့်ပြသည့်အနေဖြင့် မင်းနေနောက်ကနေ ကသစ်ဖြူကို အမျိုးမျိုးပြောင်ပြနေသောကြောင့် ဖြစ်သည်။

သူမက ငြိမ်ငြိမ်နေရန် အသံတိတ် ပြန်လုပ်ပြသော်လည်း ထိုဝိညာဉ်က ပိုကဲ၍သာ ပြောင်နေ၏။

"ကသစ်ဖြူ ‥ ငါပြောတာကိုရော စိတ်ဝင်စားရဲ့လား ‥"

"ဟုတ် ‥ စိတ်ဝင်စားပါတယ် ‥ ဆက်ပြောပါ ‥ ဒါနဲ့ ‥"

"ဒါနဲ့ ‥ ဘာဖြစ်လဲ ဆက်ပြောပါ ‥"

"ဟို ‥ ကျွန်မ ‥ ရှင့်လက်ကလေးကို အခု ခဏကိုင်ပါရစေ ‥"

"ဗျာ ! ‥"

ရုတ်တရက်မို့ သူ အံ့သြပြီး 'ဗျာ' သွားမိသည်။ ဦးအေးချမ်းလည်း မျက်လုံးပြူးသွားရသည်။

"ဒီလိုပါ ‥ ကျွန်မတို့ စကားပြောနေတာကို နှောက်ယှက်နေတဲ့ ဝိညာဉ်တစ်ယောက် ရှိနေလို့ ‥ သူ ပျောက်သွားအောင်





အကူအညီတောင်းတဲ့ သဘောပါ ‥"

သို့မှ သဘောပေါက်သွားပြီး မင်းနေက သူ့ဘယ်ဘက်လက် တစ်ဖက်ကို မျက်နှာလွှဲပြီး ကမ်းပေးလိုက်သည်။ သူ ရှက်နေပုံရသည်။

သူမက ယောကျ်ားတန်မဲ့ အဖြစ်သည်းနေသည့် သူ့ပုံစံကို ကြည့်ပြီး မျက်စောင်းထိုးလိုက်မိသည်။ ဦးအေးချမ်းကတော့ အဖြစ်အပျက်ကို ကြည့်ပြီး ပြုံးနေမိသည်။

သူမ မင်းနေလက်ကလေးကို ထိကိုင်လိုက်တော့ မင်းနေ ဆတ်ကနဲ တစ်ချက်တုန်သွားသည်ဟု သူမ ထင်မိသည်။ ကော်ဖီကြိုက်ဝိညာဉ်ကောင်လည်း မင်းနေအသားနှင့် ထိလိုက်သည်နှင့် ပျောက်ကွယ်သွားလေတော့၏။

ပြီးမှ သူမက ကိုင်ထားသည့်လက်ကို ဖြုတ်ပြီး ‥

"ကျေးဇူးပဲ ‥ ကိုမင်းနေ ‥"

"ရပါတယ် ‥"

"အခု ‥ နှောင့်ယှက်မယ့် ဝိညာဉ် မရှိတော့ပါဘူး ‥ အေးအေးဆေးဆေးစကားပြောလို့ ရပါပြီ ‥ ကျွန်မဘက်က နားမလည်တာလေးတစ်ခုတော့ ရှိတယ် ‥"

"ဘာကိုလဲ ‥"

"ကျွန်မနဲ့ ရှင်နဲ့ ထိလိုက်တာနဲ့ ကျွန်မမြင်နေရတဲ့ ဝိညာဉ်တွေက ဘာကြောင့် ပျောက်ကွယ်သွားတာလဲ ‥ ကျွန်မ အဲဒါကို သိချင်နေတာ ‥"

"အဲဒါတော့ ‥ အင်း ‥"



www.burmeseclassic.com

www.burmeseclassic.com

မင်းနေ မဖြေတတ်ဖြစ်နေစဉ် ဦးအေးချမ်းက ဝင်ဖြေပေးလိုက်သည်။

"လောလောဆယ် ဦးတို့လည်း နားမလည်နိုင် ဖြစ်နေတယ်ကွယ် ‥ ဒါပေမဲ့ ဦး ဒီကိစ္စကို အဖြေသိရအောင် ကြိုးစားစုံစမ်းပေးထားပါတယ် ‥"

"ဟုတ်ကဲ့ ‥"

"အဲဒီတော့ ဒီကိစ္စကို ခဏထားပြီး ဦးတို့ လာရင်းကိစ္စလေးကို ဆက်ဆွေးနွေးလိုက်ရအောင်ပါ ‥"

ဦးအေးချမ်းက မူရင်းရည်ရွယ်ချက်ကို ပြန်စတော့ သူမလည်း ‥

"ဟုတ် ‥ သမီးကို နားလည်အောင် သေချာလေး ဆက်ပြောပြပါ ‥"

စကားဆုံးတော့ မင်းနေက တိုတိုတုတ်တုတ် ပွင့်ပွင့်လင်းလင်းပဲ ဝင်ပြောလိုက်၏။

"ဒီလိုကွာ ‥ ငါ့အနားမှာ အဲလို ဝိညာဉ်ရှိနေတာ ‥ ငါ မကြိုက်ဘူး ‥ အဲဒီတော့ သူ့ကို ငါ့အနားကို မလာစေချင်ဘူး"

မင်းနေစကားကြောင့် သူမ အံ့သြနေမိသည်။

"နေပါဦး ‥ ဒီဝိညာဉ်က တခြားလူမှ မဟုတ်တာ ‥ ရှင့်ချစ်သူပဲလေ ‥"

"အဲဒီ ချစ်သူဆိုတဲ့စကားလုံးကို နောက်ထပ် မသုံးစွဲမိပါစေနဲ့ကသစ်ဖြူ ‥ သူနဲ့ငါ ဘာမှ ပတ်သက်မှု မရှိတော့ဘူး ‥"



သူမ အံ့သြပြီးရင်းသာ အံ့သြသွားမိသည်။

"ရှင်က ဘယ်လိုလူလဲ ‥ သူ သေသွားတာနဲ့ပဲ ချစ်သူမဟုတ်တော့ဘူး၊ ပတ်သက်မှုမရှိတော့ဘူးလို့ ရှင် တစ်ဖက်သတ် ပြောနေတာလား"

ပိုးအိဘက်မှ မိန်းမချင်း ကိုယ်ချင်းစာပြီး သူမ မခံချင်ဖြစ်ကာ လေသံအနည်းငယ် မာကြောသွားမိသည်။

အခြေနေကို ဝင်ထိန်းသည့်အနေဖြင့် ဦးအေးချမ်းက ‥

"အဖြစ်အပျက်က ဒီလို သမီး ‥ ဦး ရှင်းပြမယ် ‥ လူလေးနဲ့ တူမလေးပိုးအိတို့က တခြားပြဿနာတစ်ခု ရှိခဲ့တယ် ‥ သဘောက လူလေးနဲ့ ဘာပတ်သက်စရာမှ မရှိတော့တာကို ဘာကြောင့်အနားကို လာလာနေရတာလဲ ‥ အဲလိုလာနေတာကို လူလေးက သဘောမကျဘူး ဖြစ်နေတာ ‥"

"အဲဒီတော့ ‥ ကျွန်မကို ဘာလုပ်စေချင်တာလဲ ကိုမင်းနေ"

မင်းနေက သူမမျက်နှာကို စေ့စေ့ကြည့်ပြီး ‥

"ငါ သိချင်တာလေး သူ့ကို မေးပေးပါ ‥ ဘာကြောင့် ငါ့အနားကို လာနေတာလဲဆိုတာကိုပေါ့ ‥"

"ဒီကိစ္စက ကျွန်မအတွက် ထင်သလောက်မခက်ခဲပါဘူး ‥ ဒါပေမဲ့ ခက်တာက ပိုးအိက ရှင့်အနားမှာ အမြဲတမ်း တွယ်ကပ်ရှိနေတာမျိုး မဟုတ်ဘူး ‥ သူ ရောက်ချင်တဲ့အချိန်မျိုးမှာ ရောက်ရောက်လာတတ်တာဆိုတော့ ‥"

"OK ‥ ငါ သဘောပေါက်တယ် ‥ အဲဒီအတွက်လည်း ကြိုတင် စီစဉ်ထားတယ် ‥ မင်းသာ သူ့ကို ငါ့အနားမှာ

ပေါ်လာတာနဲ့ ငါ့ကို ပြော ‥ ငါ သူနဲ့ စကားအပြတ်ပြောစရာ ရှိတယ် ‥"

"ဟုတ်ပြီ ‥ ကျွန်မ သဘောပေါက်ပြီ ‥ ကျွန်မ ဗိုးအိကို တွေ့တာနဲ့ ရှင့်ကို ချက်ချင်းပြောပါ့မယ် ‥

"ဗိုးအိက ငါ့အနားကို သူလာချင်တဲ့အချိန်မှ ရောက်လာတတ်တာဆိုတော့ မင်းက ငါ့အနားမှာ အချိန်ပြည့်ရှိနေပေးဖို့ လိုအပ်တယ် ‥ ဒီတော့ မင်း အရောင်းဝန်ထမ်း မလုပ်နဲ့တော့ ‥"

"ရှင် ! ‥"

"ဟုတ်တယ် ‥ သမီး ‥ မောင်မင်းနေရဲ့ အတွင်းရေးမှူးရာထူးနဲ့ မောင်မင်းနေရုံးခန်းမှာပဲ အလုပ်လုပ်ပေးဖို့ ဦးတို့ တိုင်ပင်ထားတယ် ‥ ဒါကို သမီးဘက်က လက်ခံပေးပါ ‥"

ဦးအေးချမ်း ဝင်ပြောတော့မှ သူမ သဘောပေါက်သွားသည်။

ဟုတ်သည်ပဲ။ သူ့အနားမှာရှိနေမှ ဗိုးအိဝိညာဉ်နဲ့ တွေ့ဖို့ကိစ္စက အဆင်ပြေနိုင်မည် မဟုတ်လား ‥။

"မင်းအတွက် လခကအစ နေထိုင်စားသောက်ရေးအဆုံး ငါ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ့မယ် ‥ ငါ့ကို ဒီတစ်ခုတော့ ကူညီပေးပါ ‥"

"ကောင်းပြီလေ ‥ ကျွန်မ ကူညီပေးပါ့မယ် ‥ ဒါပေမဲ့ ရှင်လည်း ကျွန်မကို ပြန်ကူညီပေးရမယ် ‥"

"ပြောကြည့်လေ ‥ ငါ ဘာပြန်ကူညီပေးရမလဲ ‥"

"ဒီလိုပါ ‥ ကျွန်မနားကို သိပ်နှောက်ယှက်လွန်းတဲ့





ဝိညာဉ်တွေ ရောက်လာခဲ့ရင် သူတို့ပျောက်သွားအောင် ကျွန်မကို ရှင်လက်မောင်းဖြစ်ဖြစ် ‥ တစ်နေရာရာကိုပို့ ‥ ထိတွေ့ခွင့် ပေးရမယ် ‥"

သူမ တောင်းဆိုမှုကို မင်းနေက ခဏစဉ်းစားလိုက်ပြီးမှ အဖြေပြန်ပေးသည်။

"OK လေ ‥ ဒါကို ငါ ခွင့်ပြုပေးပါ့မယ် ‥"

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

The Sun Supermarket ရှိ ဝန်ထမ်းများကြားတွင် "အရောင်းဝန်ထမ်းသစ်မလေးတစ်ယောက် ချက်ချင်းလက်ငင်း သူဌေး၏ အတွင်းရေးမှူးမလေး ဖြစ်လာ"ဟူသော ခေါင်းစဉ်ဖြင့် အထူးရေပန်းစားလျက် ရှိနေသည်။

မနာလို မရှုစိမ့်နိုင်သူတချို့က ..

"ဒီကောင်မ ဘာတွေ ချကျွေးထားတာလဲမှ မသိတာ .."

"ရုပ်ကလေး သနားကမားနဲ့ သူဌေးကို ဘယ်လိုဖွယ်လိုက်လဲ မသိဘူး"

"မကြာပါဘူး ကြည့်နေ .. မကြာခင် ကန်ထုတ်ခံရလိမ့်မယ်"

"သူဌေး ရည်းစားဟောင်းက ကျွတ်သေးတာ မဟုတ်ဘူး .. သူဌေးအပေါ် စီစဉ်တဲ့ သူဌေးအတွက် မင်္ဂလာပွဲကိစ္စတွေတောင် အဲဒီရည်းစားဟောင်းက တမလွန်ကနေ အမျိုးမျိုးဖျက်ပစ်တာဆိုပဲ .. ဒီကောင်မလေးတော့ ဒုက္ခရောက်ပြီ .."



". . . . . ."

စသည့် .. စသည့် လေသံတွေဖြင့် ကြိုတိုင်း အတင်းချနေကြ၏။ သို့သော်လည်း မည်သို့ပင်ဆိုစေကာမူ ကသစ်ဖြူကတော့ မင်းနေ ရုံးခန်းထဲမှာ အတွင်းရေးမှူးရာထူး၊ ပိုးအိဗိညာဥ်ရှာဖွေရေး အထူး အရာရှိအနေဖြင့် အလုပ်ဆင်းနေခဲ့တာ တစ်ပတ်ကျော်ပင် ကြာခဲ့ပြီ ဖြစ်၏။

ဤတစ်ပတ်ကျော်အတွင်းမှာ သူမဘက်က ပိုးအိဗိညာဥ်ကို မင်းနေအနားမှာ သတိထား ရှာဖွေမိသော်လည်း မတွေ့ရသေးချေ။ မကြာခဏ လှည့်ကြည့်မိသည့် သူမနှင့်သာ မျက်လုံးချင်း မကြာခဏ ဆုံမိ၏။ မလုံမလဲဖြစ်တတ်ပုံရသည့် မင်းနေကတော့ အရှက်ပြေအနေဖြင့် ..

"ဟိတ် .. တွေ့ရင် ချက်ချင်းပြောနော် .."ဟု ပြန်ပြောတတ်သည်။

တစ်ပတ်ကျော် တစ်ယောက်နှင့်တစ်ယောက် ဘယ်သွားသွား ဘာစားစား မခွဲမခွာ တပူးပူးတတွဲတွဲနေကြည့်မှ တစ်ယောက်စိတ်ကို တစ်ယောက် ပိုမိုနားလည်လာကြရသည်။ ပိုမိုလည်း ရင်းနှီးနွေးထွေး လာကြ၏။

မင်းနေက သူမကို "ကောင်မလေး ..၊ ဟိတ် ..၊ ကသစ်" စသည်ဖြင့် တရင်းတနှီး ပြောဆိုလာတတ်ပြီး သူ့ကိုယ်သူလည်း 'ကိုယ်' ဟု ပြောင်းလဲ သုံးစွဲလာသည်ကို သူမလည်း သတိထားမိသည်။

ဒီအတွက်လည်း ကြိတ်ပျော်ရွှင်ခဲ့ရသည်။ မင်းနေ စိတ်ထဲမှာလည်း သူမကို 'မာန်မာနမရှိဘဲ .. အရိုးခံ ကြင်နာသနားတတ်သူ'

www.burmeseclassic.com



"စိတ်ထားဖြူစင်ပြီး ‥ တစ်ပါးသူကို ကူညီဖြည့်ဆည်းတတ်သူ"၊ "……"စသဖြင့် ကိုယ်ပိုင်ခေါင်းစဉ်တွေပေးကာ ရင်ထဲမှာ နေရာတစ်ခု ရှိနေခဲ့ပြီဖြစ်သည်။

ဦးအေးချမ်းကတော့ ဘာကြောင့်မှန်းမသိ သူနှင့်သူမကို နီးနီးစပ်စပ်အဆင်ပြေပြေ ရှိနေသည်ကို သဘောတကျကျ ရှိနေခဲ့၏။

သူမ တစ်ရက်က Toilet သို့အသွားတွင် ဒီကုန်တိုက်ထဲတွင် မကြာခဏတွေ့ဖူးသည့် Security ယူနီဖောင်းနှင့် ဝိညာဉ်ကိုတွေ့ပြီး ပြဿနာတက်နေသေးသည်။

ထိုဝိညာဉ်က သူမကို မင်းနေခီက လခထုတ်စရာ ကျန်သေးသည်ဟု ပြောသည်။ သူ လခထုတ်မည့်ရက်တွင် ဦးနှောက်သွေးကြောပြတ် သေဆုံးသွားခဲ့၍ လခမထုတ်ခဲ့ရဟုလည်း ဆိုပါသည်။

သူမနှင့် ထိုဝိညာဉ်ကို မပြီးနိုင်မစီးနိုင် ပြဿနာဖြစ်နေစဉ်တွင် အမှတ်မထင် မင်းနေရောက်လာပြီး ‥

"ကောင်မလေး ‥ ကိုယ့်လက်မောင်းကို ကိုင်လိုက်ပါလား" ဟု ပြုံးစစနှင့် လာရောက်ကူညီခဲ့၏။

သူမ သူ့လက်မောင်းလေးကို ကိုင်ပြီး လမ်းလျှောက်လာခဲ့ရသည့် စိတ်ခံစားမှုအရသာလေးကို တိတ်တခိုး စွဲလမ်းနေမိ၏။

ထိုစဉ်က ‥

"ကျေးဇူးပဲ ‥ ကိုမင်းနေရယ် ‥ ဒီဝိညာဉ်က တအား ပြောရဆိုရ လက်ပေါက်ကပ်တာပဲ ‥ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတဲ့ ဝိညာဉ်လေ ‥ လခမထုတ်ရသေးလို့တဲ့ ‥ အဲဒါ ကိုမင်းနေကို အတင်းတောင်းနိုင်းနေတယ် ‥"





"ဪ ‥ ကိုယ်သိတဲ့ အဲ့တစ်ယောက်ကိုး ‥ နာမည်တ ဖိုးသော်တဲ့ ‥ သူ လခတောင်းချင်လို့ လာတောင်းနေတာပါ ကွာ ‥ သူ့နာရေးအတွက် သူ့လခထက် အဆပေါင်းများစွာ များတဲ့ ငွေတွေ ကိုယ်လှူခဲ့တာ သူ မသိလို့ဖြစ်မယ် ‥"

ထိုနေ့က သူမ ညာဘာပါတေးဖြင့် ရုံးခန်းထဲအထိ သူ့လက်ကို ကိုင်လိုက်လာခဲ့သည်။ ဝန်ထမ်းအချို့ မြင်ပြီး အတင်းပြောနေကြမှာကို သူမ သိသည်။ သို့သော် သူမ မသိကျေးကျွန်ပြုကာ နေနိုင်ခဲ့သည်။

ကိုမင်းနေတော့ သတိထားမိ မထားမိကို သူမ မပြောတတ်ပါ။ တစ်ခါတရံမှာ သူမ ဘာဝိညာဉ်မှ မတွေ့ပါဘဲနှင့် သူ့လက်ကို ခပ်တည်တည် ဆွဲကိုင်လမ်းလျှောက်ခဲ့တာကိုတော့ သူမ ဝန်ခံပါသည်။

ထို့အတွက် ပြန်တွေးမိတိုင်း ရှက်ရွံ့သလို ခံစားနေမိပေမဲ့ ကြည်နူးပြုံးပျော်မှုတို့ဖြင့်သာ သူမစိတ်ကို နှစ်သိမ့်ထားနိုင်ခဲ့၏။

"ဟိတ် ‥"

"အမလေး ‥"

သူမ တွေးကောင်းကောင်းနှင့် တွေးနေစဉ် သူမမျက်နှာရှေ့တည့်တည့်မှာ စားပွဲကိုလက်ထောက်ပြီး ရုတ်တရက်ကြီး ခေါ်လိုက်သည်ကြောင့် တကယ်ပဲ ထိတ်လန့်သွားမိသည်။ သူကတော့ သူမ ထိတ်လန့်မှုအတွက် သဘောတကျ ပြုံးရယ်နေမိ၏။

(ထိတ်လန့်နေသည့်ကြားမှ သူ့ကို မြင်ရတွေ့ရခဲ့သည့် အပြုံးအရယ်ကို မျက်နှာပေါ်မှာ တွေ့ရသည့်အတွက် အမှတ်တရ ဖော်ထား နေမိသေးသည်။)

"ဘာဖြစ်တာလဲ ကိုမင်းနေရယ် ‥ ဒီမှာ လန့်လို့ သေတော့မယ် ‥ တကယ်ပဲ ‥"

"ဘာ တကယ်ပဲလဲ ‥ ဒီမှာ ရှုံးဆင်းဖို့ ပြောပြီး ပြန်ကြဖို့ ပြောနေတာ ငါးခွန်းလောက်ရှိနေပြီ ‥ သူပဲ မကြားတဲ့ ဘာတွေတွေးပြီး တစ်ယောက်တည်း ပြုံးနေမှန်းမသိတဲ့နှုံများ ‥"

"ဩော် ‥ အဟီး"

သို့မှ သူမအဖြစ်ကို သူမ တွေးမိပြီး ရယ်လိုက်မိသည်။

"အမယ် ‥ ခုမှ ဘာထပ်ရယ်နေတာလဲ ‥ ထ ‥ ပြန်ဖို့လုပ်တော့ ‥ ဟိုမှာ ဦးအေးချမ်းတောင် ကားပေါ်ရောက်နေလောက်ပြီ ‥ ကသစ်တော့ မရိုးတော့ဘူးနော် ‥ ပုံစံကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ ‥"

"မဟုတ်ပါဘူး ကိုမင်းနေရယ် ‥ တခြားရယ်စရာကောင်းတဲ့ အကြောင်းလေး တွေးမိသွားလို့ပါနော် ‥ ကသစ်တို့က လုံးဝ ရိုးရိုးလေး ‥"


"ဟုတ်ပါပြီဗျာ ‥ ထားပါ ‥ ထားပါ ‥"

မင်းနေက သူမကို အတွင်းရေးမှူးခန့်သည့်နေ့မှစ၍ သူမကို အပို့အကြိုပါ တာဝန်ယူပေးလိုက်သည်။ သူမကိစ္စနှင့် ပတ်သက်ပြီး ဝန်ထမ်းတွေ ကွယ်ရာမှာ ပုံစံအမျိုးမျိုး ပြောဆိုနေကြမှာကိုလည်း ကြိုတင်ရိပ်စားမိခဲ့သည်။

သို့ပေမဲ့လည်း ‥‥။







"ကိုမင်းနေ ! ‥"

အလုပ်စာရင်းတွေ အာရုံစိုက်ပြီး စစ်နေသည့် မင်းနေ တစ်ယောက် ကသစ်ဖြူ၏ အလန့်တကြားခေါ်သံကြောင့် သူ လန့်သွားမိသည်။

"ဒီမှာ အလုပ်လုပ်နေတာကွာ ‥ ဖြည်းဖြည်းခေါ်လည်း ရပါတယ် ‥ လန့်လိုက်တာ ‥"

"‥‥‥"

သူမက ပြန်မဖြေဘဲ မှန်ကာထားသည့် ခန်းဆီးနေရာကိုသာ မျက်လုံးအပြူးသားနှင့် ကြည့်နေသည်ကြောင့် သူ တစ်ခုခုထူးခြားနေပြီ ဆိုသည်ကို သဘောပေါက်လိုက်မိ၏။

"ကသစ် ‥ ဘာဖြစ်လို့လဲ ‥"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ‥ ဟိုမှာ ‥ ပိုးအိရပ်နေတယ် ‥"

ဝိညာဉ်မလေးက သူ့ကိုတစ်လှည့် သူမကိုတစ်လှည့် ငေးကြည့်နေ၏။

"ဘယ် ‥ ဘယ်နားမှာလဲ ‥"

"ခန်းဆီးနားလေးမှာ ‥"

"ဟုတ်မယ် ‥ အဲ့ဒီအပေါ်က ကြည့်ရတဲ့ မြင်ကွင်းကို သူ သိပ်ကြိုက်တာ ‥ ဒီရုံးခန်းကို လာတိုင်း အဲ့ဒီနေရာကနေ သူ ငေးကြည့်နေကျ ‥"

မင်းနေက သူမကို ရှင်းပြသလိုပြောတော့ ဝိညာဉ်မလေးက အမြဲတမ်း ညှိုးနွမ်းနေသည့် မျက်နှာလေးပေါ်မှာ သူ့ကို သတိတရ ပြန်ပြောပြနေသည့် မင်းနေစကားကို ကြားပြီး ကျေနပ်သွားပုံရသည်။ အနည်းငယ်လေး ပြုံးယောင်သမ်းသွားသည်ဟု သူမ ထင်သည်။

"ကသစ် ‥"

"ရှင် ‥"

"သူ ‥ သူ အဲ့ဒီမှာရပ်ပြီး ရှင့်ကို ကြည့်နေတယ် ‥"

မင်းနေ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ‥

"ဟုတ်ပြီ ‥"ဟု ဆိုကာ မင်းနေက ပိုးအိရပ်နေတတ်သည့် နေရာကို သေချာကြည့်ကာ လေသံမာမာဖြင့် ပြောလိုက်သည်။

"ပိုးအိ ‥ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ‥ မင်း ငါ့ဆီကို ဘာလာလာလုပ်နေတာလဲ ‥ မင်း ဘာလိုချင်လို့လဲ ‥ ဒါမှ မဟုတ် မင်း ငါ့ကို မကျေနပ်သေးလို့လား ပြောလေ ‥"

သူမကတော့ အိုက်တင်ချက်ချင်းချိန်းသွားသည့် မင်းနေ ပုံစံကို ကြည့်ကာ အံ့ဩမိပြီး နားမလည်နိုင် ဖြစ်နေရသည်။

ကိုယ့်ချစ်သူတစ်ယောက်ကို သူ အဲလိုပြောစရာတဲ့လား။

ပိုးအိကတော့ လက်တစ်ခါခါခေါင်းတစ်ခါခါပုံစံဖြင့် အသံတိတ် ငိုကြွေးနေပြီ ဖြစ်၏။ ပိုးအိကိုကြည့်ပြီး သူမ စိတ်မကောင်းဖြစ်နေမိ၏။ သနားလည်း သနားနေမိသည်။

"ငါ ‥ အပြတ်ပြောမယ် ‥ ငါနဲ့မင်းနဲ့ ဇာတ်လမ်းက မင်း သေသွားပြီးကတည်းက အားလုံးပြီးဆုံးသွားပြီ ပိုးအိ ‥ ငါ့စိတ် ထဲမှာ မင်း မရှိတော့ဘူး ‥ မင်းအတွက်လည်း ငါ့မှာ ပြော စရာ ဘာစကားမှ မရှိတော့ဘူး ‥ ဒီတော့ အခု မင်း ငါ့ကို ပြောချင်တာရှိရင် တစ်ခါတည်း ကသစ်ကတစ်ဆင့် ပြောခဲ့ ပါ ‥ ပြီးရင်တော့ မင်း အပြီးအပိုင် ငါ့အနားကနေ ထွက် သွားလိုက်ပါတော့ ပိုးအိ"

သူမ ကြားထဲကနေ မနေနိုင်တော့သည်ကြောင့် ပိုးအိဝိညာဉ် နားကို ထွက်သွားပြီး မေးလိုက်သည်။

မင်းနေကတော့ သူ စိတ်လှုပ်ရှားတိုင်း ပြုမူနေကျဖြစ်သည့် သူ့ရဲ့ နဝရတ်ကိုးသွယ် လက်စွပ်ကလေးကိုသာ ဟိုလှည့်ဒီပွတ် လုပ်နေ လေ၏။

"ပိုးအိ ‥ ကိုမင်းနေကို ဘာပြောချင်တာလဲ ‥ ပြောပါ ‥ ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်ပါ ‥"

ဝိညာဉ်မလေးက သူ့စကားသွားတွေကြောင့် အရမ်းကြေကွဲ ခံစားနေရပုံရသည်။ သိမ့်ခနဲသိမ့်ခနဲ ရှိုက်ခါရှိုက်ခါ ငိုကြွေးနေ၏။

"မငိုပါနဲ့တော့ကွယ် ‥ ပြောစရာရှိတာသာ ရဲရဲပြောလိုက်ပါ"







www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်မလေးက မျက်ရည်စတွေကို လက်အစုံဖြင့် သုတ်ဖယ် နေ၏။ သို့သော် ခံစားချက်အရှိန်ကြောင့် မျက်ရည်တွေကတော့ ရပ်တန့်မသွားပါ။

"ပြောပါ ‥ ပိုးအိရဲ့ ‥ ပြောပါ ‥"

"ကျေးဇူးတင်ပါတယ် ‥ မကာ့သစ်ရယ် ‥ မောင့်ကိုလေ ‥ ပိုးအိကို ခွင့်လွှတ်ပေးပါလို့ပဲ ပြောပေးပါနော် ‥ အဟင့် ‥ ဟင့် ‥"

"အေးပါ ‥ အခုပဲ ကိုမင်းနေကို ပြောပေးပါ့မယ် ‥"

သူမက ပိုးအိကိုပြောပြီး ကိုမင်းနေဘက်သို့ လှည့်ကာ တစ်ခါတည်း ပြောပေးလိုက်သည်။

"ကိုမင်းနေ ‥ ပိုးအိက ပြောနေတယ် ‥ သူ့ကို ခွင့်လွှတ်ပေးပါတဲ့ ‥"

"ဘာ ! ‥ ခွင့်လွှတ်ပေးရမယ် ဟုတ်လား ‥ ဟားဟားဟား ‥"

မင်းနေက မေးကြောကြီးများ ထောင်ထလာသည်အထိ အခြောက်တိုက် ပြောပြီး ရယ်မောနေလေ၏။

သူမလည်း ကိုမင်းနေနှင့် ပိုးအိတို့ကို နားမလည်နိုင် ဖြစ်နေမိသည်။

"ကာသစ်ဖြူ ငါပြောတာတွေကို သူ ကြားနိုင်တယ် မို့လား"

သူမ ခေါင်းညိတ်ပြတော့ မင်းနေက ပိုးအိအမြဲရပ်နေတတ်သည့် နေရာကို စိုက်ကြည့်ပြီး ‥

"ပိုးအိ ‥ မင်း သေချာနားထောင် ‥ မင်းလုပ်ရပ်တွေအတွက်





မင်းကို ငါ ဒီတစ်သက်မဟုတ် နောင် ဘဝအဆက်ဆက်ထိ ခွင့်မလွှတ်နိုင်ဘူး ‥ မင်းကို ငါ အရမ်းမုန်းတယ် ပိုးအိ ‥ ငါ့အနားကနေ ခုထွက်သွားပါ ‥ နောက် ဘယ်တော့မှလည်း ငါ့အနားကို ပြန်မလာနဲ့"

ဟု ဒေါသသံအပြည့်ဖြင့် ပြောတော့ ပိုးအိ အသည်းအသန် ချုံးပွဲချ ငိုကြွေးနေသည်ကို ကြည့်ပြီး မင်းနေကို ဒေါသဖြစ်နေမိသည်။ ပိုးအိအဖြစ်ကိုလည်း မကြည့်ရက်တော့သည်ကြောင့် ပိုးအိဝိညာဉ် နေလို့မရတော့ဘဲ ပျောက်ကွယ်သွားအောင် မင်းနေကို ဆွဲကိုင်ပစ်လိုက်၏။

ပိုးအိဝိညာဉ် ပျောက်ကွယ်သွားမှ ‥

"တော်လောက်ပြီ ကိုမင်းနေ ‥ ပိုးအိဝိညာဉ်လည်း ပျောက်သွားပြီ ‥"

"ကောင်းတယ် ‥ တစ်သက်လုံးပျောက်သွားရင် ပိုတောင်ကောင်းဦးမယ်"

"ဒီမယ် ကိုမင်းနေ ‥ ရှင်တို့နှစ်ယောက်ကြားမှာ အတိတ်က ဘာပြဿနာတွေ ရှိခဲ့လဲ ကျွန်မ မသိဘူး။ ဒါပေမဲ့ အခု ရှင် ပြောလိုက်တာတွေက အရမ်းများတယ် ‥ ပိုးအိ အရမ်း ခံစားပြီး ငိုကြွေးနေတာကို ကျွန်မ မကြည့်ရက်နိုင်ဘူး ‥ အေးလေ ‥ ရှင်က မြင်မှ မမြင်ရတာကို ဘယ်ခံစားတတ်ပါ့မလဲ ‥ သူက ရှင့်ဆီက ခွင့်လွှတ်မှုကို လိုချင်လို့ ‥ ခွင့်လွှတ်မှု မရသေးလို့ ဒီလို ဝိညာဉ်ဘဝနဲ့ ရှင့်အနားကို ရောက်ရောက်နေတာ ဖြစ်မယ် ‥ ယောကျ်ားတစ်ယောက်အနေနဲ့ ရှင် ခွင့်လွှတ်ပေးလိုက်လို့ မရဘူးလား ‥ ဒီစကားက ရှင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com





ဘယ်လောက် ခက်ခဲစေလို့လဲ ကိုမင်းနေ ‥ ဒီစကားတစ်ခွန်းတွက် တခြားဘက်မှာ ဘယ်လောက်အကျိုးရှိသွားနိုင်တယ်ဆိုတာ ရှင်တွေးမိရဲ့လား ‥သူ ဘဝကူးကောင်းပါစေ ကိုမင်းနေ ‥ ကျွန်မတော့ ပိုးအိကို အရမ်းသနားတယ်"

သူမလည်း ဒေါသဖြစ်ဖြစ်နှင့် လက်ရှိအခြေအနေကို သတိမထားမိတော့ဘဲ မင်းနေကို အော်ပစ်လိုက်သည်။

မင်းနေက သူမစကားတွေကို မှင်သက်ငေးမော နားထောင်နေမိ၏။ ပြီးမှ ‥

"ပိုးအိက သနားစရာကောင်းတယ် ဟုတ်လား ကသစ် ‥ ငါ့ဘက်က ခွင့်လွှတ်ပေးဖို့ ဘယ်လောက်ခက်ခဲလို့လဲ ဟုတ်လား ‥ အေး ငါပြောပြမယ် ကသစ် ‥ တခြားကိစ္စဆိုရင် ငါ ယောကျ်ားတစ်ယောက်အနေနဲ့ ခွင့်လွှတ်ပေးဖို့ အသင့်ပဲ။ အေး ‥ ငါ့ယုံကြည်မှုနဲ့ ငါ့နှလုံးသားတွေကို ငွေကြေးတစ်ခုအတွက်နဲ့ ပိပိရိရိ လိမ်လည်အသုံးချသွားတာကိုတော့ ငါ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မပေးနိုင်ဘူး ကသစ်ဖြူ ‥ ငို ‥ အဲဒီဘဝမှာ သူ သေအောင်ငို ‥ ငါ လုံးဝမသနားဘူး ကသစ်ဖြူ"

မင်းနေက ဒေါသတကြီးပြောရင်းမှ မျက်ရည်စအချို့ စီးကျလာနေ၏။ သူမလည်း ဘယ်သူ့သနားရမည် မသိတော့။ ဘယ်သူက မှန်လို့ ဘယ်သူက မှားနေမှန်းလည်း မသိ။ ဒါမှမဟုတ် အမှန်တရားနှစ်ခုတို့ ထိပ်တိုက်တွေ့ဆုံနေကြသည့် ပြဿနာတစ်ခုလား။

"ကသစ် ‥ မင်းသေချာနားထောင်ပါ ‥ ပြီးရင် မင်း ငါ့ခံစားချက်ကို သဘောပေါက်သွားမှာပါ ‥ ငါ ‥ ဒီအတိတ်ကိစ္စတွေကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး ‥ ငါ့ထိုက်နဲ့ ငါ့ဘဝဆိုတဲ့ ခံစားချက်နဲ့ အားလုံးကို ရေငုံနှုတ်ပိတ်နေလာခဲ့တာ ‥ ဒါပေမဲ့ ဒီနေ့တော့ မင်းကိုငါ ပိုးအိနဲ့အကြောင်းတွေ ပြောပြမယ် ‥ ပြီးမှ မင်း ဆုံးဖြတ်ကြည့်ပေါ့ ကသစ်ဖြူရာ ‥"

ကိုမင်းနေက ပိုးအိရုပ်နေတတ်သည့် နေရာလေးကို ဝေးဝေးရီရီ ငေးကြည့်နေလိုက်သေးသည်။ ပြီးမှ အတိတ်တချို့ကို တူးဖော်ပြသလေတော့၏။

"ငါနဲ့ သူနဲ့က ဟိုတစ်ချိန်တုန်းကတော့ သိပ်ချစ်ကြတဲ့ ချစ်သူတွေပေါ့ကွာ ‥"

■





www.burmeseclassic.com

www.burmeseclassic.com



(ပ)

"ပိုးအိ . . မောင့်ကို ဘယ်လောက်ထိချစ်လဲ ဟင် . ."

မင်းနေ အမည်ရ ကောင်လေးက ပိုးအိအမည်ပေါက် ကောင်မလေးကို မေးတော့ ကောင်မလေးက ကောင်လေးကို အချစ်ရည် ရွှန်းလဲ့နေသော မျက်ဝန်းလုလုလေးတွေနဲ့ ငေးရီစိုက်ကြည့်နေ၏။ ပြီးမှ . .

"အဲ့ဒီအဖြေကို ကြားချင်ရင် . . မောင့်မျက်လုံးလေးတွေ ခဏ မှိတ်ထားပေး"

ကောင်လေးက မျက်လုံးလေးတွေ မှိတ်ထားပေးလိုက်သည်။ ကောင်မလေးက . .

"အခု . . မောင် ဘာမြင်ရလဲ ဟင် . ."

"ဟင့်အင်း . . မောင် ဘာမှ မမြင်ရတော့ဘူး . . အရာအားလုံး မည်းမှောင်နေတယ်လေ . ."





"အင်း . . အဲဒါ . . ပိုးအိအနားမှာ မောင်မရှိတဲ့ အခြားကမ္ဘာ တစ်ခုပေ့ါ . . မောင့်ကို အဲသလောက်အထိ ချစ်တယ် . ."

ရုတ်တရက် ကောင်လေးက သဘောမပေါက်၊ ပြီးမှ ပြုံးရွှင် သွားပြီး . .

"ဟာ . . မောင့်ချစ်သူလေးက . . စကားအရမ်းတတ်လိုက်တာ . . အဲဒါတွေနဲ့ ကြွေပြီး ချစ်နေရတာ သိလား . . ချစ်လိုက်တာ ကောင်မလေးရယ် . ."

ကောင်လေးက ကောင်မလေးကို ပွေ့ဖက်ထားလိုက်သည်။ ကောင်မလေးကလည်း အလိုက်သင့် ပွေ့ဖက်ထား၏။

ချစ်သူဘဝ၏ ညနေခင်းများသည် ကမ္ဘာဦးပန်းခြံထဲက ပေးသွားတွေလို ချိုရီအေးမြနေခဲ့၏။

အဲသလို ညနေခင်းပေါင်းများစွာကို အချစ်များဖြင့် ဘောင်ခတ်ပြီး သူတို့ချစ်သူနှစ်ဦး အတူတကွ ကြည်ကြည်နူးနူး ဖြတ်ကျော်ခဲ့ဖူးသည်။ ရာသီဥတုတွေ အလီလီကွယ်ပျောက် ပစ်နိုင်ကြသည်။

ပိုးအိဟာ မိတွေးနှင့် မယားပါသားတစ်ယောက်နှင့်အတူ တစ်မိုးအောက်မှာ အံခဲပြီး ဘဝကို ထုဆစ်ပုံဖော်နေခဲ့ရသူ။

မင်းနေကတော့ သူဌေးမတစ်ယောက်၏ တစ်ဦးတည်းသော သား။ အဲဒီတော့ သူတို့နှစ်ယောက်ဟာ ရာဇဝင်ထဲက ဇာတ်ဝင်ခန်းတွေ အတိုင်း မင်းနေအမေက မျိုးရိုးသိပ်မဟန်တဲ့ ပိုးအိနှင့် သဘောသိပ် မတူ။

သို့ပေမဲ့ နှလုံးသားအလို အချစ်ကိုသာ ရှေ့တန်းတင်ထားသည့် မင်းနေကတော့ အတားအဆီးတွေကြားမှ တက္ကသိုလ်ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်လျှောက် ချစ်သူနှင့်သာ နေ့ရက်တွေကို ကုန်ဆုံးစေခဲ့သည်။

နိုင်မာသည့် သံယောဇဉ်က မင်းနေ လုပ်ငန်းခွင်ထဲရောက်သည်အထိ ပိုးအိနှင့် အချစ်မပြယ်ခဲ့။ ပိုတိုး၍သာ ချစ်ခဲ့ကြ၏။ မင်းနေ၏ မိခင် သူဌေးမကြီး မတော်တဆ ဆုံးပါးသွားခဲ့တော့ ဖခင်ဝတ်ခဲ့ရသည့် မင်းနေ မေတ္တာတရားကို ပိုမိုတန်ဖိုးထားတတ်လာသည်။

နောက်တစ်နှစ်ထဲမှာ ချစ်ရသူ ပိုးအိကို တရားဝင် မင်္ဂလာပွဲပြုလုပ်ပြီး လက်ထပ်ပေါင်းသင်းဖို့အထိ စီစဉ်ထားပြီးလည်း ဖြစ်၏။

''ပိုးအိ ‥ ဒီမှာကြည့်ပါဦး ‥''

''ဟယ် ‥ စိန်လည်ဆွဲလေး ‥ လှလိုက်တာ ‥ တန်ဖိုးအရမ်းကြီးမှာပဲ''

''လက်ရှိပေါက်ဈေး ‥ သိန်းပေါင်းနှစ်သောင်းကျော်တန်တယ်''

''ဘုရားရေ ‥''

ပိုးအိက သူမ တစ်ခါမှ မကြားဖူးတဲ့ ကိန်းဂဏန်းအချိုးအဆစ်၊ တစ်ခါမှ မမြင်ဖူးတဲ့ တန်ဖိုးကြီး ရတနာစိန်လည်ဆွဲလေးကို ကြည့်ပြီး ဘုရားတလိုက်မိသည်။

ပိုးအိပုံစံကိုကြည့်ပြီး မင်းနေက သဘောတကျ ရယ်မောနေ၏။

''ဟား ဟား ‥ ဘာဖြစ်တာလဲ ပိုးအိရဲ့ ‥ ဟောဒီ စိန်လည်ဆွဲနဲ့ မောင် အမြဲဝတ်ထားတဲ့ ဟောဒီ နဝရတ်ကိုးသွယ်လက်စွပ်က မောင်တို့ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းခဲ့တဲ့ အမွေပစ္စည်းတွေလေ ‥ အခု ဒါ မောင့်လက်ထက်ပေါ့ ‥





အဲဒီတော့ မောင့်ဇနီးဖြစ်လာမယ့် ပိုးအိ ပိုင်ဆိုင်ရမယ့် ပစ္စည်းပဲလေ ‥ ဒီရတနာတွေက ထိုက်တဲ့လူမှ ပိုင်ဆိုင်ခွင့်ရတာလို့ ရှေးလူကြီးတွေ ပြောခဲ့ကြတယ် ‥ မထိုက်တဲ့လူတွေလက်ထဲကို ရောက်ရင် ‥ အဲဒီလူတွေ အမျိုးမျိုး ဒုက္ခရောက်ကုန်လိမ့်မယ် ‥''

''ဟင် ‥''

ပိုးအိက စကားအဆုံးမှာ စိန်လည်ဆွဲလေးကို မင်းနေလက်ထဲပြန်ပေးလိုက်ပြီး ‥

''ပိုးအိ ကြောက်တယ် ‥ ပိုးအိနဲ့ ဒီလို တန်ဖိုးကြီးပစ္စည်းတွေနဲ့ မထိုက်တန်လောက်ပါဘူး ‥''

''ဒီပစ္စည်းတွေကို အမြဲတမ်း မောင် ကိုယ်နဲ့မကွာ ယူသွားလေ့ရှိတယ် ‥ အခု ပိုးအိကို ပြောဖို့ အချိန်ရောက်လာလို့ ဖွင့်ပြောပြတာပါ ‥ မောင်နဲ့ လက်ထပ်ပြီးရင် ဒီ စိန်လည်ဆွဲလေးကို ပိုးအိ ဝတ်ရမယ် ‥ ဒါ ဘိုးဘွားတွေရဲ့ ဆန္ဒပဲလေ ‥''

ပိုးအိက ''လက်ထပ်ပြီးရင် မောင့်သဘောပါ''ဟု ဆိုပြီး ခေါင်းကလေး ညိတ်ပြခဲ့၏။ အဲသလို သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦးရဲ့ ဘဝလေးဟာ ထင်မှတ်မထားတဲ့ တစ်နေ့မှာ မုန်တိုင်းကျနေတဲ့ ပင်လယ်ပြင်ထဲက လှေငယ်လေးတစ်စင်းလို ပရမ်းပတာ ရမ်းခါခဲ့ကြရသည်။

ညနေခင်းတစ်ခု ‥။

ဟုတ်သည် ‥။ သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦး၏ မြိုင်ရောင် ညနေခင်းလေးတစ်ခု။ အဲဒီ ညနေခင်းလေး တစ်ခုမှာပေါ့။

www.burmeseclassic.com



မင်းနေဟုခေါ်သော ကောင်လေးတစ်ယောက် ‥ သစ်ပင်တစ်ပင်အောက်မှာ ချစ်သူပိုးအိအလာကို စောင့်မျှော်နေ၏။

မကြာသော အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ မင်းနေ၏ ကိုယ်ပိုင်နတ်သမီးလေးတစ်ပါးဟာ ဘေးလွယ်အိတ်လေးတစ်လုံးကို ယောက်ျားလေးတစ်ယောက်လို စလွယ်သိုင်းလွယ်ရင်း ရောက်ရှိလာ၏။

"မောင် ‥ ရောက်နေတာ ကြာပြီလားဟင် ‥ အိမ်က ဒေါ်ခင်မိမိပေါ့ ‥ လူကို တစ်ခုပြီးတစ်ခု ခိုင်းနေတယ်လေ ‥ ဒီကြားထဲ သူ့သား သက်ဟိန်းကတစ်မျိုး"

"မကြာသေးပါဘူး ပိုးအိရယ် ‥ ခဏလေးပဲ အားတင်းထားပါ ‥ အဲဒီ မိထွေးဆိုတဲ့ အရိပ်ထဲကနေ မကြာခင် မောင် ဆွဲထုတ်ပေးပါ့မယ် ‥"

"ပိုးအိက ပြောနေရာမှ လွယ်အိတ်ကလေးထဲကနေ အအေးပုလင်းလေးတစ်လုံးကို ထုတ်ပြီး ‥

"ရော့ ‥ မောင်သောက်ဖို့ ပိုးအိယူလာခဲ့တာ ‥"

မင်းနေက ချစ်သူပေးသော အအေးပုလင်းလေးကို ယူပြီး ‥

"အာ ‥ ရေဆာနေတာနဲ့ အတော်ပဲ ‥ မောင့်ချစ်သူလေးက အလိုက်အရမ်းသိတတ်တာပဲနော် ‥ အဲဒါတွေကြောင့် ချစ်ရတာ ‥"

ဟုဆိုကာ အအေးပုလင်းကို မော့သောက်နေ၏။

ပိုးအိကတော့ မင်းနေကိုကြည့်ပြီး ပြုံးနေလေသည်။

"ပိုးအိရော သောက်လေ ‥"

မင်းနေက ချစ်သူကို ပြန်တိုက်တော့ ပိုးအိက ခေါင်းခါပြီး ‥





"ဟင့်အင်း ‥ မောင်ပဲသောက်ပါ ‥ ပိုးအိ ဗိုက်တင်းနေလို့"

မင်းနေက အအေးပုလင်းကို အကုန်မော့သောက်ပစ်လိုက်ပြီး ချိန်မှာတော့ ‥

"အား ‥ ပိုးအိ ‥"

"ဟင် ‥ ဘာဖြစ်လို့လဲ ‥ မောင်"

"အား ‥ ကျွတ် ‥ မောင် မူးလိုက်တာ ‥"

နောက်ဆုံးမှာတော့ မင်းနေ အမြင်အာရုံတွေ ဝေဝါးသွားရာက နေ လုံးဝ မှောင်အတိဖုံးအုပ်သွားခဲ့လေတော့သည်။

"ပိုးအိကို ခွင့်လွှတ်ပါ မောင်ရယ် ‥"


■



www.burmeseclassic.com

www.burmeseclassic.com





"ဟင် . . ဒါဆို . . အခု ဝိညာဉ်ဖြစ်ပြီး နင်တို့သူဌေးနား လာလာနေတဲ့ ကောင်မလေးက လွှန်တာပေါ့ . . သူဌေးက ဒီလောက်ထိ ရည်ရွယ်ပြီးချစ်ခဲ့တာကို . . ဘာကြောင့် အအေး ထဲကို မေ့ဆေးခတ်ပြီး ဒီလိုလုပ်ရတာလဲ ဟယ် . ."

အေးမွန်ကပြောတော့ ကသစ်ဖြူက သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး . .

"ဟုတ်တယ် သူငယ်ချင်းရေ . . ပိုးအိက ကိုမင်းနေ မေ့လဲ သွားတော့မှ . . ကိုမင်းနေ သွားလေရာ အမြဲယူသွားတတ်တဲ့ စိန်လော့ကတ်သီးပါတဲ့ လည်ဆွဲကို ရှာယူပြီး ထွက်သွားခဲ့ တာ . . သူ့ကို ခွင့်လွှတ်ပေးဖို့ စာလေးတစ်စောင်ပဲ ချန်ထား ခဲ့တယ်လေ . ."

ကသစ် ပြောသမျှကို အေးမွန်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ပြီးမှ . .





"ဘာကြောင့် ဒီကောင်မလေးက ဒီလို တစ်နပ်စား လုပ်လိုက် ရတာလဲ . . ငါတော့ နားမလည်နိုင်တော့ဘူးဟာ . . အခု နင်တို့ သူဌေးတော့ သူသတိပြန်ရပြီး အားလုံးသိသွားတဲ့အချိန် မှာ အရမ်းဒေါသဖြစ်မှာပဲနော် . ."

"အစစ်ပေါ့ အေးမွန်ရာ . . သူ သတိရတဲ့အချိန်မှာ ပိုးအိ ထားခဲ့တဲ့စာကို ဖတ်ပြီး တအားပေါက်ကွဲ ခံစားသွားတာ . . ဒါကြောင့်လည်း ကိုမင်းနေက ပိုးအိကို ခုထိ ခွင့်မလွှတ် နိုင် ဖြစ်နေတာပေါ့ . ."

"အင်း ဒီလိုကျတော့လည်း နင်တို့ သူဌေး စိတ်နာနေတာ အပြစ်မပြောသာပါဘူးလေ . ."

"ဒါတော့ဒါပေါ့ အေးမွန်ရယ် . . ပိုးအိမှာလည်း ဒီအတွက် ကံမကောင်းရှာဘူးလေ . . ဒီရတနာကပဲ နိုက်တာလား . . သူနဲ့ပဲ မတိုက်လို့လား မသိပါဘူး . . ကိုမင်းနေ သတိရလို့ စာဖတ်ပြီးချိန်မှာပဲ သူ့ဆီကို ပိုးအိ ကားအက်ဆီးဒင့်နဲ့ ဆုံးသွား ပြီဆိုတဲ့ ဖုန်း ဆက်တိုက်ဝင်လာတော့တာပဲ . ."

"အိုး . . ကျွတ်ကျွတ် . . ဖြစ်ရလေဟယ် . . သြော် . . ဒါကြောင့်လည်း ဒီကောင်မလေး ခုထိ မကျွတ်မလွတ် ဖြစ် နေပုံရတယ် . ."

"ဟုတ်မှာပေါ့ဟာ . . နှ . . ငါလည်း ဘယ်သူ့ဘက်က ဘယ် လို ခံစားပေးရမလဲဆိုတာတောင် မပြောတတ်တော့ဘူး . . နှင့်ကိုလည်း အားနာပါတယ် . . အေးမွန်ရာ နှစ်ပေါက်စလုံး တိုက်တိုက်ဆိုင်ဆိုင် အလုပ်ကလေးအားလုံး ငါ့အိပ်တို

www.burmeseclassic.com



အလည်ခေါ်မှ စိတ်ညစ်စရာတွေ ပြောမိနေပြန်ပါပြီ''

''ရပါတယ် . . ကာသစ်ရာ . . ငါတော့ နင်တို့သူငယ်ချင်းကိုပဲ သနားတယ် . . သူ့ခမျာ ယုံကြည်မှုကို အလွဲသုံးစားအလုပ်ခံလိုက်ရတာမို့လား . . ဒါနဲ့ ပိုးအိက ဆုံးသွားတာဆိုတော့ သူယူသွားတဲ့ စိန်လည်ဆွဲရော ကိုမင်းနေ ပြန်ရလိုက်လား . .''

သူမက သက်ပြင်းသဲ့သဲ့လေး ချပြီး ခေါင်းအရင် ရမ်းပြ၏။ ပြီးမှ . .

''ဟင့်အင်း . . အဲဒီ ကိုမင်းနေရဲ့ ဘိုးဘွားပိုင်အမွေအနှစ် စိန်လည်ဆွဲက ခုချိန်ထိ ပျောက်ချင်းမလှ ပျောက်နေတုန်းပါပဲ . . ကိုမင်းနေက သူအမြတ်တနိုးတတ်တဲ့ နဝရတ်ကိုးသွယ် လက်စွပ်ရယ် . . အဲ့ဒီ စိန်လည်ဆွဲရယ်ကို အမွေအနှစ်ပစ္စည်းမို့ သိပ်မြတ်နိုး တန်ဖိုးထားတာ . . သူ့လက်ထက်မှ ပျောက်ပျက်ရလေခြင်းဆိုပြီး ယူကြုံးမရ ဖြစ်နေတာပေါ့ဟာ . .''

''ဟယ် . . စိန်လည်ဆွဲကြီး ပျောက်သွားတာ နှမြောစရာကြီးဟယ် . .''

''ဒါတော့ ပစ္စည်းသခ်ီရ . . လူသခ်ီရပေါ့ သူငယ်ချင်းရယ် . .''

သူငယ်ချင်းနှစ်ယောက် အကြောင်းအရာတွေ တစ်ကြီးပြောပြီးမှ အေးမွန်က ပြန်ရန်ပြော၏။

''နင်က ပြန်တော့မှာလား''

''အေးလေ . . နောက်ရက်မှ ထပ်လာခဲ့မယ် . . အခု အချိန်မရှိတော့ဘူး . . လိုင်းကားတိုးစီးရမှာနဲ့ ပြီးတော့ အိမ်မှာ





လျှော်စရာတွေလည်း ရှိသေးတယ်ဟ . .''

''အေးပါဟာ . . ကဲ ဒါဆိုလည်း ကြွ . . ကြွ . .''

သူမက အေးမွန်ကို အခန်းတံခါးဖွင့်ပေးလိုက်တော့ တံခါးဝမှာ မျက်ရည်စအချို့နှင့် ရပ်နေသော ဝိညာဉ်တစ်ကောင်ကြောင့် လန့်သွားမိ၏။

''ဟင် . .''

''ဟဲ့ . . ဘာဖြစ်တာလဲဟ . . အလန့်တကြား''

အေးမွန်က ဘာမသိညာမသိ ဝင်ပြောလိုက်၏။ ကာသစ်ဖြူကတော့ အခန်းဝကို သေချာကြည့်ကာ ''ပိုးအိ . .''ဟု တိုးတိုးရေရွတ်၏။

သို့မှ အေးမွန် သဘောပေါက်သွားကာ မျက်လုံးပြူးသွားမိသည်။ အစောကမှ သူမ မကောင်းကြောင်းကို ပြောထားမိသည် မဟုတ်ပါလား။ ကေန်န သူမပြောတာတွေကို ကြားပြီး မကျေနပ်၍ လိုက်လာခဲ့တာများလားဟုလည်း အေးမွန်တွေးပြီး လန့်နေမိသေးသည်။

''ကာသစ် . . လိုက်မပို့နဲ့တော့ . . ငါသွားပြီ''ဟုသာ ပြောကာ အေးမွန်တစ်ယောက် တစ်ချိုးတည်း လစ်တော့သည်။

အခန်းတံခါးရှေ့မှာတော့ မျက်ရည်တွေ သွင်သွင်စီးကျနေသည့် ဝိညာဉ်မလေးတစ်ယောက်နှင့် ကာသစ်ဖြူတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ဆွေးရိဝေမှုးစွာ ငေးစိုက်ကြည့်နေကြသည်ကို တွေ့ရလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(W)

(F/B)

အိမ် ..။

အိမ် ခေါင်းဆဉ်တင်ထားရပေမဲ့ နွေးထွေးမှု၊ ကြင်နာမှု၊ မေတ္တာတရားတွေ ဘာတစ်ခုမှ မရှိတော့တဲ့ နေရာလေးမှာ သူမဟာ အိမ်ပိုင်ရှင်ဖြစ်နေပေမဲ့ ကျွန်သာသာအနေအထားနှင့် အံကြိတ်နေခဲ့ရတာ ဖေဖေဆုံးပါးချိန်ကတည်းက ဖြစ်သည်။

ဖေဖေ့ နောက်မိန်းမ၊ သူမ၏ မိထွေး ဒေါ်ခင်မိမိ၏ လောင်းရိပ်အောက်မှာ အတော် ပင်ပန်းခက်ခဲစွာ သူမ နေခဲ့ရသည်၊ ဒီကြားထဲ ဒေါ်ခင်မိမိဘက်မှ ပါလာသည့် သားဖြစ်သူ သက်ဟိန်းက တစ်မျိုး။

သက်ဟိန်းက ဆေးသမား။ မအလုပ်သူကလည်း သိသိရက်နှင့် ဘာတစ်ခုမှ မပြော။ ဖေဖေကျန်ခဲ့သည့် စည်းစိမ်ဥစ္စာတွေလည်း တစ်နှစ်ဆိုသည့် အချိန်အတိုင်းအတာလေး တစ်ခုအတွင်းမှာ ပျောက်ချင်းမလှ ပျောက်ကုန်ခဲ့ရသည်။ ယခုလက်ရှိနေထိုင်သော အိမ်နှင့်ခြံပင်လျှင် ပိုးအိနာမည်နှင့်မို့သာ တည်ရှိနေခြင်းဖြစ်သည်။





ယခုလည်း သားဖြစ်သူ သက်ဟိန်းက ဘိန်းမှိန်းမှိန်းနေတော့ ဒေါ်ခင်မိမိကတော့ သူ့ရဲ့ မိတ်ကောင်းဆွေကောင်းတွေနှင့် ဖဲဝိုင်း ကောင်းနေ၏။ မသိမသိုင် သူမမှာ လက်ဖက်သုပ်ပေးရ ဂျင်းသုပ်ပေးရကလည်း လုပ်ပေးရသည်။

သူမအတွက် ပျော်ရွှင်ချိန်ဟူ၍ ချစ်ရသည့်မောင်နှင့် တွေ့ဆုံချိန်လေးတချို့သာ ရှိသည်။ သူ့အပေါ် ဂရုစိုက်ဖော်၊ အားပေးဖော် မောင် ရှိနေ၍သာ တော်ရှေ့သည်။ မဟုတ်ပါက ဒီလောကထဲမှာ သူ့မှာ ဘယ်လို အသက်ရှင်နေထိုင်ရမည်ပင် မသိတော့ချေ။

တစ်ရက်မှာတော့ သူမဘဝကို အကျပ်ရိုက်စေမည့် အကြောင်းအရာအချို့က အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့၏။ ပြဿနာအစက မိထွေးဖြစ်သူ ဒေါ်ခင်မိမိ ဖဲရှုံးပြီး အကြွေးတွေ ဝိုင်းဝိုင်းလည်ရာက စတင်ခဲ့သည်။

မီးလောင်ရာ လေပင့်ဖြစ်စေဖို့ သားဖြစ်သူ သက်ဟိန်းက ရန်ဖြစ်ပြီး အမှုရင်ဆိုင်နေရသေးသည်။

"ပိုးအိ .. မင်း .. မင်းနေဆိုတဲ့ သူဌေးသားတစ်ယောက်နဲ့ ကြိုက်နေတာပဲ .. အခု အိမ်မှာဖြစ်နေတဲ့ ပြဿနာတွေလည်း မင်းအသိပဲလေ .."

သားဖြစ်သူ စကားစသည်နှင့် မအေဖြစ်သူကပါ ပါလာ၏။

"နင့်အဖေ မရှိကတည်းက ငါတို့သားအမိက နင့်ကို ကိုယ့်သမီးအရင်းလေးတစ်ယောက်လို .. ကိုယ့် ညီမလေး တစ်ယောက်လို ကျွေးမွေးစောင့်ရှောက်လာခဲ့တာ နင် အသိပဲ"

ပိုးအိတစ်ယောက် သားအမိနှစ်ယောက်၏ စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြားပြီး ရင်ထဲမှာ အတော် ခါးသီးသွားမိသည်။

မင်္ဂလာရုံ ကျေး၊ ကျွန်တစ်ယောက်လိုထားပြီး ရှိုရှိုသမျှ ပစ္စည်းတွေ ထိုင်ဖြုန်းနေတဲ့ သားအမိကများ အသံကောင်းဟစ်နေလိုက်ကြတာ ..။

"ငါ ရှင်းရှင်းပဲ ပြောမယ် မိုးအိ .. အခု ငါတို့ ငွေလိုနေတယ် .."

"အဲဒါ ကျွန်မက ဘာလုပ်ပေးနိုင်မှာမို့လို့လဲ .."

"လုပ်ပေးနိုင်လို့ ငါပြောနေတာပေါ့ဟ .. နှင့်အကောင်က တစ်ဦးတည်းသော သူဌေးသားလေ .. နှင့်အနေနဲ့ သိန်း (၂၀၀) လောက် ခဏလှည့်ဖို့ ပြောမယ်ဆိုရင် .."

သက်ဟိန်းစကား မဆုံးခင်မှာပင် သူမဘက်က ခါးခါးသီးသီး ငြင်းဆန်ပစ်လိုက်၏။

"တော်တော့ ကိုသက်ဟိန်း .. ဒီစကားကို ဒီမှာတင် ရပ်လိုက်ပါ .. ကျွန်မကို ဘယ်လိုမိန်းမစားမျိုး ထင်နေလဲ .. ကျွန်မနဲ့ ကိုမင်းနေက ချစ်သူတွေဆိုတာ မှန်ပေမဲ့ ဘာမှ မပတ်သက်ဘူး"

"အခု မပတ်သက်သေးပေမဲ့ နောက်ပတ်သက်လာဦးမှာပဲ မိုးအိရယ် .."

ဒေါ်ခင်မိမိကပါ သူမကို ဖိအားတွေ ထပ်ပေးလာ၏။ သူမ လက်မခံဘဲ အမျိုးမျိုး ငြင်းဆန်ပစ်ခဲ့သည်။

အဆုံးမှာတော့ ကိုသက်ဟိန်းက ဖွတ် .. အကျင့်ကိုင်တော့၏။

"ဒီမယ် .. မိုးအိ .. နှင်လည်း ငါ့အကြောင်း ကောင်းကောင်းသိပါတယ် .. အခု ငါ့လူတွေနဲ့ နှင့်အကောင် သွားတတ်တဲ့ နေရာတွေကအစ .. နှင်နဲ့ ချိန်းတွေ့တတ်တဲ့ နေရာတွေအဆုံး .. ကုန်ကုန်ပြောမယ်ကွာ .. အဲဒီကောင် ကိုယ်နဲ့မကွာ ယူသွားတတ်တဲ့ စိန်လည်ဆွဲအကြောင်းပါ ငါ အားလုံးသိပြီးပြီ .."

သူမ အတော် မျက်လုံးပြူးသွားမိသည်။

"ကိုသက်ဟိန်း ရှင် မောင့်ကို ဘာဒုက္ခပေးမလို့လဲ .."

"ဟားဟား .. ဟား ဒီလိုတော့လည်း မင်းက သဘောပေါက်လွယ်သားပဲ .."

"ရှင်တို့တွေ ကျွန်မကို ဒီထက်ပိုပြီး ဘာဒုက္ခမှ မပေးကြပါနဲ့တော့ရှင် .. ကျွန်မ တောင်းပန်ပါတယ် .."

"ငါတို့ ဒုက္ခမပေးချင်လို့ မင်းကို အကူအညီတောင်းနေတာ .. မင်း နည်းလမ်း (၂) ခုထဲက တစ်ခုကိုရွေး .. ပိုက်ဆံချေးပေးမလား .. ဒါမှမဟုတ် .. အဲ့ဒီ စိန်လည်ဆွဲကို မင်းနည်းမင်းဟန်နဲ့ ယူပေးမလား ဒါပဲပြော .. မင်းကို (၃) ရက်တိတိ အချိန်ပေးမယ် .. မင်း ဘယ်နည်းလမ်းမှ လုပ်မပေးဘူးဆိုရင်တော့ ဒီမှာတွေ့လား .."

သက်ဟိန်းက သူမကို ဘောင်းဘီထဲမှာ ဓားမြှောင်တစ်ချောင်းကို ထုတ်ပြပြီး ..

"နှင့်အကောင်ရဲ့ နာရေးသတင်းကို သတင်းစာထဲမှာသာ စောင့်ဖတ်လိုက်တော့ .. သက်ဟိန်းဆိုတဲ့ကောင်က ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာတော့ မမေ့လိုက်နဲ့ .."

www.burmeseclassic.com



ဟု ပြောပြီး ထွက်သွားသည်။

ဒေါ်ခင်မိမိကလည်း သားဖြစ်သူပြောစကားတွေ၊ လုပ်ရပ်တွေကို ဝင်တားဖို့ နေနေသာသာ သဘောကျ၍ပင် နေပုံရသည်။

သူမမှာသာ ဘာလုပ်ရမည်မသိ ဖြစ်ကာ မျက်ရည်ကိုသာ အဖော်ပြုနေရ၏။

"ငါ . . ဘာလုပ်ရမလဲ . . မျက်နှာပြောင်တိုက်ပြီး မောင့်ဆီကို ပိုက်ဆံတောင်းရမလား။ ဟင့်အင်း . . ငါ အဲလို မလုပ်နိုင်ဘူး . . မောင့်အတွင်းအိတ်ကပ်ထဲက စိန်လည်ဆွဲကို ခိုးပြီး မောင်နဲ့ တစ်သက်လုံး ငါ အဝေးခံလိုက်ရမလား . .။ ငါ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ် . . မဟုတ်ရင် . . ငါ့အတွက်နဲ့ မောင့်အသက် ဆုံးရှုံးရလိမ့်မယ် . . ငါ ဘာလုပ်ရမလဲ . ."

အဆုံးမှာတော့ ဆုံးဖြတ်ချက်တစ်ခုကို သူမ ချလိုက်မိသည်။ မောင် သိပ်ကြိုက်တတ်သည့် လိမ္မော်အအေးပုလင်း . . .။ မေ့ဆေး တချို့ . . .။

"ပိုးအိကို ခွင့်လွှတ်ပါ မောင် . . ခွင့်လွှတ်ပေးပါ . ."

■



(X)

"ပိုးအိ . . မောင့်စိန်လည်ဆွဲကို ကိုသက်ဟိန်းကို ပေးမယ့် စဲစဲမှာ . . ဒီလည်ဆွဲဟာ မောင်အရမ်းတန်ဖိုးထားတဲ့ ဘိုးဘွားပိုင် အမွေအနှစ်ပစ္စည်းဆိုတာကို သတိရပြီး ဒီလူယုတ်မာရဲ့ လက်ထဲကို မပေးချင်တော့ဘဲ ပိုးအိ ပြန်ထွက်ပြေးခဲ့တာပါ . . နောက်က ကိုသက်ဟိန်းတို့ ကားကလည်း အတင်း လိုက်လာတယ် . . အဲဒီမှာ ပိုးအိ ကားအက်စီးဒင့်နဲ့ ဆုံးသွားခဲ့ရတယ် . . လည်ဆွဲကိုတော့ ကိုသက်ဟိန်း ပိုးအိဆီက ရှာယူပြီး ထွက်သွားကြတယ် . . ဒါတွေကို မောင်သိအောင် ရှင်းပြချင်လို့ ဝိညာဉ်ဘဝနဲ့ မောင့်အနားကို ရောက်နေခဲ့တာပါ မောင်ရယ် . . ဒေါ်ခင်မိမိနဲ့ ကိုသက်ဟိန်းတို့က ဒီလည်ဆွဲကို မိုးကုတ်က ဦးနေဇာနည်ဆိုတဲ့ သူဌေးတစ်ယောက်ဆီမှာ ရောင်းပြီး နယ်စပ်ကို ထွက်သွားကြတယ် . ."

www.burmeseclassic.com



ကသစ်ဖြူက မင်းနေအခန်းထဲမှာ ပြောပြရင်း မျက်ရည်တွေ စီးကျနေ၏။ မင်းနေကလည်း ကသစ်ဖြူပြောသမျှ သူလုံးဝမသိခဲ့ရသည့် အကြောင်းအရာတွေကို နားထောင်ပြီး ပိုးအိကို ပြောခဲ့ဆိုခဲ့တာတွေ အတွက် နောင်တရနေမိသည်။

''ဒါ . . ဒါဆို . . မောင် . . မောင် မှားခဲ့တာပေါ့ . . ဟာ . .''

''ဟင့်အင်း . . မမှားပါဘူး . . မောင်မမှားပါဘူး မောင်ရယ် . . ပိုးအိကို ချစ်လွန်းလို့ ဒီလိုနာကျည်းနေတယ်ဆိုတာကို ပိုးအိ နားလည်ပါတယ် မောင်ရယ် . .''

''ပိုးအိရယ် . .''

မင်းနေက သူ့ရှေ့မှာ တသိမ့်သိမ့်ရှိုက်ငိုနေသော ကသစ်ဖြူကို ယုယကြင်နာစွာ ဖက်ထားလိုက်၏။

ကသစ်ဖြူက ရင်ခွင်ထဲမှနေ၍ . .

''မောင် . . မျက်လုံးလေး ပိတ်ထားပေးနော် . .''

''အင်း . .''

''မောင် . . အခု ဘာမြင်နေလဲဟင် . .''

''မောင် . . ဘာမှ မမြင်ရတော့ဘူး . . အရာအားလုံး မည်းမှောင်နေတာပဲ ပိုးအိရယ် . .''

မျက်ရည်တွေကြားမှ ကသစ်ဖြူက ပြုံးလိုက်ပြီး . .

''အဲဒါ . . အနားမှာ မောင်မရှိတဲ့ ပိုးအိရဲ့ ဘဝပေါ့ မောင်ရယ် . .''

''ပိုးအိရယ် . . အခု . . မောင်လည်း ပိုးအိနဲ့ အတူတူပါပဲ ကွာ . . ပိုးအိမရှိတော့တဲ့ မောင့်ဘဝဟာ အခုတော့





ပိန်းပိတ်အောင် မှောင်နေတဲ့ တောနက်ကြီးနဲ့ ဘာမှ မထူးတော့ပါ ဘူးလေ . .''

ကသစ်ဖြူက မင်းနေရင်ခွင်ထဲက ခွာလိုက်ပြီး . .

''ဟင့်အင်း . . မဟုတ်သေးဘူး . . မောင့်ကို အလင်းပေးမယ့် လမင်းလေးတစ်စင်း မကြာခင် မောင့်ရှေ့ကို ရောက်လာတော့ မှာပါ . . မောင်ရယ် . . ပိုးအိ နှုတ်ဆက်ခဲ့ပါတယ် . . မောင်''

ပြောပြောဆိုဆိုဖြင့် ကသစ်ဖြူခန္ဓာကိုယ်ထဲမှ ပိုးအိဝိညာဉ် သည် ထွက်ခွာသွား၏။ ကသစ်ဖြူတစ်ယောက် အသိစိတ်ဝင်ချိန်တွင် မူးမိုက်သွားကာ လဲကျမလို ဖြစ်သွားသည့်ကြောင့် မင်းနေက ဆွဲဖက် ထိန်းထားလိုက်ရ၏။

ကသစ်ဖြူက မင်းနေရင်ခွင်ထဲ ရောက်နေတာ သိ၍ ရှက်ရွံ့တွန့် လိုက်ပြီး . .

''ရှင် . . ဒါ ဘာလုပ်တာလဲ လွှတ်ပါ . . ကျွန်မ ကိုမင်းနေကို ပြောစရာတွေ ရှိတယ် . . ပိုးအိက ကိုမင်းနေထင်သလို မျိုး မဟုတ်ဘူး . . သူက ကိုမင်းနေ အသက်အန္တရာယ်ကြုံရမှာ ဆိုးလို့ . .''

''မပြောပါနဲ့တော့ ကသစ်ရယ် . . ကိုယ်အားလုံးသိပြီးသွားပါ ပြီ''

''ရှင် . .''

သို့မှ ပိုးအိ သူမအိမ်ရောက်လာပြီး အတိတ်ကအဖြစ်အပျက် တွေ ပြောပြကာ သူမခန္ဓာကိုယ်ကို ငှားခွင့်တောင်းတာကို သတိရမိသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးအိ ‥ ကိုယ့်ကို အားလုံးရှင်းပြသွားပြီ ‥ ကသစ်"

"ဪ ‥ တကယ်တော့ ပိုးအိက ကိုမင်းနေဆီက ခွင့်လွှတ်မှုကို လိုအပ်နေတာပါ ‥ အခု အားလုံးကိုလည်း ကိုမင်းနေ သိပြီးပြီဆိုတော့ ပိုးအိကို ခွင့်လွှတ်ပေးလိုက်ပါ ကိုမင်းနေ ရယ် ‥"

သူမက ပြောရင်း အခန်းကို ဝေ့ကြည့်မိတော့ ပိုးအိငိုနေတာကို တွေ့လိုက်ရ၍ ‥

"ကိုမင်းနေ ‥ ဒီမှာ ပိုးအိရှိနေသေးတယ် ‥ သူ့ကို ခွင့်လွှတ်တယ်လို့ ပြောလိုက်ပါနော် ‥"

ပိုးအိက ကသစ်ဖြူကို ကျေးဇူးတင်စွာ ငေးကြည့်နေ၏။ မင်းနေက အခန်းတစ်နေရာကို ငေးကြည့်ပြီး ‥

"ခွင့်လွှတ်ပါတယ် ပိုးအိရယ် ‥ အားလုံးကို ခွင့်လွှတ်ပေးပါတယ်ကွာ ‥" ဟု ပြောလိုက်၏။

ပိုးအိက မင်းနေ၏ခွင့်လွှတ်မှုကို ရယူကာ ပြုံးနေ၏။ သူမကိုလည်း ပြုံးပြကာ လက်ပြနှုတ်ဆက်နေ၏။

အဆုံးမှာတော့ ပိုးအိဝိညာဉ်လေးက မြူမှုန်စတွေလို ဝေဝါး ပျောက်ကွယ်သွားလေတော့၏။

"သူ ‥ မရှိတော့ဘူး ‥ သူ ဝိညာဉ်ဘဝကနေ ဘဝတစ်ခု စတင်ခွင့်ရသွားပြီ ထင်တယ် ‥ သေသွားသူတစ်ယောက်ရဲ့ အလိုဆန္ဒကို ဖြည့်ဆည်း အကူအညီပေးလိုက်ရတာဟာ ဘယ်လောက် ကြည်နူးစရာကောင်းသလဲဆိုတာ ကိုမင်းနေ ခုတော့ နားလည်သွားပြီ မဟုတ်လား ‥"





"ဟုတ်တယ် ‥ ကိုယ် လက်ခံနားလည်သွားပြီ ကသစ် ‥ ပြီးတော့ သာမန်လူတွေ မမြင်မတွေ့ရတဲ့ အခြားတစ်ဖက်မှာ ဒီလိုဘဝတွေ အများကြီး ရှိနေတယ်ဆိုတာကိုလည်း ကိုယ် ယုံကြည်သွားပြီ ‥ ပြီးတော့ ‥"

"ပြီးတော့ ဘာဖြစ်လဲ ကိုမင်းနေ ‥"

မင်းနေက မဖြေသေးဘဲ ‥ ကသစ်ဖြူမျက်နှာလေးကို ငေး ကြည့်နေ၏။ ပြီးမှ ‥

"ကသစ် ခန္ဓာထဲမှာ ပိုးအိရှိနေတုန်းက ပြောသွားတဲ့ စကား တစ်ခွန်းရှိသေးတယ် ‥ ဒါဟာလည်း ပိုးအိဖြစ်စေချင်တဲ့ ဆန္ဒ လည်း ပါပါတယ် ‥"

"ဟုတ်လား ‥ သူဘာပြောသေးလဲ ‥ ပိုးအိက ဘာဖြစ်ချင် သေးလို့လဲဟင် ‥"

မင်းနေက ညစ်ကျယ်ကျယ်တစ်ချက် ခိုးပြုံးလိုက်သေးသည်။ ပြီးမှ ‥

"ပိုးအိက ပြောသွားတယ် ‥"

"အင်း ‥"

"သူ အခြားတစ်ဖက်မှာ ဘဝတစ်ခုကို စတင်တော့မယ်တဲ့"

"အင်း ‥"

"ကိုယ့်ကိုလည်း သာယာကောင်းမွန်တဲ့ ဘဝတစ်ခုကို စတင် ပါတော့တဲ့ ‥"

"အင်း ‥"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ ခန္ဓာငှားခင်ထားတဲ့ ကာသစ်ဖြူဆိုတဲ့ ကောင်မလေး က ကိုမင်းနေဆိုတဲ့ လူကို တိတ်တိတ်လေး ကြိတ်ချစ်နေတာတဲ့ ‥ သူနဲ့ဆိုရင် ပိုးအိက စိတ်ချလက်ချနဲ့ သဘောတူကြည်ဖြူပါတယ်တဲ့ ‥ ဒါကြောင့် ပိုးအိဆန္ဒကို ဖြည့်ဆည်းပေးရာရောက်အောင် ကာသစ်ဖြူ ‥"

"အဲ ‥ ပိုးအိဆိုတဲ့ ဝိညာဉ်မလေးကတော့ လုပ်ပြီကွာ ‥"

မင်းနေစကားတွေကို သေချာနားထောင်ပြီး သူမ ရင်တွေ ဆောင့်ခုန်သွားပြီး 'အဲ ‥'ဟုပင် အော်လိုက်မိသည်။

"ပိုးအိဆန္ဒကို ကူညီပေးမယ်မို့လားဟင် ‥"

"အဟွန်း လူလည်ကြီး ‥ တော်တော်တတ်နိုင်တဲ့ လူကြီးပဲ"

သူမက မျက်စောင်းကလေးထိုးကာ ပြောတော့ မင်းနေက ‥

"သေဆုံးပြီးသွားသူရဲ့ ဆန္ဒကို ဖြည့်ဆီးပေးရတာ ကြည်နူးဖို့ကောင်းပါတယ် ‥ ကာသစ် ကိုယ့်ကို ကူညီမယ်မို့လား"

"အား ‥ တော်တော် စကားတတ်နေပါလား ဦးမင်းနေ ‥ လူကို ဘာတွေလာပြောနေတာလဲ ‥ မသိဘူးကွာ ‥ သွား"

ရှက်စိတ် ‥ အပျော်စိတ်တွေက လူတစ်ယောက်ကို ခေါင်းငုံ့သွားစေပါသလား။ သူမ မသိပါ ‥ သေချာသည်ကတော့ သူမ မင်းနေကို မျက်နှာချင်းဆိုင် မကြည့်ရဲတော့ ‥

"ဖြေပါဦး ကာသစ်ရယ် ‥ ကိုယ်နဲ့အတူ ဘဝအသစ်ကို စတင်ပေးပါနော် ‥"

"နှလုံးသားမရှိ ‥ အချစ်မရှိတဲ့ လူတစ်ယောက်ရဲ့စကားကို ကာသစ် ဘယ့်လို ယုံပေးရမလဲ ဟင် ‥"





သူမ စကားအဆုံးမှာ မင်းနေက ကာသစ်ခါးလေးကို ဆွဲ၍ ခွဲဖက်လိုက်၏။

"ဘယ်သူပြောလဲ ‥ ကိုယ့်မှာ နှလုံးသားမရှိဘူး ‥ အချစ်မရှိဘူးလို့ ‥"

"လွှတ်ကွာ ‥ ဘယ်သူက ချစ်တယ်ပြောပြီး ဘယ်သူက ချစ်တယ် ဖြေရသေးလို့ လူကို ပိုင်စိုးပိုင်နင်း လုပ်နေတာလဲ"

သူမက အတင်း ရုန်းထွက်နေ၏။ မင်းနေကလည်း မလွှတ်။

"တချို့ ထူးဆန်းတဲ့ အချစ်တွေက ပါးစပ်က ထုတ်ပြောပြစရာ မလိုလောက်အောင်ကို ပြီးပြည့်စုံနေတတ်တယ်လေ ‥ ဥပမာ ‥ ကိုယ်နဲ့ ကာသစ်တို့လိုပေါ့ ‥"

"သွားပါ ‥ ဒါမျိုးဆို သိပ်တတ် ‥ လူလည်ကြီး"

မင်းနေက သူမကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။ ဒီအခါမှာတော့ သူမ မရုန်းဖယ်တော့ဘဲ အလိုက်သင့် ပြန်ဖက်ထားလိုက်၏။

သူတို့နှစ်ယောက်ကို ကြည့်ပြီး အခန်းထဲကို ဝင်မလာဘဲ ပြုံးရွှင်စွာ ငေးကြည့်နေသော လူတစ်ယောက် ရှိနေပါသေးသည်။

လူယုံကြီးဦးအေးချမ်းပင် ဖြစ်သည်။ ဦးအေးချမ်းက ကာသစ် ‥ မင်းနေနှင့် ထိလိုက်ရင် ဝိညာဉ်တွေ ပျောက်သွားရသည့်အကြောင်း အရင်းအမြစ်ကို သိခဲ့၍ လာပြောခြင်းဖြစ်သည်။

သို့သော် ‥ လက်ရှိအနေအထားလေး ပျက်ပြယ်သွားမည်ကို စိုးရိမ်ပါသောကြောင့် ဦးအေးချမ်းတစ်ယောက် မင်းနေဝတ်ဆင်ထားသော နဝရတ်ကိုသွယ်လက်စွပ်ဟာ ‥ ရိုးရိုးလက်စွပ်မဟုတ်ဘဲ သိဒ္ဓိဝင်



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ဖြစ်နေသောကြောင့် ဗိညာဉ်တွေ၊ ပရလောကသားတွေ မကပ်နိုင်တာဖြစ်ကြောင်း။ မင်းနေ ကိုယ်ခန္ဓာကို ထိရှမဟုတ်ဘဲ ကသစ်က လက်စွပ်ဆောင်ထားသည့် မင်းနေကို ထိမိရှိသာ မြင်နေရသော ဗိညာဉ်တွေ ပျောက်ကွယ်သွားတာဖြစ်ကြောင်းကို နောင် အခွင့်သင့်မှ နှစ်ယောက်စလုံးကို ပြောပြတော့မည်ဟု ဆုံးဖြတ်ကာ လှည့်ပြန်ထွက်ခဲ့လေတော့သည်။

အခန်းလေးထဲမှာတော့ ...

အသစ်စက်စက် ချစ်သူနှစ်ဦး၏ .... ရယ်မောကြည်နူးသံတွေ ......။

■





(Y)

ယေဘုယျအားဖြင့်
လူတစ်ယောက်မှာ ပတ်ဝန်းကျင် နှစ်မျိုးရှိတယ် ...

မြင်တွေ့ ထိတွေ့ခွင့်ရတဲ့ ပတ်ဝန်းကျင်ရယ် ..
မြင်တွေ့ ထိတွေ့ခွင့်မရတဲ့ ပတ်ဝန်းကျင်ရယ်ဆိုပြီးတော့ပေါ့။

ကျွန်တော့်အနေနဲ့ မြင်တွေ့ ထိတွေ့ခွင့်မရတဲ့ ပတ်ဝန်းကျင်ကို ရိုးရိုးလေးပဲ နာမည်ပေးထားလိုက်တယ် ...

**"OTHER SIDE"**

**အခြားတစ်ဖက်ခြမ်း**

■



www.burmeseclassic.com

www.burmeseclassic.com



(Z)

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ

နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက် ..

အဆင်သင့် ဖြစ်နေစမြဲပါပဲ ...။

*လေးစားကြိုးစားလျက်မှ ..,*

*မင်းတာခေတ်*

*(29.10.2014)(11:30:00 pm)*



**Ph** - *09401667545*

**Facebook** - *မင်းတာခေတ်*

**Page** - *မင်းတာခေတ် ဝေဖန်ရေးနှင့် သူ၏ ပရိသတ်များ တွေ့ဆုံဆွေးနွေးရာ ..*







**လူငယ်စာရေးဆရာ 'မင်းတာခေတ်' ရေးသားထုတ်ဝေပြီးသော စာအုပ်များ**

| | |
|---|---|
| (၁) TATTOO (တက်တူး) | (ဒါရိုက်တာ ကြည်ဖြူသျှင် ကောင်းပြည့်၊ ချစ်သုဝေ) |
| (၂) TAROT (တားရော့) | (ဒါရိုက်တာ ပြည့်ဟိန်းသီ... မြင့်မြတ်၊ မိုးယောကို) |
| (၃) VAMPIRE (ဗန်ပိုင်ယာ) | (ဒါရိုက်တာ ပိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေး) |
| (၄) ROBOT (ရိုဘော့တ်) | |
| (၅) PROFESSIONAL (ပရော်ဖက်ရှင်နယ်) | (ဒါရိုက်တာ ကြည်ဖြူသျှင် ကောင်းပြည့်၊ ပိုင်းစုနိုင်သိန်း...) |
| (၆) LOVE STORY (လပ်ဗ်စတိုရီ) | |
| (၇) THREE MINUTES (သရီးမိနစ်) | (ဒါရိုက်တာ ကြည်ဖြူသျှင် ကောင်းပြည့်၊ ချစ်သုဝေ) |



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| (၈) 999 (နိုင်းနိုင်းနိုင်း) | (ဒါရိုက်တာကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ခင်ဝင့်ဝါ) |
| (၉) MIND (မိုင်းဒ်) | (ဒါရိုက်တာကိုဇော် (အာရုဏ်ဦး)၊ နေမင်း၊ သက်မွန်မြင့်) |
| (၁၀) MASTER BRAIN (မာစတာဘရိန်း) | (ဒါရိုက်တာ ကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ဝတ်မှုန်ရွှေရည်) |
| (၁၁) ANGEL STORY (အိန်ဂျယ်စတိုရီ) | (ဒါရိုက်တာ ကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ခင်ဝင့်ဝါ) |
| (၁၂) EXIT (အိပ်ဇစ်) | (ဒါရိုက်တာ ကြည်ဖြူသျှင်မှ ဝယ်ယူထားပြီး) |
| **ယခုလ...** | |
| (၁၃) Other Side (အားသားဆိုဒ်) | (ဒါရိုက်တာ နေပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဝတ်မှုန်ရွှေရည်) |
| **နောက်လတွင်...** | |
| (၁၄) .............? | |



www.burmeseclassic.com